# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၇၉ ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 14 March 2018 ၉၂၂၈


## ဆိပ်ဖြူမြို့နယ်အတွင်း ကျေးရွာ ၁၄ ရွာ လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရန် စီစဉ်ထား

စာမျက်နှာ » ၅

## အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

စာမျက်နှာ » ၅

## ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်း

စာမျက်နှာ » ၉

## တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီးအား
# နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၁၃**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက် ဟာနစ်ဖ်ဘင် အဗ္ဗဒူလာရာမန်အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်လတ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# လက်ရှိအစိုးရက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီအခြေခံအုတ်မြစ်များတွင် တိုးတက်မှုများစွာ ဆောင်ရွက်ခဲ့ ဒီမိုကရေစီလုပ်ငန်းစဉ်နှင့် လူ့အခွင့်အရေး တိုးတက်မြှင့်တင်ကာကွယ်ရေး နိုင်ငံတကာက အပြုသဘော ပံ့ပိုးကူညီ

## (၃၇)ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ၏ ပုံမှန်အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ ခေါင်းစဉ်ဖြင့် ပြုလုပ်ခဲ့သည့် အပြန်အလှန်ဆွေးနွေးမှုတွင် ဂျီနီဗာမြို့ မြန်မာ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးက မိန့်ခွန်းတစ်ရပ်တုံ့ပြန်ပြောကြား

**နေပြည်တော် မတ် ၁၃**

ဂျီနီဗာမြို့ ကုလသမဂ္ဂအဆောက်အအုံတွင် ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၂၃ ရက်အထိ ကျင်းပပြုလုပ်လျက်ရှိသည့် (၃၇) ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ၏ ပုံမှန်အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ခေါင်းစဉ်ဖြင့် အပြန်အလှန် ဆွေးနွေးမှုတစ်ရပ်ကို မတ် ၁၂ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ အပြန်အလှန်ဆွေးနွေးမှုတွင် ဦးစွာ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီက ၎င်း၏ အစီရင်ခံစာတင်သွင်းပြီး မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သည့် နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့က နှုတ်ဖြင့်အစီရင်ခံစာတင်သွင်းခဲ့သည်။

ထို့နောက် မြန်မာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး ဦးထင်လင်းက မိန့်ခွန်းတစ်ရပ် တုံ့ပြန်ပြောကြားခဲ့သည်။ ယင်းသို့ပြောကြားရာတွင် အမြဲတမ်းကိုယ်စားလှယ်က လက်ရှိ ဒီမိုကရက်တစ်အစိုးရ တာဝန်ယူသည့် နှစ်နှစ်တာကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီအခြေခံအုတ်မြစ်များတွင် တိုးတက်မှုများစွာကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ရေရှည်တည်တံ့သည့် အဖြေတစ်ရပ်ပေါ်ထွက်ရန် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည်ဖော်ခြင်းသည်လည်း တိုးတက်မှုများ ရရှိနေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖




KAN THAR YAR
INTERNATIONAL SPECIALIST HOSPITAL
CARDIOLOGIST And UROLOGIST
" ကျန်းမာရေးအတွက် အဖြေရှာ...အကောင်းဆုံးဆေးရုံ ကန်သာယာ "
နှလုံးရောဂါအထူးကုများ(Cardiac Specialists )
• နှလုံးသွေးကြောရောဂါအထူးကုများ(Cardiac Physicians)
• နှလုံးခွဲစိတ်အထူးကုများ(Cardiac Surgeons)
• နှလုံးလျှပ်စီးပတ်လမ်းဆိုင်ရာ အထူးကုများ(EP Cardiac Physicians)
• ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းဆိုင်ရာအထူးကုများ(Uro Physicians)
• ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းဆိုင်ရာခွဲစိတ်ဆရာဝန်များ(Uro Surgeons)
နှလုံးနှင့်ကျောက်ကပ်အထူးကုဆေးရုံကြီး
No. (87), 6½ Mile, Pyay Road, Hlaing Township, Yangon.
Hot Line: +95-1-505284, Fax : +95-1-505290
Email: info@ktyhospital.com www.ktyhospital.com

## ကြေးမုံ

# ရိုးသားကြိုးစား ဇွဲလုံ့လဖြင့် အောင်ပန်းဝင်

၂၀၁၇-၂၀၁၈ အခြေခံပညာ၏နောက်ဆုံးဂိတ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ်လ ၇ ရက်နေ့မှ စတင်၍ ကျင်းပနေပြီဖြစ်ရာ မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာနများအပြင် နိုင်ငံခြားစာစစ်ဌာနများတွင်ပါ ကျောင်းသား ကျောင်းသူများ စာမေးပွဲဝင်နေကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများ၏ အတန်းတင်စာမေးပွဲများတွင် တက္ကသိုလ်ဝင် (ယခင်အခေါ် ဒသမတန်း သို့မဟုတ် ၁၀ တန်း)စာမေးပွဲသည် အထူးခြားဆုံး၊ အရေးအကြီးဆုံး စာမေးပွဲတစ်ခုဖြစ်သည်။

အခြေခံပညာအဆင့် အဆုံးသတ်စာမေးပွဲဖြစ်သလို အဆင့်မြင့် တက္ကသိုလ်ပညာကို ဆက်လက်တက်လှမ်းနိုင်ရေး စစ်ဆေးသော စာမေးပွဲဖြစ်သည့်အပြင် ပညာသင်ကြားခြင်းမှ အလုပ်ခွင်သို့ ဝင်ရောက်ခွင့်ရနိုင်သော စာမေးပွဲဖြစ်၍ ကျောင်းသား ကျောင်းသူများအတွက် အရေးအကြီးဆုံး၊ စိတ်လှုပ်ရှားမှုအကောင်းဆုံး စာမေးပွဲကြီးဖြစ်သည်။ တစ်နည်းဆိုလျှင် ဒသမတန်းအဆင့် ကျောင်းသား ကျောင်းသူတစ်ဦးအား ဘဝတစ်ဆစ်ချိုး ပြောင်းလဲနိုင်သော စာမေးပွဲလည်း ဖြစ်သည်။

ရှေးအခါက ဒသမတန်းအဆင့် စာမေးပွဲအောင်မြင်ရန်မှာ လွန်စွာခက်ခဲလှပြီး ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးစလုံး ပေါင်းစုံနိုင်မှ အောင်မြင်တတ်သည့် စာမေးပွဲဟုပင် ပြောရမလိုဖြစ်သည်။ တစ်ရာတွင် တစ်ယောက်၊ တစ်ရပ်တွင် တစ်ဦးခန့်သာ အောင်မြင်တတ်သည့် အောင်ချက်ရာခိုင်နှုန်း အလွန်နည်းသည့် စာမေးပွဲလည်း ဖြစ်ခဲ့သည်။ ထိုအချိန်က အောင်ချက်ရာခိုင်နှုန်း ခုဂဏန်းမျှသာရှိခဲ့ရာမှ ဆယ်စုနှစ် ငါးခုဝန်းကျင်ခန့်တွင် အောင်ချက်ရာခိုင်နှုန်း ဆယ်ဂဏန်းကျော်မျှဖြင့် ရပ်တည်ခဲ့သည်။

ထိုသို့ရပ်တည်ခဲ့သည်မှာလည်း စာမေးပွဲမေးခွန်းမှာ ခက်ခဲနက်နဲသည့်အပြင် ပေါက်ကြားခြင်း၊ ကူးယူခြင်း၊ ခိုးချခြင်းတို့ လုံးဝမပြုလုပ်နိုင်သည့် အလွန်အရေးပါသော စာမေးပွဲဖြစ်သည်။ ထိုသို့ အရေးကြီးသော စာမေးပွဲကို အောင်မြင်အောင်ဖြေဆိုမည်ဟု ဆုံးဖြတ်ပြီး ဝင်ရောက်ဖြေဆိုကြရာ ဖြေဆိုမှုပျက်ကွက်သူ၊ စာမေးပွဲခန်းမှ တစ်ဝက်တစ်ပျက်နှင့် ထွက်ခွာသူ အလွန်နည်းပါးလှသည်။

နောက်ပိုင်းကာလများတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူများ အနက် ပျက်ကွက်သူအချို့ရှိခဲ့သော်လည်း ယခုပညာသင်နှစ်တွင်မူ ယခင်နှစ်များနှင့်မတူ ပျက်ကွက်ပိုမိုများသည်ကို တွေ့ရသည်။ စာစစ်ဌာနပေါင်း ၁၇၄၂ ခု ဖွင့်လှစ်ပေးထားခဲ့ပြီး စာမေးပွဲဖြေဆိုခွင့်လျှောက်ထားခဲ့သူ ၈၄၄၃၅၈ ဦး ရှိသည့်အနက် ဖြေဆိုသူ ၇၈၈၈၅၉ ဦးရှိသဖြင့် ၅၅၄၉၉ ဦးမှာ စာမေးပွဲခန်းသို့ ရောက်လာခြင်းမရှိဘဲ ဖြေဆိုရန် ပျက်ကွက်ခဲ့သည်။ စာမေးပွဲ ပထမနေ့ မြန်မာစာဖြေဆိုသည့်ရက်တွင် ကျောင်းသားအများစု ကောင်းမွန်စွာဖြေဆိုနိုင်ကြသည်။

သို့သော် ဒုတိယနေ့ အင်္ဂလိပ်ဘာသာဖြေဆိုသောရက်တွင် စာမေးပွဲကို ဆက်လက်မဖြေဆိုတော့သည့် ကျောင်းသား ကျောင်းသူအချို့ ရှိလာခဲ့သည်။ စာမေးပွဲမေးခွန်းမှာ ခက်ခဲ၍လော၊ ဖြေဆိုနိုင်သည့် အရည်အချင်း မပြည့်မီ၍လော စသည်တို့ကြောင့် ပျက်ကွက်မှုအချို့ ရှိခဲ့သည်။ အင်္ဂလိပ်စာနှင့် သင်္ချာမေးခွန်းများ စာမေးပွဲဖြေဆိုမှု မပြီးစီးမီ လူမှုကွန်ရက်ပေါ်သို့ ရောက်လာသည်ဟုလည်း ဆိုကြသည်။ သက်ဆိုင်ရာတို့ကမူ စာမေးပွဲမေးခွန်းများ၊ ဖြေဆိုမှုများနှင့်ပတ်သက်၍ လုံခြုံမှုနှင့် စည်းကမ်းထိန်းသိမ်းမှုတို့ကို စနစ်တကျပြုလုပ်ထားပြီး မသမာမှုမဖြစ်ပေါ်အောင် အလေးထားကြပ်မတ်ထားသည်။

ကျောင်းသား ကျောင်းသူတို့အနေဖြင့် ရိုးသားကြိုးစား ဖြေဆိုကြသူများရှိသလို မရိုးမသား ပြုလုပ်ကြသူတို့လည်း ရှိကောင်းရှိပေလိမ့်မည်။ နည်းပညာခေတ်မီတိုးတက်နေသောကာလတွင် မသမာမှုများကို အလွယ်တကူပြုလုပ်နိုင်သဖြင့် စာမေးပွဲနှင့်ပတ်သက်၍ စည်းကမ်းအထူးကြပ်မတ်ထားမှုများလည်း ရှိသင့်သည်။ ကျောင်းသား ကျောင်းသူများအဖို့ စာမေးပွဲအောင်မြင်ရေးအတွက် တစ်ပွဲတိုး၊ ဖြတ်လမ်းလိုက်၊ မသမာမှုများ မပြုလုပ်သင့်ဘဲ မှန်မှန်ကန်ကန် အောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းအားထုတ်သင့်သည်။

စာမေးပွဲတကာတွင် အလွန်အရေးကြီးသော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ရေးအတွက် ကျန်ရှိသောဘာသာရပ်များကို အစွမ်းကုန်ကြိုးပမ်းအားထုတ်နိုင်ပါရန်နှင့် ရိုးရိုးသားသား ကြိုးကြိုးစားစားဖြင့် မလျှော့သောဇွဲလုံ့လထားကာ ဆက်လက်ကြိုးပမ်း အားထုတ်နိုင်ကြပါစေကြောင်း တိုက်တွန်းအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး OIG အဖွဲ့ခေါင်းဆောင်အား လက်ခံတွေ့ဆုံ



**ရန်ကုန် မတ် ၁၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့နံနက် ၉ နာရီတွင် တာမွေမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဧည့်ရိပ်သာ၌ ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (Global Fund)မှတာဝန်ပေးအပ်ထားသော Office of Inspector General(OIG) မှအဖွဲ့ခေါင်းဆောင်ဖြစ်သူ Mr. Augustine Agyeman-Duah နှင့်အဖွဲ့အား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် INGO များ၊ ဒေသဆိုင်ရာ INGO များ၊ တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်နေမှု၊ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများအတွက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ ပေးသော အထောက်အပံ့များကို အကျိုးရှိ ထိရောက်စွာအသုံးပြုသွားနိုင်ရေးကိစ္စ၊ ၂၀၁၈ ခုနှစ်ကို ကျန်းမာရေး သတင်းအချက်အလက်ဆိုင်ရာနှစ်နှင့် ဘဏ္ဍာငွေများကို ကျိုးကြောင်းလျော်ညီစွာ ခွဲဝေချထားခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကျိုးရှိထိရောက်စွာ သတ်မှတ်ဆောင်ရွက်နေမှု ကိစ္စရပ်များကို ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၁ နာရီက တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာနရုံး၌ ရေကူးအားကစားအဖွဲ့များနှင့် တွေ့ဆုံပွဲကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိပြီး အောင်မြင်မှုရရှိရေးသာမက ရေကူးအားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လိုအပ်သည်များ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်သူ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်အသီးသီးကလည်း အဘက်ဘက်မှ ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်သွားစေရန်နှင့် မိမိတို့ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှလည်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရေးကို အမြန်ဆုံးအကောင်ထည်ဖော် ဆောင်ရွက်သွားစေရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ ရွေးချယ်တင်မြှောက်ရေး အဖွဲ့ခေါင်းဆောင် ဦးအောင်ဒင်က အားကစားအဖွဲ့ချုပ်များ ရွေးချယ်တင်မြှောက်ပုံကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရေကူးဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန် ရေကူးအသင်းဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက မိမိတာဝန်ယူခဲ့စဉ်ကာလအတွင်း ရေကူးအားကစားနည်း အတွေ့အကြုံများကို လည်းကောင်း၊ ရန်ကုန် ဆေးတက္ကသိုလ်(၂) ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ဌေးလှမှ (၁၉)ကြိမ်မြောက် အာဆီယံ တက္ကသိုလ်များ အားကစားပြိုင်ပွဲနှင့် ပတ်သက်၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသူများက ရေကူးအားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထွေထွေဆွေးနွေး အကြံပြုတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရေကူးအားကစားလောက နိုင်ငံတကာအလယ်ပြန်လည်ထွန်းတောက်လာစေရန် အချင်းချင်း ညီညီညွတ်ညွတ်ဖြင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မတ် ၁၃**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၈၅၀၀ | - | ၉၃၈၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၈၅၀၀ | - | ၉၃၈၅၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၉၅/၈၁၅ ကျပ်၊ | ၈၂၀/၈၄၅ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၁၅/၈၃၀ ကျပ်၊ | ၈၈၅/၈၉၅ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၇၀/၇၈၅ ကျပ်၊ | ၈၃၀/၈၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၀/၈၃၅ ကျပ်၊ | ၈၃၅/၈၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၀/၇၅၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၄၅/၇၅၇ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၇၀၀/၇၂၀ ကျပ်

***၆-၃-၂၀၁၈ ရက်နေ့မှ ၁၂-၃-၂၀၁၈ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၇၀၉ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၃၈ ကျပ်၊ ဒီဇယ် တစ်လီတာ ၇၄၀ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၅၁ ကျပ် ဖြစ်ပါသည်။***

*(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၆. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၄၈. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁. ၀၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၇၁၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၂. ၂၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၅၅၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၅၅. ၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၄၆ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၃. ၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၈. ၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ထန်းတပင်မြို့နယ်၌ ကွန်ကရစ်လမ်းဖွင့်

**ထန်းတပင် မတ် ၁၃**

ကျေးရွာတွင်းကွန်ကရစ်လမ်းဖွင့်ပွဲကို မတ် ၈ရက် နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ရေစိုကျေးရွာ၌ ကျင်းပရာ လူထုဗဟိုပြုစီမံကိန်း၊ နည်းပညာအကြံပေး ခေါင်းဆောင် ဦးပီတာထန်ခပ်မုံ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာစီထောက်ဥက္ကဋ္ဌ ဦးအောင်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ ရွာတွင်းကွန်ကရစ်လမ်းကို လူထုဗဟိုပြုစီမံကိန်း (စတုတ္ထနှစ်စက်ဝန်း) စီမံကိန်းထောက်ပံ့ ငွေကျပ် ၉၄၄၄၀၀၀ နှင့် ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၉၈၂၁၅၀၀ တို့ဖြင့် အရှည် ၉၅၃ ပေ၊ အကျယ် ခုနစ်ပေ အမြင့် ခြောက်လက်မထုဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

# တွင်းနက်တူးဖော်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ဘီးလင်း မတ် ၁၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေကျပ် ၁၀ ဒသမ ၈ သန်းဖြင့် သမုဒယကုမ္ပဏီမှ တင်ဒါအောင်မြင်ဆောင်ရွက်ခဲ့သော ရွှေရောင်ပြကျေးရွာအုပ်စု အဝန်းကြီးကျေးရွာ တွင်းနက်တူးဖော်ခြင်းလုပ်ငန်းကို ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းထောစံနှင့်အဖွဲ့က မတ် ဒုတိယပတ်တွင် သွားရောက်ကွင်းဆင်း ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

## တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၁၃**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက်ဟာနဖ်ဘင် အဗ္ဗဒူလာရာမန်အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မလေးရှား-မြန်မာ နှစ်နိုင်ငံ အစိုးရအချင်းချင်း၊ လွှတ်တော် အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



## တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီးအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၃**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက်ဟာနဖ်ဘင် အဗ္ဗဒူလာရာမန်အား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ စီးပွားရေး၊ ခရီးသွားလာရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဒိန်းမတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၃**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E. Mr. Peter Lysholt Hansen အား ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များနှင့် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**





## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၃**

၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စု လွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စု လွှတ်တော်ဒုတိယနာယက ဥပဒေကြမ်း ပူးပေါင်းကော်မတီ နှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး နှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဝင်များ၊ စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ယင်းဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များမှ ၁၂ ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်မှ လုပ်ငန်းရှင်များ၊ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အမြင့်ဆုံး ထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်များ၏ ကိုယ်စားလှယ် ၂၀ နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ချီလီသမ္မတအဖြစ် ပီနဲရား ကျမ်းသစ္စာကျိန်ဆို



**ဗယ်လာပါရီဆို မတ် ၁၃**
စီးပွားရေးလုပ်ငန်းရှင်ဘဝမှ နိုင်ငံရေးသမားဘဝသို့ ကူးပြောင်းလာခဲ့သူ စီဘက်ရှန်ပီနဲရားသည် ချီလီနိုင်ငံ၏သမ္မတအဖြစ် မတ် ၁၁ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုကြောင်း၊ ပီနဲရားသည် သမ္မတရာထူးတွင် ဒုတိယအကြိမ်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ ပီနဲရားသည် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

အမျိုးသားကွန်ဂရက်၌ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားကို အကျဉ်းရုံး ပြုလုပ်ခဲ့သည်။

ကွန်ဆာဗေးတစ်ဝါဒီ ပီနဲရားသည် ကုဋေကြွယ်သူဌေးကြီးတစ်ဦးဖြစ်ပြီး နိုင်ငံတော်၏ ထိုင်းမှိုင်းနေသော စီးပွားရေးကို ပြန်လည် ဦးမော့လာစေရန် ဆောင်ရွက်မည်ဟု ကတိပြု ပြောဆိုသည်။

လက်တင်အမေရိကဒေသ၏ အချမ်းသာဆုံးနိုင်ငံများတွင်ပါဝင်သော ချီလီနိုင်ငံ၌ အလယ်အလတ်တန်းလွှာ လူတန်းစားဦးရေ ကျုံ့လာနေမှုကို ပြန်လည်တိုးတက်စေမည်ဟု ပီနဲရားက ပြောကြားသည်။

အသက် ၆၈ နှစ်ရှိ ပီနဲရားသည် အခွန်အကောက်နှုန်းထားများ ပိုမိုလျှော့ချပေးရန် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုများ မြင့်မားတိုးတက်လာစေရန် လည်းကောင်း ဆောင်ရွက်ပါမည်ဟု ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလအတွင်း ကတိပြုခဲ့သည်။

ပီနဲရားသည် သမ္မတရာထူးတွင် တာဝန်ထမ်းဆောင်နိုင်ရန် ရာထူးမှ နုတ်ထွက်ပေးရမည့်ဆိုရှယ်လစ်သမ္မတ မစ်ခဲ့ဘာချီလက်ထံမှ အာဏာကို လွှဲပြောင်းရယူခဲ့သည်။ **ဆင်ဟွာ**

# အီသီယိုးပီးယားတွင် ဘတ်စ်ကားတစ်စီး ချောက်ထဲကျ၊ ခရီးသည် ၃၈ ဦး သေဆုံးပြီး ၁၀ ဦးဒဏ်ရာရ

**အဒစ္စ အဘာဘာ မတ် ၁၃**
အီသီယိုးပီးယားနိုင်ငံ မြောက်ပိုင်းရှိ အမ်ဟာရာပြည်နယ်တွင် မတ် ၁၁ ရက်က ခရီးသည်တင် ဘတ်စ်ကား တစ်စီး ချောက်ထဲသို့ ထိုးကျခဲ့ရာ ခရီးသည် ၃၈ ဦး သေဆုံးခဲ့ကြောင်း ယင်းပြည်နယ်ဗျူရိုက မတ် ၁၃ ရက်တွင် ပြောကြားသည်။

**၄၈ ဦးလိုက်ပါ**

အမ်ဟာရာပြည်နယ်တောင်ပိုင်း ဖူလိုဇုန်ရှိ လီဂမ်ဘိုခရိုင်တွင် ယင်း မတော်တဆမှု ဖြစ်ပွားခဲ့ကြောင်း၊ ချောက်ထဲကျသွားသည် ဘတ်စ်ကားပေါ်တွင် ခရီးသည် ၄၈ ဦးလိုက်ပါကြောင်း၊ ယင်းဘတ်စ်ကားသည် မီကိန်းမြို့မှ ဒတ်ဆေးမြို့သို့ သွားရောက်စဉ် ခရီးလမ်း၌ ချောက်ထဲကျခြင်းဖြစ်ကြောင်း လီဂမ်ဘိုခရိုင် အုပ်ချုပ်ရေးအဖွဲ့မှ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

**ပို့ဆောင်ပေးခဲ့**

ဘတ်စ်ကားချောက်ထဲကျရာမှ ထိခိုက်ဒဏ်ရာရသူ ၁၀ ဦးကို အနီးဖြစ်ရာ အရပ်အနီးနားရှိ ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ရသည်။

အီသီယိုးပီးယားနိုင်ငံတွင် ၂၀၁၇ ခုနှစ်အတွင်းက မော်တော်ယာဉ်မတော်တဆဖြစ်မှုများကြောင့် လူပေါင်း ၄၅၀၀ သေဆုံးရကြောင်း သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။
**ဆင်ဟွာ**

# ရာသီဥတုပြောင်းလဲမှု ထိန်းညှိရေးလှုပ်ရှားမှုတွင် ဓနသဟာယအဖွဲ့ တက်ကြွစွာ ပါဝင်ရန် တိုက်တွန်း



**ကင်ဘာရာ မတ် ၁၃**
ဓနသဟာယအဖွဲ့မှ အဖွဲ့ဝင်နိုင်ငံများအနက် ရာသီဥတုပြောင်းလဲမှု ထိန်းညှိရေး လှုပ်ရှားမှု အစီအစဉ်တွင် ဦးဆောင်မှုအခန်းမှ ပါဝင်ကြရန် ဩစတြေးလျသိပ္ပံအကယ်ဒမီက တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဓနသဟာယ အဖွဲ့ဝင်နိုင်ငံများမှ သိပ္ပံအကယ်ဒမီများ ပါဝင်သော နိုင်ငံတကာ ညွန့်ပေါင်းအုပ်စုတွင် သိပ္ပံအကယ်ဒမီ ၂၂ ခု ပါဝင်ပြီး ဩစတြေးလျနိုင်ငံက ယင်းညွန့်ပေါင်းအုပ်စုတွင် မတ် ၁၂ ရက်က ပူးပေါင်းပါဝင်လာသည်။

ဗြိတိန်နိုင်ငံ၌ ဧပြီလအတွင်း ဓနသဟာယအဖွဲ့၏အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့များ၏ အစည်းအဝေးကို ကျင်းပရန် ရှိနေစဉ် သိပ္ပံအကယ်ဒမီများ ပါဝင်သော နိုင်ငံတကာ ညွန့်ပေါင်းအုပ်စုက ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ဖန်လုံအိမ်အာနိသင် ထုတ်လွှတ်မှု လျှော့ချရေး လှုပ်ရှားမှု အစီအစဉ်အတွက် ဓနသဟာယအဖွဲ့မှ အစိုးရအဖွဲ့များက ကြိုးပမ်းဆောင် ရွက်ရန် အဆိုပါ ပူးတွဲကြေညာချက်တွင် တိုက်တွန်းဖော်ပြထားသည်။

**ပူးတွဲကြေညာ**

ဩစတြေးလျနိုင်ငံသည် ၂၀၁၅ ခုနှစ် ပါရီသဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးထားသော နိုင်ငံဖြစ်သည့်အားလျော်စွာ ရာသီဥတုပြောင်းလဲမှုထိန်းညှိရေး နိုင်ငံတကာ လှုပ်ရှားမှုတွင် ဩစတြေးလျ သိပ္ပံပညာရှင်များက ဓနသဟာယအဖွဲ့ဝင်နိုင်ငံများမှ သိပ္ပံပညာရှင်များနှင့်အတူ လက်တွဲ၍ တက်ကြွစွာ ပါဝင်လှုပ်ရှားမည်ဖြစ်ကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြသည်။ **ဆင်ဟွာ**

# အာဖဂန်မြောက်ပိုင်း ဂျော်စ်ဂျန်ပြည်နယ်၌ အိုင်အက်စ်စစ်သွေးကြွ လေးဦး ဖမ်းမိ

ရှီဗာဂန် မတ် ၁၃
**အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းရှိ ဂျော်စ်ဂျန်ပြည်နယ်တွင် မတ် ၁၁ ရက်က အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်) အစွန်းရောက်အဖွဲ့မှ စစ်သွေးကြွလေးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း အာဖဂန်စစ်ဘက် သတင်းရပ်ကွက်မှ မတ် ၁၂ ရက်တွင် ပြောကြားသည်။**

ဖမ်းဆီးရမိသည့် စစ်သွေးကြွလေးဦးတို့မှာ အဆိုပါ ပြည်နယ်အတွင်းရှိ ဒါဇက်ခရိုင်ရှိ အိုင်အက်စ်စစ်သွေးကြွများအတွက် လက်နက်နှင့် ငွေကြေးရှာဖွေဖြည့်ဆည်းပေးနေသူများဖြစ်ကြောင်း၊ ၎င်းတို့အား ပြည်နယ်မြို့တော် ရှီဗာဂန်၏ ဆင်ခြေဖုံးဒေသတွင် မတ် ၁၁ ရက် မွန်းလွဲပိုင်းတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အာဖဂန်စစ်ဘက်မှ ဒုတိယ ဗိုလ်မှူးကြီး အဗ္ဗဒယ်ဆာမက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဖမ်းဆီးရမိသည့် စစ်သွေးကြွလေးဦးကို သက်ဆိုင်ရာ တာဝန်ရှိသူများထံလွှဲပြောင်းပေးအပ်ခဲ့ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါစစ်သွေးကြွလေးဦးသည် မြို့တော်ကဘူး၏ မြောက်ဘက်ကီလိုမီတာ ၃၉၀ အကွာရှိ ဂျော်စ်ဂျန်ပြည်နယ်အတွင်းရှိ အိုင်အက်စ်အဖွဲ့ထံသို့ ငွေကြေးနှင့် လက်နက်များ စုဆောင်းပို့ဆောင်ပေးရန်အတွက် အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာ ပြည်နယ်သို့ သွားရောက်ရန် ကြိုးပမ်းခဲ့ကြောင်း သတင်းများ၌ ဖော်ပြသည်။

နန်ဂါဟာပြည်နယ်နှင့် ၎င်း၏ မြို့တော်ဂျလာလာဘတ်သည် အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူး၏ အရှေ့ဘက် ကီလိုမီတာ ၁၂၀ အကွာတွင် တည်ရှိပြီး အိုင်အက်စ်စစ်သွေးကြွများ၏ ဒုစရိုက်နယ်မြေအဖြစ် မှတ်ယူထားသည်။

**ဖော်ပြ**

ဂျော်စ်ဂျန်နှင့် နန်ဂါဟာပြည်နယ်အပါအဝင် အာဖဂန်နစ္စတန်နိုင်ငံတွင်းရှိ ပြည်နယ်များ၌ လွန်ခဲ့သည့်တစ်နှစ်ကျော်ကာလအတွင်း အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကို သစ္စာခံသည့် စစ်သွေးကြွ ၂၃၀၂ ဦး သေဆုံးပြီး အခြား ၄၉၉ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း အာဖဂန်နစ္စတန်ကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ကိန်းဂဏန်းများတွင် ဖော်ပြသည်။

နန်ဂါဟာပြည်နယ်တွင် အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)စစ်သွေးကြွများသည် ၂၀၁၅ ခုနှစ်အစောပိုင်းကတည်းက ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ၎င်းတို့က ယခုသတင်းနှင့် ပတ်သက်၍ မှတ်ချက်ပြုပြောကြားခြင်း မရှိပေ။ **ဆင်ဟွာ**



# ဆိပ်ဖြူမြို့နယ်အတွင်း ကျေးရွာ ၁၄ ရွာ လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ထား

**နေပြည်တော် မတ် ၁၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော်၏ **ကျေးသီးမြို့နယ် အမှတ်(၁၃၁) ခြေလျင်တပ်ရင်းမှ တပ်ရင်းပိုင်အဖြစ် သိမ်းယူရာတွင် ပါဝင်သွားသော နမ့်ကုံးရေကန် ရေဝေရေလဲဧရိယာ ၃၁ ဧကနှင့် တောင်သူများ၏ စိုက်ခင်း ၁၆၅ ဧကအား ပြည်သူပိုင်အဖြစ် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ**မေးခွန်းနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က အဆိုပါ မြေနေရာများသည် အမှတ်(၁၃၁) ခြေလျင်တပ်ရင်း၏ တပ်ပိုင်မြေဧက ၅၈၀ တွင် ပါဝင်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်စွဲဖြင့် မြေပေးမိန့်ရရှိခဲ့ပြီး ဖြစ်ပါကြောင်း၊ မေးခွန်းတွင် တောင်သူများ၏ စိုက်ခင်းမြေ ၁၆၅ ဧက ဟု ဖော်ပြထားသော်လည်း တပ်မြေသိမ်းယူစဉ်က ရွှေ့ပြောင်းတောင်ယာမြေ ၁၅ ဧက၊ သုသာန်မြေ ၃ ဒသမ၅ ဧကနှင့် မြေလွတ်မြေလပ် ၅၆၁ ဒသမ၅ ဧကဖြစ်ပါကြောင်း၊ တောင်ယာမြေ ၁၅ ဧကသည် ယာယီတောင်ယာစနစ်ဖြင့် စိုက်ပျိုးခဲ့ခြင်းသာဖြစ်ပြီး ပိုင်ဆိုင်မှု အထောက်အထားမရှိကြောင်းနှင့် သုသာန်မြေ ၃ ဒသမ ၅ ဧကမှာ မြေနေရာသစ်သို့ ရွှေ့ပြောင်းထားရှိပြီးဖြစ်သဖြင့် တပ်ပိုင်မြေအဖြစ် သိမ်းဆည်းခဲ့ခြင်းဖြစ်ပါကြောင်း။

နမ့်ကုံးရေကန်သည် သဘာဝရေများ ထွက်ရှိသည့် ရေကန်ဖြစ်ပြီး မြို့နေပြည်သူများ သောက်ရေ၊ သုံးရေအဖြစ် သုံးစွဲလျက်ရှိသည့်အပြင် ကိုယ်ထူကိုယ်ထ အသေးစား လျှပ်စစ်ဓာတ်အားထုတ်ယူပြီး မြို့တွင်းသို့ လျှပ်စစ်မီးများ ပေးဝေအသုံးပြုလျက်ရှိကြောင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အဆိုပါရေကန်အား ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် ငွေကျပ် ၁၈၇ သန်းခွင့်ပြုထားသည်ကို စိစစ်သိရှိရပါကြောင်း။

သို့ဖြစ်ပါ၍ ပြည်သူများ အသုံးပြုလျက်ရှိသော သဘာဝရေများထွက်ရှိသည့် နမ့်ကုံးရေကန်နှင့် ရေဝေရေလဲနေရာ ၃၁ ဧကအား မြို့နယ်အတွင်းရှိ ရဟန်း၊ သံဃာနှင့် ရပ်မိရပ်ဖများ၏ သဘောဆန္ဒအတိုင်း အများပြည်သူ လူထုပိုင်အဖြစ် နယ်မြေစည်းရုံးရေးအရ ပြန်လည်စွန့်လွှတ်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် စိုက်ခင်းမြေ ၁၆၅ ဧကသည် တပ်ပိုင်မြေအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန၏ မြေပေးမိန့်ရရှိခဲ့ပြီးဖြစ်ခြင်း၊ ပိုင်ဆိုင်မှုအထောက်အထား တစ်စုံတစ်ရာမရှိခြင်း တပ်ရင်း၏အဆောက်အအုံများနှင့် နီးကပ်စွာတည်ရှိနေခြင်းကြောင့် လုံခြုံရေးအရ ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး
ဒေါက်တာထွန်းနိုင်



ကျေးသီးမဲဆန္ဒနယ်မှ
ဦးစိုင်းအောင်ကျော်



ဆိပ်ဖြူမဲဆန္ဒနယ်မှ
ဦးအောင်သိုက်

မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင်၏ **မိုးမိတ်မြို့တွင် လျှပ်စစ်မီး ၂၄ နာရီရရှိသုံးစွဲနိုင်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မိုးမိတ်မြို့အား ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၃၂ ကေဗွီခွဲရုံဖြစ်သည့် လက်ပံလှခွဲရုံမှတစ်ဆင့် ဇရက်ကွင်းခွဲရုံကို ၆၆ ကေဗွီလိုင်းနှင့် စတင်ဓာတ်အားပို့လွှတ်ရမည် ဖြစ်ပါကြောင်း၊ မိုးမိတ်မြို့သို့ ၂၄ နာရီ ဓာတ်အားပေးပို့နိုင်ရန်အတွက် မိုးကုတ်-မိုးမိတ် ၆၆ ကေဗွီဓာတ်အားလိုင်း ၂၄ ဒသမ ၆၅ မိုင်နှင့် မိုးမိတ်မြို့တွင် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှလည်းကောင်း၊ မိုးမိတ်ဓာတ်အားခွဲရုံမှတစ်ဆင့် မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်အား ဓာတ်အားချိတ်ဆက်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၆ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာခြောက်လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁၄ ဒသမ ၅ မိုင်တို့ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့်လည်းကောင်း၊ မိုးမိတ်မြို့နယ်ရှိ ကျေးရွာ ၁၄ ရွာသို့ ဓာတ်အားချိတ်ဆက် ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၀ ဒသမ ၈မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၂၁ လုံးနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း ၂၁ ဒသမ ၉၇ မိုင်တို့ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့်လည်းကောင်း တည်ဆောက်ထားပြီးဖြစ်ပါကြောင်း။

ဇရက်ကွင်းမှ မိုးကုတ်သို့ လက်ရှိတွင် ၃၃ ကေဗွီဖြင့် ဓာတ်အားပေးထားပါကြောင်း၊ သို့သော် ယင်းဓာတ်အားလိုင်းသည် နှစ်ကာလကြာမြင့်ခြင်း၊ တောတောင် ထူထပ်မှုထဲတွင် တည်ဆောက်ထားခြင်းတို့ကြောင့် မိုးကုတ်မြို့၏ လျှပ်စစ်အခြေအနေသည် အားရမှုမရှိပါကြောင်း၊ ထို့ကြောင့် ၆၆ ကေဗွီဓာတ်အားလိုင်းအသစ်ကို တည်ဆောက်နေခြင်းဖြစ်ပါကြောင်း၊ အဆိုပါ ဓာတ်အားလိုင်း တည်ဆောက်မှုသည် ယခု မတ်လဆန်းတွင် တည်ဆောက်ပြီးစီးမည်ဖြစ်ပါကြောင်း၊ ဓာတ်အားပို့လွှတ်ရန်အတွက် ဇရက်ကွင်းနှင့် မိုးကုတ်ဓာတ်အားခွဲရုံတို့ကို မီးပိတ်၍ ဓာတ်အားလိုင်းများကိုပြောင်းပြီး ချိတ်ဆက်ရမည်ဖြစ်သဖြင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုစဉ်ကာလအတွင်း အဆိုပါ လုပ်ငန်းများကို ဆောင်ရွက်ခဲ့လျှင် စာမေးပွဲဖြေဆိုမှုနှင့် စာပေလေ့လာမှုများကို အနှောင့်အယှက်ဖြစ်မည်စိုးသောကြောင့် ယခုရက်ပိုင်းအတွင်းတွင် ထိုလုပ်ငန်းများ ဆိုင်းငံ့ထားပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကာလ ပြီးဆုံးသွားလျှင် ၆၆ ကေဗွီဓာတ်အားလိုင်းကို မတ် ၂၀ ရက်မှ ၂၂ ရက်အတွင်း မိုးကုတ်မြို့သို့ စတင်ထုတ်လွှတ်မည်ဖြစ်ပါကြောင်း၊

**စာမျက်နှာ ၈ သို့**

# အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မတ် ၁၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၏ **ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ဂုဏ်ကျွန်းကျေးရွာနှင့် မင်းပြားမြို့နယ် ပန်းမြောင်းတိုက်နယ် ကျေးရွာတို့ကြားတွင်ရှိသော ရွာချင်းဆက်လမ်းအား မြေသားဖို့ခြင်းနှင့် ကျောက်ခင်းခြင်း၊ ကျောက်ချောခင်းခြင်း စသည်ဖြင့် အဆင့်တိုးမြှင့် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးကျော်လင်းက မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ဂုဏ်ကျွန်းကျေးရွာနှင့် မင်းပြားမြို့နယ် ပန်းမြောင်းတိုက်နယ်ကျေးရွာတို့ ကျေးရွာချင်းဆက်သွယ်ထားသည့် လမ်းသည် ပြည်ထောင်စုလမ်း အဆင့်စာရင်းဝင်ရန်အတွက် ဆောင်ရွက်ရမည့် လမ်းဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းစာရင်းသို့ သိမ်းသွင်းနိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ်ရောက်ရှိပါက ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံ၍ ရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍ ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း ရန်ကုန်-စစ်တွေကားလမ်းမှ ကန်စောက်ကျေးရွာ-ကံသုံးဆင့်-ဒုံနာ-နီချေ- အောက်လာကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းကို ရာသီမရွေးသွားလာနိုင်သည့် ကွန်ကရစ်လမ်း သို့မဟုတ် ကျောက်ချောလမ်း ဖောက်လုပ်ပေးရန်နှင့် ကန်စောက်ကျေးရွာအနီး ယိုးချောင်း ချောင်းလက်တက်တွင် (၁၂၀) ပေအကျယ် သံကူကွန်ကရစ် တံတားတစ်စင်းတို့ကို ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက မြေသားလမ်းဆောင်ရွက်ပြီးစီးပြီဖြစ်သည့် ကန်စောက်-ကံသုံးဆင့်မြေသားလမ်း ၄ မိုင် ၁ ဒသမ ၃ ဖာလုံအား ကွန်ကရစ်လမ်းခင်းလုပ်ငန်းနှင့် ယိုးချောင်းလက်တက် (ပန်းပဲချောင်း)တံတားတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ပြည်ထောင်စုမူလခွင့်ပြုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါ လုပ်ငန်းများပြီးစီးပါက ဆောင်ရွက်ရန်ကျန်ရှိသော ဒုံနာ-နီချေ-အောက်လာ ကျေးရွာချင်းဆက်လမ်း သုံးမိုင်ခန့်အား ပြည်ထောင်စု မူလခွင့်ပြုရန်ပုံငွေနှင့် ပြည်နယ်အစိုးရ ရန်ပုံငွေတို့တွင် နှစ်အလိုက် ထည့်သွင်းလျာထားပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ **ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ကာနန်းကျေးရွာအုပ်စုနှင့် ပလက်ဝမြို့နယ် မှုံတနူးကျေးရွာအုပ်စု၊ ကာနန်း-ပိုက်တော-မှုံတနူး-ချိုင်းစနူးကြား ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပလက်ဝမြို့နယ် ထိုနူး-မှုံတနူး-ချိုင်းစနူး လမ်းအရှည် ၁၉ မိုင်၊ လမ်းအကျယ် ၃ ပေအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နောက်ပိုင်းကာလများတွင် ဘဏ္ဍာငွေတင်ပြတောင်းခံပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ကန်ပက်လက်မြို့နယ် ကာနန်းလမ်းခွဲမှ ပိုက်တော-ထိုနူးလမ်းအရှည် မိုင် ၂၀၊ အကျယ် ၆ ပေလမ်းအား ဦးစားပေးသတ်မှတ်ထားမှုနှင့် ဒေသခံပြည်သူများ၏ တောင်းဆိုချက်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ဘဏ္ဍာငွေလျာထား တင်ပြတောင်းခံပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက အဆိုပါ ဥပဒေကို ပြင်ဆင်စရာမလိုသည်အထိ ပြည့်စုံသည်ထက်ပြည့်စုံအောင် ယခုကတည်းက ဝိုင်းဝန်းကြိုးစားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံနည်းနာသစ်များနှင့် ပြုပြင်ပြောင်းလဲရေးကို အရှိန်အဟုန်မြှင့် ဖော်ဆောင်သည့် နေရာတွင် အဂတိလိုက်စားမှုလျော့ကျရန် များစွာအရေးကြီးပါကြောင်း၊ အဂတိလိုက်စားမှု မြင့်မားသည်နှင့်အမျှ



ကချင်ပြည်နယ်
မဲဆန္ဒနယ်အမှတ်(၁၁)မှ
ဒေါက်တာခွန်ဝင်းသောင်း



ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်
(၇)မှ ဒေါ်နော်ခရစ္စထွန်း(ခ)
ဒေါက်တာအားကာမိုး



ဧရာဝတီတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၁၂)မှ
ဦးကြည်ဝင်း

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နည်းပါးခြင်းသည် တိုက်ရိုက်အနေဖြင့် ဆက်စပ်နေပါကြောင်း၊ အဂတိတရားတိုးပွားနေပါက တိုင်းပြည်ဘဏ္ဍာအခွန်အခများ လျော့ပါးခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်း ပရောဂျက်များတွင် အရည်အသွေးကျဆင်းပြီး နောက်ဆက်တွဲပြုပြင်ထိန်းသိမ်း ကုန်ကျစရိတ်များ ထပ်မံဖြည့်ဆည်းရခြင်းများ ဖြစ်နေပါကြောင်း။

အဂတိလိုက်စားမှုအနည်းအများ ညွှန်းကိန်းဆိုင်ရာ အချက်အလက်အနေဖြင့် တင်ပြရပါက တိုးတက်ထွန်းကားမှုသာလွန်သည့် စင်ကာပူနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ် Transparency International အညွှန်းကိန်းသတ်မှတ်ချက် အဆင့်(၇)ရမှတ် ၈၄ ဖြစ်ပြီး မြန်မာနိုင်ငံမှာ အဆင့်(၁၃၆)၊ ရမှတ် ၂၈ နှင့် ၂၀၁၇ ခုနှစ်တွင် အဆင့် (၁၃၀)ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုများသည် ယခုအချိန်အထိ နိုင်ငံအတွင်းမလျော့ကျသေးဘဲ ဆိုးဆိုးရွားရွား ဆက်ဖြစ်နေပါကြောင်း၊ ထို့ကြောင့် တိုင်းပြည် project များ၏ အကျင့်ပျက်ခြစားမှုများမှ အကာအကွယ်ပေးနိုင်သည်အထိ ဥပဒေအသစ်ကိုပြဋ္ဌာန်းပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ပြည်သူများနှင့်အတူ အလွှာအသီးသီးက အဂတိလိုက်စားသူများကို ဖော်ထုတ်နိုင်ပါစေဟု ဆန္ဒပြုပါကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုးက ဥပဒေကိုစတင်ပြဋ္ဌာန်းခဲ့သည့် ၂၀၁၃ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံ ၁၇၆ နိုင်ငံတွင် အဆင့်(၁၇၂)အထိ မိမိတို့နိုင်ငံအနေဖြင့် အကျင့်ပျက်ခြစားမှုများခဲ့ပါကြောင်း၊ ယခင်အစိုးရလက်ထက်တွင် တိုင်ကြားမှု ၆၀၀ သာရှိပြီး သုံးမှုကိုသာ စစ်ဆေးအရေးယူခဲ့ပါကြောင်း၊ ၂၀၁၄ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ပထမအကြိမ် အဂတိတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် တိုင်ကြားစာ ၄၃၅၃ စောင်ရရှိပြီး ၄၆ စောင်သာ အရေးယူနိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၁၆ ခုနှစ်တွင် အဂတိလိုက်စားမှု အဆင့်(၁၃၆)အဖြစ် အနည်းငယ်လျော့ကျလာခဲ့ပါကြောင်း၊ အသစ်ဖွဲ့စည်းခဲ့သည့် ဒုတိယအကြိမ် အဂတိတိုက်ဖျက်ရေးကော်မရှင်နှင့်အတူ ယခုစတုတ္ထအကြိမ် အဂတိတိုက်ဖျက်ရေးပြင်ဆင်ချက်သည် အရေးကြီးပါကြောင်း၊ အကျင့်ပျက်ခြစားမှုများ ဝိုင်းဝန်းတိုက်ဖျက်ရင်း နိုင်ငံ၏ဂုဏ်သိက္ခာမြှင့်တင်နိုင်ပါစေကြောင်း ဆွေးနွေးသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို မတ် ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# နိုင်ငံတကာမြင်ကွင်း

## ■ ရဲရင့်လင်းလက်

ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်၊ ကြေွတစ်လှည့် ကြက်တစ်ခုန်ဆိုတာတွေက မထင်မှတ်တဲ့ နိုင်ငံရေးအလှည့်အပြောင်းတွေမှာ သုံးလေ့ရှိပါတယ်။ အခု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ မေလမှာ တွေ့ဆုံဆွေးနွေးကြမယ်ဆိုတော့ ဒီအသုံးအနှုန်းတွေကို ပြေးသတိရမိပါတယ်။ သမ္မတ ဒေါ်နယ်ထရန့်က ကင်ဂျုံအန်ကို ဒုံးပျံလူသားလို့ လှောင်ပြောင်သရော်ခဲ့သလို ကင်ဂျုံအန်ကလည်း သမ္မတ ဒေါ်နယ်ထရန့်ကို စိတ်မနှံ့တဲ့ အဘိုးအိုကြီးလို့ ဝေဖန်တိုက်ခိုက်ခဲ့တာပါ။

မြောက်ကိုရီးယားနိုင်ငံရေးကိစ္စဟာ နျူကလီးယားလက်နက်အန္တရာယ်ပါ ယှဉ်တွဲပါဝင်နေတာမိုလို့ ကမ္ဘာကြီးအတွက် အရေးကြီးတဲ့ ကိစ္စတစ်ရပ်ပါ။ အားလုံးသိတဲ့အတိုင်း ဒုတိယကမ္ဘာစစ်အပြီးမှာ တောင်ကိုရီးယားနဲ့ မြောက်ကိုရီးယားဆိုပြီး ကိုရီးယားနိုင်ငံဟာ နှစ်ပိုင်းပိုင်းခြားခံခဲ့ရတာပါ။ တောင်ကိုရီးယားနိုင်ငံက အရင်းရှင်စနစ်ကို ကျင့်သုံးခဲ့ပြီး မြောက်ကိုရီးယားနိုင်ငံက ကွန်မြူနစ်စနစ်ကို ကျင့်သုံးခဲ့တာပါ။ ကမ္ဘာ့အရေးကိစ္စတွေမှာ မြောက်ကိုရီးယားနိုင်ငံဟာ လုံးဝနီးပါး အထီးကျန်နေတာမိုလို့ မြောက်ကိုရီးယားခေါင်းဆောင်တွေရဲ့ အတွေးအမြင်မှာ နျူကလီးယားလက်နက်ကပဲ သူတို့နိုင်ငံကို ဖျက်ဆီးလိုတဲ့ ရန်သူနိုင်ငံတွေရဲ့ အန္တရာယ်ကနေ အကာအကွယ် ပေးနိုင်လိမ့်မယ်လို့ ယူဆထားတာပါ။ မြောက်ကိုရီးယားနိုင်ငံက ဟိုက်ဒရိုဂျင်ဗုံးကိုတောင် အောင်အောင်မြင်မြင် စမ်းသပ်ထုတ်လုပ်ပြီးပြီလို့ ကြွားဝါနေတာပါ။ ဟိုက်ဒရိုဂျင်ဗုံးက နျူကလီးယားဗုံးထက် အဆပေါင်းများစွာ ဖျက်ဆီးအား ပြင်းထန်တာပါ။ တကယ်သာ ဟိုက်ဒရိုဂျင်ဗုံးကို တာဝေးပစ်ဒုံးပျံမှာ တပ်ဆင်ပစ်လွှတ်တိုက်ခိုက်နိုင်တယ်ဆိုရင်တော့ ရင်ဆိုင်ရမယ့်အန္တရာယ်ဟာ မတွေးဝံ့စရာပါ။

မြောက်ကိုရီးယားနိုင်ငံက အမေရိကန်နိုင်ငံကို သူ့ရဲ့အဓိကရန်သူနိုင်ငံအဖြစ် သတ်မှတ်ထားတာပါ။ ကျွမ်းကျင်သူတွေရဲ့ ခန့်မှန်းမှုအရ မြောက်ကိုရီးယားနိုင်ငံဟာ တာဝေးပစ်ဒုံးပျံတွေကို အမေရိကန်နိုင်ငံထဲအထိရောက်အောင် ပစ်လွှတ်တိုက်ခိုက်နိုင်စွမ်း ရှိနေပါပြီ။ မြောက်ကိုရီးယားဒုံးပျံတွေရဲ့ အခြားသောပစ်မှတ်တွေကတော့ ဂျပန်နိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတွေပါ။ ဂျပန်နိုင်ငံမှာရော တောင်ကိုရီးယားနိုင်ငံမှာပါ အမေရိကန်တပ်ဖွဲ့တွေကို ထောင်နဲ့ချီ တပ်ဖြန့်အခြေစိုက်ထားတာပါ။ နျူကလီးယားလက်နက်တွေ ဖျက်သိမ်းနိုင်ရေးအတွက် မြောက်ကိုရီးယားနိုင်ငံနဲ့ ဆွေးနွေးညှိနှိုင်းနိုင်ဖို့ အကြိမ်ကြိမ် ကြိုးပမ်းခဲ့ပေမယ့် အောင်မြင်မှုမရခဲ့ပါဘူး။ ၂၀၁၇ ခုနှစ် တစ်နှစ်လုံးလည်း မြောက်ကိုရီးယားနိုင်ငံက ပြဿနာရှာတဲ့သဘောနဲ့ ဒုံးပျံတွေကို တစ်စင်းပြီးတစ်စင်း ဆိုသလိုမျိုး စမ်းသပ်ပစ်လွှတ်ခဲ့တာပါ။ မြောက်ကိုရီးယားနိုင်ငံရဲ့ ဒီလို ဒုံးပျံစမ်းသပ်ပစ်လွှတ်မှုတွေကို တုံ့ပြန်တဲ့အနေနဲ့ ကုလသမဂ္ဂက မြောက်ကိုရီးယားနိုင်ငံအပေါ် ပြင်းထန်တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ခဲ့ပါတယ်။ မြောက်ကိုရီးယားနိုင်ငံရဲ့ တစ်ဦးတည်းသော အခိုင်အမာ မဟာမိတ်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံအပေါ် စီးပွားရေးနဲ့ သံတမန်ရေးဖိအား ပိုမိုတိုးမြှင့်လုပ်ဆောင်ခဲ့ပါတယ်။

ပြောရရင် ၂၀၁၇ ခုနှစ်မှာ မြောက်ကိုရီးယားနိုင်ငံရဲ့ ရပ်တည်ချက်ဟာ ပိုပြီးရန်လိုပြင်းထန်လာတာပါ။ ပစိဖိတ်ဒေသအတွင်းမှာရှိတဲ့ အမေရိကန်နိုင်ငံပိုင် ဂူအန်ကျွန်းနဲ့ ဂျပန်နိုင်ငံတွေကို မြောက်ကိုရီးယားနိုင်ငံက ခြိမ်းခြောက်လာတာပါ။ အစောပိုင်းက တင်ပြခဲ့သလို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နဲ့ အပြန်အလှန်ဝေဖန်ပုတ်ခတ်မှုတွေလုပ်ခဲ့ပြီး အမေရိကန်အနေနဲ့ သူ့နိုင်ငံကို ကာကွယ်ဖို့အတွက်ရော မဟာမိတ်နိုင်ငံတွေကို ကာကွယ်ဖို့အတွက်ပါ စစ်ရေးအရ တုံ့ပြန်ဖို့ အဆင်သင့်ပါပဲလို့ ခပ်မာမာ ခပ်ပြတ်ပြတ် ပြောခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာတော့ မြောက်ကိုရီးယားနိုင်ငံဟာ တောင်ကိုရီးယားနိုင်ငံနဲ့ တိုက်ရိုက်ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှာ တောင်ကိုရီးယားနိုင်ငံမှာ ကျင်းပခဲ့တဲ့ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲမှာ မြောက်ကိုရီးယားနိုင်ငံက ပါဝင်ဆင်နွှဲနိုင်ဖို့ပါ။ ကိုရီးယားကျွန်းဆွယ်ရဲ့ ငြိမ်းချမ်းရေးအတွက် သေးငယ်တဲ့ခြေလှမ်းလို့ပဲ ပြောရမှာပါ။

အသေးစိတ်ကိစ္စတွေ မတင်ပြခင် သမ္မတ ဒေါ်နယ်ထရန့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ တွေ့ဆုံဆွေးနွေးဖို့ ဘယ်လိုဖြစ်လာတယ်ဆိုတာကို အကြမ်းဖျင်း ကြည့်ရအောင်ပါ။ ဒီတစ်ပတ်ထဲမှာပဲ တောင်ကိုရီးယား ထိပ်တန်းအရာရှိကြီးနှစ်ဦးက မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နဲ့ တွေ့ဆုံခဲ့ပါတယ်။ ဒီလိုတွေ့ဆုံမှုကိုယ်တိုင်က ထူးခြားနေတာပါ။ ဒီတွေ့ဆုံဆွေးနွေးမှုအပြီးမှာ တောင်ကိုရီးယား ထိပ်တန်းအရာရှိကြီး နှစ်ဦးဟာ သမ္မတဒေါ်နယ်ထရန့်ဆီပါးမယ့် သတင်းစကားကိုကိုင်ပြီး အမေရိကန်နိုင်ငံဆီ ပျံသန်းထွက်ခွာလာပါတယ်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဆီ ပါးလိုက်တဲ့ သတင်းစကားကတော့ "တွေ့ဆုံဆွေးနွေးကြရအောင်၊ နျူကလီးယားလက်နက်တွေ စွန့်ဖို့လည်း အဆင်သင့်ပါပဲ" တဲ့။ အမှန်တော့ တောင်ကိုရီးယားနိုင်ငံနဲ့ မြောက်ကိုရီးယားနိုင်ငံတွေကြားမှာ စစ်ပြေငြိမ်းရေးစာချုပ် လက်မှတ်မရေးထိုးရသေးတာမိုလို့ လုပ်ထုံးလုပ်နည်း အတိအကျပြောမယ်ဆိုရင် တောင်ကိုရီးယားနိုင်ငံနဲ့ မြောက်ကိုရီးယားနိုင်ငံတို့ဟာ စစ်ယှဉ်ပြိုင်တိုက်ခိုက်နေဆဲနိုင်ငံတွေပါ။ အခု သမ္မတ ဒေါ်နယ်ထရန့်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နဲ့ တွေ့ဆုံဆွေးနွေးမယ်လို့ ကြေညာလိုက်တော့ ကမ္ဘာက စိတ်ဝင်တစား ဝမ်းသာအားရဖြစ်ခဲ့ကြတာပါ။ မြောက်ကိုရီးယားနိုင်ငံက ပိုင်ဆိုင်ထားတဲ့ နျူကလီးယားလက်နက်တွေရဲ့ အန္တရာယ်ကို တစ်ကမ္ဘာလုံးက စိုးရိမ်ပူပန်ခဲ့ရတာဟာ ဆယ်စုနှစ်ပေါင်း မနည်းတော့ပါဘူး။ မြောက်ကိုရီးယားနိုင်ငံက တရားမဝင် မြေအောက်နျူကလီးယားဗုံး စမ်းသပ်ဖောက်ခွဲခဲ့တာ ခြောက်ကြိမ်ရှိနေပါပြီ။ တာဝေးပစ်ဒုံးပျံတွေ ပစ်လွှတ်စမ်းသပ်ခဲ့တာက အကြိမ်မရေနိုင်တော့ဘူးလို့တောင် ပြောရမယ့်ကိန်းမျိုးပါ။

မြောက်ကိုရီးယားနိုင်ငံက အခုချိန်ကြမှ ဘာလို့ တွေ့ဆုံဆွေးနွေးဖို့ သဘောတူတာလဲဆိုတဲ့ အကြောင်းရင်းကတော့ ရှင်းရှင်းလင်းလင်းမရှိပါဘူး။ မြောက်ကိုရီးယားနိုင်ငံအပေါ် နှစ်ပေါင်းများစွာချမှတ်လာခဲ့တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကြောင့် မြောက်ကိုရီးယားနိုင်ငံက ဆွေးနွေးပွဲစကားဝိုင်းပေါ် တက်လာတယ်ဆိုတာကလည်း ဖြစ်နိုင်ခြေရှိပါတယ်။ မြောက်ကိုရီးယားနိုင်ငံက သမ္မတ ဒေါ်နယ်ထရန့်ကို သူတို့ ကိုင်တွယ်လို့ရမယ့်ပုဂ္ဂိုလ်လို့ ယူဆတဲ့အတွက် အခုအချိန်ကျမှ ဆွေးနွေးဖို့ကမ်းလှမ်းလိုက်တာလည်း ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ် မြောက်ကိုရီးယားနိုင်ငံက သူတို့နိုင်ငံဟာ တာဝန်သိတဲ့ နျူကလီးယားလက်နက်ပိုင်နိုင်ငံဆိုတာမျိုးကို ပြသဖို့ ဆွေးနွေးပွဲစကားဝိုင်းပေါ် တက်လာတာလည်းဖြစ်နိုင်ပါတယ်။ မြောက်ကိုရီးယားနိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ တွေ့ဆုံဆွေးနွေးကြမယ်ဆိုပေမယ့်လည်း ဘယ်လိုနေရာမျိုးမှာ တွေ့ဆုံဆွေးနွေးကြမယ်၊ ဒီတွေ့ဆုံဆွေးနွေးပွဲမှာ ခေါင်းဆောင်တွေနဲ့အတူ ဘယ်သူတွေပါမယ်ဆိုတာတွေက ဘာမှသိရသေးတာမဟုတ်ပါဘူး။ ပြောရရင် မြောက်ကိုရီးယားနိုင်ငံက ဘာကြောင့် တွေ့ဆုံဆွေးနွေးချင်တာလဲ ဆိုတာကိုတောင် တိတိကျကျသိသေးတာ မဟုတ်ပါဘူး။ အချက်အလက်အရ တိတိကျကျပြောကြစတမ်းဆိုရင် မြောက်ကိုရီးယားနိုင်ငံက ဘာကိုမှ ခိုင်ခိုင်မာမာ ကတိကဝတ်ပြုထားတာ မဟုတ်ပါဘူး။ မြောက်ကိုရီးယားနိုင်ငံက သူ့ရဲ့ နျူကလီးယားလက်နက်တွေ စွန့်ပစ်ဖို့ ကတိကဝတ်ပြုခဲ့ရင်တောင်မှ ဒီလိုစွန့်ပစ်လိုက်ပြီဆိုတာကို ဘယ်လို သက်သေပြမလဲဆိုတာက ပြဿနာပါ။ အတိတ်သမိုင်းကို ပြန်ကြည့်ရင် မြောက်ကိုရီးယားနိုင်ငံက သူပေးခဲ့တဲ့ ကတိကဝတ်တွေကို ဖျက်သိမ်းခဲ့တာ မနည်းတော့ပါဘူး။ ဘီဘီစီသတင်းထောက်ကတော့ သမ္မတ ဒေါ်နယ်ထရန့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ရဲ့ တွေ့ဆုံ ဆွေးနွေးပွဲကို "ရာစုသစ်ရဲ့ နိုင်ငံရေး လောင်းကြေးထပ်ပွဲကြီး"လို့ တင်စားခဲ့ပါတယ်။

တကယ်တမ်းပြောရရင် ဒီဆွေးနွေးပွဲဟာ အမေရိကန်နိုင်ငံနဲ့ မြောက်ကိုရီးယားနိုင်ငံတို့အကြား ပြုလုပ်တဲ့ဆွေးနွေးပွဲဆိုပေမယ့် ကမ္ဘာ့နိုင်ငံရေးမှာ အရေးပါတဲ့ အခြားနိုင်ငံတွေနဲ့လည်း သက်ဆိုင်နေတဲ့ကိစ္စပါ။ ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံဟာ ကိုရီးယားနှစ်နိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်ပြီး ဒီဆွေးနွေးပွဲအပေါ် သတိနဲ့ အကောင်းမြင်ကြိုဆိုခဲ့ပါတယ်။ ဂျပန်နိုင်ငံရဲ့သဘောထားကတော့ ဒီဆွေးနွေးပွဲအပါအဝင် အရေးကြီးတဲ့ ခြေလှမ်းလှမ်းတော့မယ်ဆိုရင် မလှမ်းခင်မှာ မြောက်ကိုရီးယားနိုင်ငံအနေနဲ့ သူ့ရဲ့ နျူကလီးယားလက်နက်တွေ စွန့်လွှတ်မယ်ဆိုတာကို သေချာစေချင်တာပါ။ မြောက်ကိုရီးယားနိုင်ငံရဲ့ တစ်နိုင်ငံတည်းသော အခိုင်အမာ မဟာမိတ်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံကတော့ "ဆွေးနွေးကြပါ"ဆိုတာကို အမြဲပဲ တိုက်တွန်းလာခဲ့တာပါ။ သမ္မတ ဒေါ်နယ်ထရန့်နဲ့ ကင်ဂျုံအန်တို့ကြား ပြုလုပ်မယ့် ဆွေးနွေးပွဲနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံက "မှန်ကန်တဲ့ လမ်းကြောင်းပေါ် ရောက်လာပြီ"လို့ မှတ်ချက်ပေးပါတယ်။ မြောက်ကိုရီးယားနိုင်ငံနဲ့ နယ်နိမိတ် မဆိုသလောက် ထိစပ်နေတဲ့ ရုရှားနိုင်ငံကလည်း တရုတ်နိုင်ငံနည်းတူ "လမ်းကြောင်းမှန်ပေါ် ရောက်လာပြီ"လို့ ကောက်ချက်ချထားပါတယ်။

(ဆက်လက်ဖော်ပြပါမည်)




❛ မြောက်ကိုရီးယားနိုင်ငံက သူ့ရဲ့ နျူကလီးယားလက်နက်တွေ စွန့်ပစ်ဖို့ ကတိကဝတ်ပြုခဲ့ရင်တောင်မှ ဒီလိုစွန့်ပစ်လိုက်ပြီဆိုတာကို ဘယ်လိုသက်သေပြမလဲဆိုတာက ပြဿနာပါ။ အတိတ်သမိုင်းကို ပြန်ကြည့်ရင် မြောက်ကိုရီးယားနိုင်ငံက သူပေးခဲ့တဲ့ ကတိကဝတ်တွေကို ဖျက်သိမ်းခဲ့တာ မနည်းတော့ပါဘူး။ ဘီဘီစီသတင်းထောက်ကတော့ သမ္မတ ဒေါ်နယ်ထရန့်နဲ့ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်တို့ရဲ့ တွေ့ဆုံဆွေးနွေးပွဲကို "ရာစုသစ်ရဲ့ နိုင်ငံရေး လောင်းကြေးထပ်ပွဲကြီး"လို့ .... ❜



# နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ စာရင်းများနှင့်ပတ်သက်ပြီး စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်

ရှင်မင်း၊ မွေးကြူ
ဓာတ်ပုံ – ကျော်ဇေယျ



ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း-အခြားစာရင်းရှင် (Union Fund Account –Other Account –UFA –OA) နှင့်ပတ်သက်ပြီး နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်း၊ မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာ ဦးဝင်းနိုင်ဦး၊ ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြုံး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) ဦးမောင်မောင်ခန့်တို့ ပါဝင်ဆွေးနွေးခဲ့ကြပြီး ၎င်းတို့၏ ဆွေးနွေးချက်များကို ဖော်ပြလိုက်ပါသည်-

**ဦးမောင်မောင်ဝင်း**
**ဒုတိယဝန်ကြီး**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

ယနေ့ ကျွန်တော်တို့ဆွေးနွေးမယ့် စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်ကတော့ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများရဲ့ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေလို့ ခေါ်တဲ့ OA စာရင်းများနဲ့ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးတင်ပြမယ့် အစီအစဉ်ပဲ ဖြစ်ပါတယ်။

ယခုလိုဆွေးနွေးတင်ပြဖို့ အစီအစဉ်ဖြစ်ပေါ်လာတာကတော့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတချို့က နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနဲ့ ပတ်သက်ပြီးတော့ လေ့လာသုံးသပ်တဲ့ အစီရင်ခံစာတွေမှာ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတွေရဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း အခြားစာရင်းရှင် UFA-OA စာရင်းများဟာ နိုင်ငံတော်ရဲ့ဘတ်ဂျက်ကို ဝင်ရောက်ခြင်းမရှိတဲ့အကြောင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေရဲ့ ပြင်ပကို ရောက်နေတဲ့အကြောင်း၊ ဒီလက်ကျန်တွေဟာ ယခုဆိုရင် တော်တော်များနေပြီ ဖြစ်တဲ့အကြောင်း ဒီလက်ကျန်တွေကိုလည်း ၎င်းတို့သဘောနဲ့ စီမံခန့်ခွဲသုံးစွဲပိုင်ခွင့်ရှိသလို ဖြစ်နေတဲ့အကြောင်း စသဖြင့် ဒီလိုရေးသားဖော်ပြခဲ့ကြတာကတစ်ဆင့် သတင်းမီဒီယာတွေမှာလည်း တချို့ရေးသားဖော်ပြထားတာတွေလည်း ရှိပါတယ်။

နောက် လူမှုကွန်ရက်စာမျက်နှာများမှာလည်း ပျံ့နှံ့ပြီးတော့ ရေးသားဖော်ပြထားတာတွေလည်း တွေ့ရပါတယ်။ နောက်ဆုံး လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း မေးခွန်းထုတ်လာတဲ့အဆင့်ထိ ရောက်ရှိလာပါတယ်။

၂၀၁၈ ခုနှစ် ခြောက်လအတွက် နိုင်ငံတော်ရဲ့ ဘတ်ဂျက်ကို ပြည်ထောင်စုလွှတ်တော်ကို ကျွန်တော်တို့တင်ပြခဲ့တဲ့အချိန်မှာလည်း ပြည်ထောင်စုလွှတ်တော်ရဲ့ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီကနေပြီးတော့ OA စာရင်းတွေနဲ့ ပတ်သက်လို့ အများပြည်သူ ရှင်းရှင်းလင်းလင်းသိရှိနိုင်အောင် OA စာရင်းများနဲ့ ပြည်ထောင်စုအစိုးရရဲ့ အပ်ငွေစာရင်းတို့ရဲ့ ဆက်နွှယ်မှုကို ရှင်းလင်းတင်ပြပေးသင့်တဲ့အကြောင်း သဘောထားမှတ်ချက်ပြုခဲ့ပါတယ်။

ဒီလို သဘောထားမှတ်ချက်ပြုထားတာကတစ်ကြောင်း၊ ကျွန်တော်တို့ကိုယ်တိုင်ကလည်း မိဘပြည်သူများသိရှိနိုင်စေဖို့အတွက် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတွေရဲ့ OA စာရင်းများနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းဆွေးနွေးတင်ပြလိုတာကတစ်ကြောင်းကြောင့် ယခုလို စီစဉ်ပြီးတော့မှ တင်ဆက်ရခြင်းဖြစ်ပါတယ်။

ဒီပုဂ္ဂိုလ်များကို ဒီမှာဖိတ်ကြားပြီးတော့ ဆွေးနွေးရတာကတော့ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများရဲ့ OA စာရင်းတွေနဲ့ ပတ်သက်ပြီးတော့ အဓိကတာဝန်ယူစီမံခန့်ခွဲနေကြတဲ့ သက်ဆိုင်ရာဌာနအသီးသီးက ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကတော့ OA စာရင်းတွေရှိနေတဲ့ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတွေထဲမှာမှ OA စာရင်းလက်ကျန်အများဆုံးရှိပြီးတော့ နိုင်ငံတော်ရဲ့ ဘတ်ဂျက်မှာလည်း ကြီးမားတဲ့ အစိတ်အပိုင်းကနေပါဝင်နေတဲ့ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းဖြစ်တဲ့အတွက်ကြောင့် ဒီအဖွဲ့အစည်းကို ဖိတ်ကြားပြီး ဆွေးနွေးရခြင်းဖြစ်ပါတယ်။

> **“နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းတွေက အမြတ်ရရှိတယ်ဆိုရင် ရရှိတဲ့အမြတ်ရဲ့ ၂၀ ရာခိုင်နှုန်းကို နိုင်ငံတော်ရဲ့ ထည့်ဝင်ငွေကို ပေးဆောင်ရပါတယ်။ ၂၅ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ် ပေးဆောင်ရပါတယ်။ ကျန်တဲ့ ၅၅ ရာခိုင်နှုန်းကို ဘဏ္ဍာနှစ်ကုန်တဲ့အခါမှာ OA လက်ကျန်အနေနဲ့ ရှေ့ပိုင်းဘဏ္ဍာနှစ်ကို သယ်ဆောင်သွားလို့ရပါတယ်။ ရှုံးတဲ့အဖွဲ့အစည်းတွေကတော့ ထည့်ဝင်ငွေတို့၊ ဝင်ငွေခွန်တို့ကို မဆောင်ရပါဘူး။ ဒါပေမဲ့လည်း OA လက်ကျန်တွေကို လာမယ့်ဘဏ္ဍာနှစ်ကို သယ်ဆောင်လို့ ရပါတယ်”**

ပထမဦးစွာ ဆရာမဒေါ်နွဲ့နွဲ့ဝင်းကို မေးမြန်းလိုတာကတော့ OA စာရင်းများဟာ နိုင်ငံတော်ရဲ့ဘတ်ဂျက်မှာလည်းပါဝင်ကြောင်း သိရပါတယ်။ နိုင်ငံတော်ရဲ့ ဘတ်ဂျက်မှာ ဘယ်လိုပါဝင်သလဲ၊ ဘယ်လိုလည်ပတ်နေလဲဆိုတာကို မသိခင်မှာ ကျွန်တော်တို့နိုင်ငံတော်ရဲ့ ဘတ်ဂျက်စနစ်အကြောင်း အစိုးရရဲ့စာရင်းထိန်းသိမ်းမှု (Government Accounting) ဒါလေးတွေက အများပြည်သူသိရှိဖို့ လိုအပ်မယ်လို့ ကျွန်တော်ထင်ပါတယ်။

Government ဘတ်ဂျက်တွေနဲ့ Government Accounting စနစ်တွေကို အများပြည်သူသိရှိအောင် ကျေးဇူးပြုပြီးတော့ ရှင်းပြပေးပါ။

**ဒေါ်နွဲ့နွဲ့ဝင်း**
**ညွှန်ကြားရေးမှူးချုပ်**
**ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန**

ကျွန်မအနေနဲ့ နိုင်ငံတော်ရဲ့ ဘတ်ဂျက်ရေးဆွဲပုံစနစ်ကို တင်ပြပါမယ်၊ နိုင်ငံတော်ရဲ့ ဘတ်ဂျက်ဆိုတာကတော့ လာမယ့်ဘဏ္ဍာနှစ်မှာ အဖွဲ့အစည်းတွေရဲ့ ရငွေသုံးငွေတွေကို ကြိုတင်ခန့်မှန်းရေးဆွဲတာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဘတ်ဂျက်မှာ အဓိကအားဖြင့် ဗဟိုအဖွဲ့အစည်းများဘတ်ဂျက်၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများရဲ့ ဘတ်ဂျက်နဲ့ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများဘတ်ဂျက်ဆိုပြီး သုံးပိုင်းပါရှိပါတယ်။ ကျွန်မတို့ဟာ နိုင်ငံတော်ပိုင်အဖွဲ့အစည်းများရဲ့ OA ရငွေတွေအပါအဝင် ရသမျှငွေအားလုံးကို ပြည်ထောင်စုရဲ့ ဘဏ္ဍာရန်ပုံငွေထဲကို ထည့်ရပါတယ်။

သုံးသမျှငွေအားလုံးကိုလည်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကနေ ထုတ်ယူသုံးစွဲရပါတယ်။ အဲဒီလိုထုတ်ယူသုံးစွဲတဲ့အခါမှာ နိုင်ငံတော်ရဲ့ ဘတ်ဂျက်မှာ လျာထားပြီးတော့မှ ပြည်ထောင်စုလွှတ်တော်ကနေ အတည်ပြုပြဋ္ဌာန်းရပါတယ်။

ဒါကိုလည်း ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနဲ့ အတည်ပြုပြဋ္ဌာန်းပြီးမှသာလျှင် ဘတ်ဂျက်ခွင့်ပြုချက်အရ ထုတ်ယူသုံးစွဲရတာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းပေါင်း ၃၂ ခုရှိပါတယ်။ ဒီအဖွဲ့အစည်း ၃၂ ဖွဲ့မှာ OA ဖွင့်လှစ်ထားတာဆိုရင် အဖွဲ့ ၂၀ ရှိပါတယ်။

ကျန်တဲ့ ၁၂ ဖွဲ့ကတော့ ငွေရေးကြေးရေးအဖွဲ့အစည်းဖြစ်တဲ့ ခြောက်ဖွဲ့နဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ပြင်ပမှာရှိတဲ့ အဖွဲ့အစည်း ခြောက်ဖွဲ့ကတော့ OA စာရင်းများ လုံးဝဖွင့်လှစ်ထားခြင်းမရှိပါဘူး။

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတွေက အမြတ်ရရှိတယ်ဆိုရင် ရရှိတဲ့ အမြတ်ရဲ့ ၂၀ ရာခိုင်နှုန်းကို နိုင်ငံတော်ရဲ့ ထည့်ဝင်ငွေကို ပေးဆောင်ရပါတယ်။ ၂၅ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ်ပေးဆောင်ရပါတယ်။ ကျန်တဲ့ ၅၅ ရာခိုင်နှုန်းကို ဘဏ္ဍာနှစ်ကုန်တဲ့အခါမှာ OA လက်ကျန်အနေနဲ့ ရှေ့ပိုင်းဘဏ္ဍာနှစ်ကို သယ်ဆောင်သွားလို့ရပါတယ်။ ရှုံးတဲ့အဖွဲ့အစည်းတွေကတော့ ထည့်ဝင်ငွေတို့၊ ဝင်ငွေခွန်တို့ကို မဆောင်ရပါဘူး။ ဒါပေမဲ့လည်း OA လက်ကျန်တွေကို လာမယ့်ဘဏ္ဍာနှစ်ကို သယ်ဆောင်လို့ ရပါတယ်။

အဲဒီလို သယ်ဆောင်တဲ့ အခါမှာလည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကနေ စာရင်းစစ်ဆေးအတည်ပြုရပါတယ်။ ပြီးတော့မှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က စာရင်းနဲ့ တိုက်ဆိုင်စစ်ဆေးပြီးတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြအတည်ပြုချက် ရယူရပါတယ်။ အဲဒီလို ခွင့်ပြုချက်ရယူပြီးမှသာလျှင် သယ်ဆောင်ရပါတယ်။ ဒါလည်း စာရင်းသဘောသဘာဝအရ စာရင်းကိုပဲ သယ်ဆောင်တာဖြစ်ပါတယ်။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများရဲ့ OA လက်ကျန်တွေဟာဆိုရင် UFA-OA ထဲမှာပဲ ထားရှိသုံးစွဲ ရတာဖြစ်ပါတယ်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

မြန်မာ့စီးပွားရေးဘဏ်ဆိုတာကလည်း ကျွန်တော်တို့ Government ဘတ်ဂျက်မှာပါတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းမှန်သမျှက အခြားဘဏ်မှာ စာရင်းဖွင့်လို့မရပါဘူး၊ မြန်မာ့စီးပွားရေးဘဏ်မှာသာ စာရင်းဖွင့်ကြရပါတယ်။ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများအပါအဝင် ဖွင့်ကြရတာဖြစ်ပါတယ်။ ဒါကြောင့်မို့ မြန်မာ့စီးပွားရေးဘဏ်မှာ ဌာနဆိုင်ရာတွေကနေ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ဖွင့်လှစ်ဆောင်ရွက်ပုံ အကြောင်းလေးကိုလည်း ရှင်းလင်းဆွေးနွေးပေးစေလိုပါတယ်။

**ဦးဝင်းနိုင်ဦး**
**အထွေထွေမန်နေဂျာ**
**မြန်မာ့စီးပွားရေးဘဏ်**

ပြည်ထောင်စုအစိုးရရဲ့ငွေစာရင်းတွေကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်းအနေနဲ့ မြန်မာ့စီးပွားရေးဘဏ်မှာလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှာ ပြည်ထောင်စုအစိုးရရဲ့ အပ်ငွေစာရင်းကိုလည်းကောင်း ဖွင့်လှစ်ပြီးတော့ ထားရှိရပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ မြန်မာ့စီးပွားရေးဘဏ်မှာ ထိန်းသိမ်းထားရှိတဲ့ စာရင်းတွေနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်ဟာ အစိုးရရဲ့စာရင်းတွေကို ပုဂ္ဂလိကစာရင်းတွေနဲ့ ရောနှောမှုမရှိအောင် သီးခြားအနေနဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်းအနေနဲ့ ထိန်းသိမ်းထားရှိပါတယ်။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်းတွေမှာပါရှိတဲ့ စာရင်းတွေကတော့ နိုင်ငံတော်စီးပွားရေး အဖွဲ့အစည်းများရဲ့ စာရင်းတွေ SEE စာရင်း၊ ငွေထုတ်စာရင်းတွေပါ။ နောက်တစ်ခုက စည်ပင်သာယာရေးစာရင်းအဖွဲ့တွေရဲ့ ငွေထုတ်စာရင်းတွေပဲ ဖြစ်ပါတယ်။ နောက်တစ်ခုက ဗဟိုအဖွဲ့အစည်းစာရင်းတွေ၊ ဝန်ကြီးဌာနနဲ့ ဦးစီးဌာနတို့ရဲ့ ငွေထုတ်စာရင်းတွေဖြစ်ပါတယ်။ ပြီးတော့ အခြားစာရင်းရှင်စာရင်း Other Account (OA) စာရင်းနဲ့ လှည့်ပတ်ရန်ပုံငွေစာရင်းများ ဖြစ်ကြပါတယ်။

ဒီစာရင်းတွေဟာ စာရင်းအားဖြင့် အမည်အမျိုးမျိုးဖြစ်နေသော်လည်း မြန်မာ့စီးပွားရေးဘဏ်အနေနဲ့အစိုးရရဲ့ ငွေစာရင်းတွေအားလုံးကို တစုတည်း၊ တပေါင်းတည်းဖြစ်အောင် စုစည်းပြီးတော့ တစ်ခုတည်းသော လက်ကျန်ဖြစ်အောင် ကျွန်တော်တို့ရေးဆွဲရပါတယ်။

မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်ဟာဆိုရင် ဘဏ်ခွဲအသီးသီးကနေ ပေးပို့လာတဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း UFA ရဲ့ ပိုငွေ သို့မဟုတ် လိုငွေတွေကို စုစည်းပြီးတော့ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်း UFA ရဲ့ ပိုငွေ စုစုပေါင်း လိုငွေ စုစုပေါင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ပေးပို့ပြီးတော့ စာရင်းပြန်လည် ရှင်းလင်းရပါတယ်။

ဒ့ါပြင် လစဉ် လကုန်တဲ့အခါမှာလည်း ဘဏ်ခွဲအသီးသီးကပေးပို့တဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း၊ စာရင်းအသီးသီးတွေရဲ့ စာရင်းဖွင့်လက်ကျန်၊ လအတွင်း သွင်းငွေ၊ လအတွင်း ထုတ်ငွေတွေနဲ့ စုစုပေါင်း စာရင်းပိတ်လက်ကျန်တွေကို သတ်မှတ်တဲ့ ရှင်းတမ်းပုံစံတွေနဲ့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို ပေးပို့ပြီးတော့ စာရင်းပြန်လည် ရှင်းလင်းရပါတယ်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

ငွေတိုက်ဦးစီးဌာနက OA စာရင်းတွေနဲ့ ပတ်သက်ပြီးတော့ ခွင့်ပြုတာတို့၊ စောင့်ကြပ်ကြည့်ရှုတာတို့ ပိတ်သိမ်းတဲ့အထိ စီမံခန့်ခွဲရတဲ့ဌာန ဖြစ်တယ်လို့ သိရပါတယ်။ ဒါကြောင့်မို့ SEE တွေရဲ့ OA စာရင်းတွေပဲရှိတာလား၊ အခြား OA စာရင်းတွေရောရှိတာလား ဒါတွေနဲ့ ပတ်သက်ပြီးတော့ OA တွေကို ဘယ်လိုခွင့်ပြုတယ်၊ ဘယ်လိုစောင့်ကြပ်ကြည့်ရှုတယ်ဆိုတဲ့ အကြောင်းလေးတွေကို ရှင်းလင်းပြောကြားပေးစေလိုပါတယ်။

**ဒေါ်စီစီပြုံး**
**ညွှန်ကြားရေးမှူးချုပ်**
**ငွေတိုက်ဦးစီးဌာန**

ကျွန်မတို့ ငွေတိုက်ဦးစီးဌာနအနေနဲ့ကတော့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ OA စာရင်းဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့်ပြုခြင်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်အရ ဆောင်ရွက်ပါတယ်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အခြားစာရင်းရှင်ဆိုတဲ့ UFA-OA ဆိုတဲ့ စာရင်းတွေက မြန်မာ့စီးပွားရေးဘဏ်မှာရှိတဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း အောက်မှာရှိတဲ့ ဘဏ်အမျိုးအစားတစ်ခုပဲဖြစ်ပါတယ်။ ဒီစာရင်းဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်တွေကတော့ အစိုးရဌာနအဖွဲ့အစည်းတွေအနေနဲ့

**စာမျက်နှာ ၈ သို့ »»**

## ပြည်တွင်းရေးရာ

○ စာမျက်နှာ ၅ မှ

မိုးကုတ်ဓာတ်အားရရှိပြီဆိုလျှင် မိုးကုတ်မှ မိုးမိတ်မြို့သို့ ဓာတ်အားလိုင်းအသစ်တည်ဆောက်ပြီးစီးသွားပြီဖြစ်သောကြောင့် ထပ်ဆင့်ဆောင်ရွက်ရမည့် လုပ်ငန်းများကို မတ်လနောက်ဆုံးပတ်အတွင်းတွင် ဆောင်ရွက်ပြီး ဓာတ်အားများကို ပို့လွှတ်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ **မြေပုံမြို့ပေါ်ရှိ ပြည်သူများ၊ ငမန်းရဲကျွန်းတိုက်နယ်ရှိ ကျေးရွာများ မြေပုံမြို့နယ်အတွင်း မဟာဓာတ်အားလိုင်း ဖြတ်သန်းသွားရာဒေသရှိကျေးရွာများ လျှပ်စစ်မီးသုံးစွဲနိုင်ရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရခိုင်ပြည်နယ် မြေပုံမြို့တွင် အိမ်ခြေ ၂၆၀၀ ခန့်ရှိသည့်အနက် တစ်ဝက်ကျော်ကို လက်ရှိဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ မြို့ပေါ်ရပ်ကွက်များ လျှပ်စစ်မီးလင်းရန် ကျန်ရှိသည့်နေရာများ မီးလင်းရန်အတွက် ဗို့ ၄၀၀ ဓာတ်အားလိုင်းပေ ၂၀၆၀ ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ၏ ဖြည့်စွက်ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဲတန်းရပ်ကွက်အတွက် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တိုးချဲ့တည်ဆောက်နိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ၏ ပိုလျှံရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း။

မြေပုံမြို့နယ် ငမန်းရဲကျွန်းတိုက်နယ်ရှိ ကြက်ရေကြီးကျေးရွာ၊ ဝကောက်ကြီးကျေးရွာ၊ ပြင်ချောင်းကျေးရွာ၊ ပြင်ခူချောင်းကျေးရွာ၊ ငမန်းရဲကြီးကျေးရွာနှင့် လွန်းလုံးပိုက်ကျေးရွာစသည့် ကျေးရွာ ခြောက်ရွာအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၁ မိုင်ခန့်နှင့် ၁၁/သုည ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ရှစ်လုံးနှင့် ဗို့ ၄၀၀ ဓာတ်အား ၅ ဒသမ ၅ မိုင် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရ၏ ရန်ပုံငွေထဲတွင် ထည့်သွင်းလျာထားပြီး ဆောင်ရွက်ပေးရန် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြေပုံမြို့နယ်အတွင်း မဟာဓာတ်အားလိုင်းဖြတ်သန်းသွားရာ ဒေသတစ်လျှောက်ရှိ ကျေးရွာများအား ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် မင်းပြားဓာတ်အားခွဲရုံမှ ကြာအင်းတောင်ကျေးရွာအထိ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂၇ ဒသမ ၅ မိုင် တည်ဆောက်ခြင်းနှင့် ကြာအင်းတောင်ကျေးရွာတွင် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံအသစ်တစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများအား ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် ၅ နှစ်စီမံကိန်း ၂၀၂၀-၂၀၂၂ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၏ **ဆိပ်ဖြူလျှပ်စစ်ဓာတ်အားခွဲရုံမှ လက်ဆယ်ကျေးရွာထိ၊ ပင်းတလဲကျေးရွာနှင့် ဆူးလေကုန်းကျေးရွာထိ မီးတိုင်၊ မီးကြိုးများ သွယ်တန်းပြီးဖြစ်ပါ၍ မီးတိုင်၊ မီးကြိုးနှင့် နီးသောကျေးရွာများအား လျှပ်စစ်မီးပေးနိုင်ခြင်း ရှိ၊ မရှိ**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဆိပ်ဖြူဓာတ်အားခွဲရုံမှ စလင်းမြို့နယ် တညောင်ကျေးရွာအထိ တည်ဆောက်ထားသော ၁၁ ကေဗွီ ဓာတ်အားလိုင်းပတ်ဝန်းကျင်တွင် ဆိပ်ဖြူမြို့နယ်အတွင်း ရေလည်ကျွန်း၊ ချင်တောင်၊ တောင်ငယ်လုံး၊ သံဇလုံ၊ ကမ္ဘာကြီး၊ ငွေးပင်ချောင်း၊ ဆူးလေကုန်း၊ ခြောက်အိမ်တန်း၊ ဇီးကပ်၊ မရိုးခုံ၊ ရွာသာအေး၊ ကံသာအေး၊ ရေလည်သောင်၊ ကျီးပင် စသည့်ကျေးရွာ ၁၄ ရွာသည် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း NEP ၏ ပထမအဆင့်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ထားပြီး ဖြစ်ပါကြောင်း။

ထို့အပြင် ဆိပ်ဖြူ- ပင်းတလဲ ၁၁ ကေဗွီ ဓာတ်အားလိုင်း ပတ်ဝန်းကျင်ရှိ ချောင်းမကြီး(အရှေ့)ကျေးရွာ၊ မယ်ဇလီကွေ့ကျေးရွာ၊ ပင်းတလဲကျေးရွာနှင့် တူရွင်းမျောကျေးရွာစသည့် ကျေးရွာလေးရွာအား ဓာတ်အားချိတ်ဆက်ရယူနိုင်ရန်အတွက် လိုအပ်သော ၁၁ကေဗွီ ဓာတ်အားလိုင်း ၂ ဒသမ ၇ မိုင်နှင့် ၁၁/သုည ဒသမ ၄ ကေဗွီ၊ ၂၀၀ အမ်ဗွီအေ ထရန်စဖော်မာ ခြောက်လုံးအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများကို ညှိနှိုင်းပေးသွားမည်ဖြစ်ပါကြောင်း၊ ဆိပ်ဖြူဓာတ်အားခွဲရုံမှ လက်ဆယ်ကျေးရွာအထိ ၁၁ ကေဗွီ ပင်မဓာတ်အားလိုင်း ၁၆ မိုင်သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးသော ဓာတ်အားလိုင်းဖြစ်ပါကြောင်း၊ အဆိုပါ ဓာတ်အားလိုင်းပတ်ဝန်းကျင်ရှိ ကျေးရွာ ၃၀ ခန့်အား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် လိုအပ်သော ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁/သုည ဒသမ ၄ ကေဗွီ ထရန်စဖော်မာများကို နှစ်အလိုက် မကွေးတိုင်းဒေသကြီးအစိုးရ၏ ဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းလျာထားဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ညှိနှိုင်းပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်နှင့် မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းကို ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းက အဆိုတင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က တင်ပြချက်များနှင့်စပ်လျဉ်းသည့် သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ကို မတ် ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

---

❖ ရှေ့ဖုံးမှ

ယင်းသို့ ကြိုးပမ်းမှုများ တိုးတက်မှု လမ်းကြောင်းအပေါ် ရောက်ရှိနေချိန်တွင် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများသည် ရခိုင်ပြည်နယ် အခြေအနေကို ရုတ်တရက်ပြောင်းလဲစေခဲ့ကြောင်း၊ ARSA ၏ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် သွေးထိုးလှုံ့ဆော်မှုများ သက်ရောက်နေချိန်တွင် ထိခိုက်ခံရသည့်သူများအားလုံး၏ လုံခြုံရေးအတွက် တရားဥပဒေစိုးမိုးရေး ပြန်လည်တည်ဆောက်ရန်လိုအပ်ကြောင်း၊ တိုင်းရင်းသား မျိုးနွယ်စုများဖြစ်သည့် ရခိုင်၊ ဒိုင်းနက်၊ မြို၊ သက်၊ မရမာကြီးနှင့် ဗုဒ္ဓဘာသာ၊ မူဆလင်၊ ဟိန္ဒူဘာသာကိုးကွယ်သူများ၏ နေ့စဉ်ဘဝနှင့် အနာဂတ်တို့ကို ဆိုးရွားစွာ ထိခိုက်စေခဲ့ကြောင်း၊ အလားတူ ရခိုင်ပြည်နယ်အတွင်းတွင်သာမက ရခိုင်ပြည်နယ်ပြင်ပသို့ပါ နေရပ်စွန့်ခွာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ သို့သော် ကျေးရွာနှင့် လူအတော်များများမှာ ဆက်လက်တည်ရှိနေသည်ဆိုသည့် အချက်ကို အလေးအနက်ထားပြောကြားခဲ့သည်။ အဆိုပါအချက်ကို သံတမန်များနှင့် ကုလသမဂ္ဂအေဂျင်စီများမှ ၎င်းတို့၏ မကြာသေးမီက ရခိုင်ပြည်နယ်သို့ ခရီးစဉ်များတွင် တွေ့မြင်ခဲ့ကြကြောင်း၊ သို့ရာတွင် နိုင်ငံအချို့က မျှတမှုနည်းသည့် ချဉ်းကပ်မှုမျိုးကြောင့် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာ၏ အမြင်နှင့် သဘောထားပုံစံပြောင်းလဲသွားခဲ့ပြီး နောက်ဆုံးတွင် သမိုင်းက ဆုံးဖြတ်ပေးလိမ့်မည်သာဖြစ်ကြောင်း ပြောကြားခဲ့သည်။

### အပြုသဘောဆောင်သည့် ခြေလှမ်း

အမြဲတမ်းကိုယ်စားလှယ်က ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် နိုင်ငံ့တာဝန်ကို မထမ်းဆောင်မီကပင် လွတ်လပ်ခွင့်၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ လူ့အခွင့်အရေးကို အဓိကဦးစားပေးတာဝန်အဖြစ် သတ်မှတ်ထားသည့် မြန်မာနိုင်ငံခေါင်းဆောင်အနေဖြင့် ဆိုးရွားလှသည့် လူ့အခွင့်အရေး ချိုးဖောက်မှုရှိသည်ဆိုသည့် စွပ်စွဲချက်များအပေါ် ဥပေက္ခာပြုထားသည်ဆိုသော ပြောဆိုချက်မှာ ယုတ္တိမတန်ကြောင်း၊ မြန်မာ့ခေါင်းဆောင်နှင့် အစိုးရအနေဖြင့် ယင်းသို့သော ပြစ်မှုများကို မည်သည့်အခါမျှ ခွင့်လွှတ်သည်းခံမည်မဟုတ်ကြောင်း၊ တိကျခိုင်မာသည့် အထောက်အထားရှိပါက မြန်မာနိုင်ငံအနေဖြင့် အရေးယူရန် အဆင်သင့်ရှိပါကြောင်း၊ အင်းဒင်ဖြစ်စဉ်နှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းများကို ချိုးဖောက်ခဲ့သည့် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရွာသားများကို ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် တာဝန်ခံမှုရှိခြင်းအတွက် အပြုသဘောဆောင်သည့် ခြေလှမ်းတစ်ရပ်ပင် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံ၏အခြေအနေ၊ မြေပြင်အခြေအနေနှင့် ကိုက်ညီသည့် မည်သည့်အစီအစဉ် (သို့မဟုတ်) ယန္တရားနှင့်မဆို ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း၊ သို့ရာတွင် ရေရှည်တည်တံ့မည့်အဖြေတစ်ရပ်ပေါ်ထွက်ရေးအတွက် အကူအညီပေးရန်ဖြစ်ပြီး စိန်ခေါ်မှုများကို ပိုမိုဆိုးရွားစေရန် မဟုတ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၂ ခုနှစ်များမှစ၍ အထူးအစီရင်ခံစာ တင်သွင်းသူများ၏ ခရီးစဉ်များကို လက်ခံပေးခဲ့ကြောင်း၊ မစ္စယန်ဟီလီ၏ မြန်မာနိုင်ငံသို့ ခရီးစဉ်ကို ခြောက်ကြိမ်တိုင်တိုင် စီစဉ်လက်ခံပေးခဲ့ကြောင်း၊ မစ္စယန်ဟီလီနှင့် အကောင်းဆုံးပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့သော်လည်း ပြီးခဲ့သည့် ဇူလိုင်လက မြန်မာနိုင်ငံခရီးစဉ်အပြီး ထုတ်ပြန်သည့် ထုတ်ပြန်ချက်သည် စွပ်စွဲချက်နှင့် အတည်မပြုရသေးသည့်အချက်အလက်များကို အသားပေးဖော်ပြထားပြီး သမာသမတ်နှင့် ဓမ္မဓိဋ္ဌာန်ကျခြင်းမရှိကြောင်း၊ ထို့အပြင် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် အစိုးရပိုင်း၏ရှင်းလင်းပြောကြားမှုများကို ထည့်သွင်းဖော်ပြရန် ပျက်ကွက်ခဲ့ကြောင်း၊ ၎င်းအနေဖြင့် ကျင့်ဝတ်စည်းကမ်းအပေါ် မလိုက်နာခြင်းသည် ၎င်းအား ပြည်သူများက မနှစ်သက်သည့် အချက်ပင်ဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ လွှတ်တော်အတွင်း အကြိတ်အနယ်ဆွေးနွေးခဲ့ကြပြီးနောက် မစ္စယန်ဟီလီနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ခြင်းသည် အကျိုးရှိနိုင်မည်မဟုတ်ဟု ပြည်သူများနှင့် အစိုးရကသဘောရခဲ့ကြောင်း၊ ၎င်းနေရာ၌ အစားထိုးရန် အထူးလိုအပ်လာပြီး တစ်ချိန်တည်းတွင် မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ ယန္တရားနှင့် ပူးပေါင်းဆောင်ရွက်သွားရန် မြန်မာအစိုးရအနေဖြင့် အဆင်သင့်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

### သံသယအမြင်ဖြင့် မရှုမြင်သင့်

ပြန်လည်လက်ခံရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများအနက် မြေထိုးစက်ဖြင့် မြေညှိခြင်းမှာ ယင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုသာဖြစ်ကြောင်း၊ အစိုးရမှ ဆောင်ရွက်သည့် မည်သည့်ကိစ္စမျိုးမဆို အပြစ်သဘော သံသယအမြင်ဖြင့် မရှုမြင်သင့်ကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုက်အဝန်းနှင့် ကုလသမဂ္ဂတို့နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း၊ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့နှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆွေးနွေးလျက်ရှိရာ ယခုဆိုလျှင် concept note ကို လက်ခံရရှိထားပြီး ၎င်းအပေါ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီလုပ်ငန်းစဉ် တိုးတက်မြှင့်တင်ရန်နှင့် လူ့အခွင့်အရေး တိုးတက်မြှင့်တင်ကာကွယ်ရေးတို့တွင် မြန်မာနိုင်ငံ၏အခြေအနေ၊ လိုအပ်ချက်တို့နှင့်အညီ ကြိုးပမ်းမှုများကို နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အပြုသဘောပံ့ပိုးကူညီသွားလိမ့်မည်ဟု မျှော်လင့်ကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

»» စာမျက်နှာ ၇ မှ

လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ လွယ်ကူ လျင်မြန်စွာ ဆောင်ရွက်နိုင်ဖို့၊ နောက်တစ်ခါ သူတို့အနေနဲ့အချိန်နဲ့ တစ်ပြေးညီဆောင်ရွက်နိုင်ဖို့ ငွေထုတ်ငွေသွင်းပြုလုပ်တဲ့ အခါမှာ ငွေလက်ကျန် ဘောင်အတွင်းမှာ လွယ်လင့်တကူ ဆောင်ရွက်နိုင်ဖို့ဆိုပြီးတော့ OA စာရင်းတွေကို ဖွင့်လှစ်ခွင့်ပြုခြင်း ဖြစ်ပါတယ်။

ဖွင့်လှစ်ခွင့်ပြုထားတဲ့ UFA-OA စာရင်းအနေနဲ့ကတော့ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းတွေကနေပြီးတော့ မိမိဘဏ္ဍာငွေနဲ့ ဆောင်ရွက်တဲ့ ကိစ္စရပ်တွေကို ပထမဦးစွာ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတွေကနေ Work Capital က ထည့်သွင်းပြီးတော့ အသုံးပြုနိုင်ဖို့အတွက် ဖွင့်လှစ်ထားတာပါ။ အဲဒါကိုတော့ SEE-OA လို့ခေါ်ပါတယ်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၇ အရ ဖွင့်လှစ်ခွင့်ပြုထားတဲ့ ငွေကြေးကိစ္စရပ်တွေ ဥပမာ-ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ကနေ ထောက်ပံ့ငွေပေးတာတွေရှိပါတယ်။ အဲဒီထောက်ပံ့ငွေတွေကို ထည့်သွင်းပြီးတော့ သုံးစွဲတာမျိုးဖြစ်ပါတယ်။ နောက်တစ်ခုက လုပ်ငန်းရဲ့ လိုအပ်ချက်အရ ဖွင့်လှစ်ခွင့်ပြုတဲ့ ကိစ္စရပ်တွေပါ။ အဲဒါတွေက ပြည်ပချေးငွေတွေ၊ ပြည်ပအကူ အညီတွေရရှိတယ်။ ရရှိတဲ့အခါမှာ ငွေတွေရဲ့ အဝင်အထွက်တွေကို ထင်သာမြင်သာရှိနိုင်ဖို့အတွက် UFA-OA စာရင်းတွေ ဖွင့်လှစ်ပြီးတော့ သုံးစွဲကြတာဖြစ်ပါတယ်။

နောက်ဆုံးတစ်ခုက ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်အရဆောင်ရွက်တဲ့ ကိစ္စရပ်တွေ ဥပမာ-သဘာဝဘေး ရန်ပုံငွေတွေကို ဖွင့်လှစ်ပြီး သုံးစွဲတာမျိုးရှိပါတယ်။ ဒါတွေက ခုနကပြောခဲ့တဲ့ SEE-OA လည်း ရှိပါတယ်။ တခြားရိုးရိုး OA တွေလည်း ရှိပါတယ်။ ကျွန်မတို့ မြန်မာ့စီးပွားရေးဘဏ်မှာရှိတဲ့ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ စာရင်းအောက်မှာ ဖွင့်ထားတဲ့ တလုံးတစည်းရှိနေတဲ့ UFA-OA စာရင်းတွေပဲ ဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရရဲ့ ငွေစာရင်းနှစ်ခုရှိတာကို ရှင်းပြချင်ပါတယ်။ တစ်ခုက မြန်မာ့စီးပွားရေးဘဏ်မှာရှိတဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းဖြစ်ပါတယ်။ ဒါက မြန်မာ့စီးပွားရေးဘဏ်မှာရှိပါတယ်။ နောက်တစ်ခုက မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေ ထိန်းသိမ်းထားရှိတဲ့ ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်းဆိုတာ ရှိပါတယ်။ ဒီစာရင်းနှစ်ခုဟာ ဆက်စပ်မှုရှိပါတယ်။

ဘယ်လို ဆက်စပ်သလဲဆိုရင် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်းကြီးကို အပတ်စဉ်၊ လစဉ်၊ နှစ်စဉ် စာရင်းတွေကို ရှင်းလင်းညှိနှိုင်းပြီး ပိတ်သိမ်းပါတယ်။ ပိတ်သိမ်းပြီးဖြစ်ပေါ်လာတဲ့ ပိုငွေလိုငွေတွေက ဗဟိုဘဏ်မှာ ထိန်းသိမ်းထားရှိတဲ့ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းမှာသွားပြီးတော့ စာရင်းရှင်းလင်းတာမျိုး ရှိပါတယ်။ ဒီစာရင်းနှစ်ခုက ဆက်စပ်မှုရှိကြောင်း ရှင်းလင်းလိုပါတယ်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

ပြည်ထောင်စုလွှတ်တော်ရဲ့ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီက သဘောထားမှတ်ချက်ပြုထားတဲ့ အထဲမှာလည်း SEE တွေရဲ့ UFA-OA စာရင်းတွေက Government Deposit Account နဲ့ ဘယ်လို ဆက်သွယ်မှုရှိသလဲဆိုတာ ရှင်းပြပေးပါဆိုတဲ့ အချက်ပါပါတယ်။

အထူးသဖြင့် ကျန်တဲ့ OA တွေတော့ ထားလိုက်ပါ။ အထူးသဖြင့် SEE တွေရဲ့ OA တွေက Government Deposit Account တွေ ဘယ်လို ချိတ်ဆက်ပြီးတော့ ဘယ်လို အဝင်အထွက် ရှိနေတယ်ဆိုတာတွေကို ထပ်မံပြီးတော့ ရှင်းပြပေးပါ။

**ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်း**

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းအောက်မှာ SEE-OA ဆိုတာရှိပါတယ်။ ပြီးရင် တခြား UFA - OA စာရင်းဆိုတာရှိပါတယ်။ ဒါတွေအားလုံးဟာ UFA-OA စာရင်းတွေပဲဖြစ်ပါတယ်။ အဲဒီတော့ UFA,OA စာရင်းတစ်ခုလုံးကို စာရင်းရှင်းတဲ့အထဲမှာ SEE-OA က အလိုအလျောက်ပါပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့ UFA Account ကနေပြီးတော့ ဖြစ်ပေါ်လာတဲ့လိုငွေ၊ ပိုငွေအားလုံးဟာ Government Deposit Account ထဲကိုရောက်သွားတဲ့အတွက် Government Deposit Account မှာရှိတဲ့ လိုငွေကိစ္စကို SEE-OA မှာရှိတဲ့ လက်ကျန်ငွေတွေက သွားပြီးတော့ လိုငွေကို ဖြည့်ဆည်းတဲ့ သဘောသက်ရောက်သွားတဲ့အတွက် သူတို့နှစ်ခုက ဆက်စပ်သွားပြီးဖြစ်ပါတယ်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

SEE တွေရဲ့ UFA-OA ဆိုတာ သူ့ရဲ့နာမည်အခေါ်အဝေါ်ကတော့ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်း အခြားစာရင်းရှင်လို့ခေါ်ပြီး Union Fund Account -Other Account လို့ခေါ်ပါတယ်။ အတိုအားဖြင့် UFA-OA လို့ ခေါ်ရမယ့် စာရင်းဖြစ်တာကို ကျွန်တော်တို့ နားလည်ပါတယ်။ SEE တွေရဲ့ UFA-OA က ဘယ်လိုဖြစ်လာလဲ။ အရင်ကတည်းက ရှိတာလား၊ ဒါမှမဟုတ် ဘယ်နှခုနှစ်ကစပြီးတော့ ပေါ်ပေါက်လာပြီးတော့ ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဖွင့်လှစ်ခဲ့ရတာလဲဆိုပြီး ဒါလေးကိုလည်း ရှင်းပြစေလိုပါတယ်။

**ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်း**

၂၀၁၂ - ၂၀၁၃ ဘဏ္ဍာနှစ်မတိုင်မီက UFA-OA ဆိုတာမရှိပါဘူး။ SEE Account တစ်ခုပဲရှိပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်က စပြီးတော့ ကျွန်မတို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ညွှန်ကြားချက်အမှတ် ၅၄၇ ထုတ်ပြန်ပြီးတော့မှ UFA-OA စာရင်းကို ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်နောက်ပိုင်းမှာ SEE တွေဟာ ဆိုရင် SEE Account ဆိုတာရှိသလို အဲဒီ SEEAccount ကလည်း UFA SEE Account ပါပဲ။ UFA-OA Account ဆိုပြီးတော့ Account နှစ်ခုဖြစ်ပေါ်လာတာဖြစ်ပါတယ်။

အဲဒီလိုဖြစ်ပေါ်လာတဲ့ အဓိကရည်ရွယ်ချက် နှစ်ချက်ရှိပါတယ်။ ပထမ အချက်ကတော့ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတွေကို စီးပွားရေးဆန်ဆန်ဆောင်ရွက်ဖို့ပဲဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ မိမိငွေကြေးအစီအစဉ်နဲ့ မိမိရပ်တည်နိုင်ပြီး ဆောင်ရွက်နိုင်ဖို့ပဲဖြစ်ပါတယ်။ ဒါလည်း ရေရှည်မှာ တချို့ SEE တွေက Corporatization ကို သွားနေလို့ပဲ ဖြစ်ပါတယ်။

တကယ်လို့ ရာနှုန်းပြည့် Corporatization ဖြစ်သွားမယ်ဆိုရင်တော့ သူတို့က နိုင်ငံတော်ရဲ့ ဘတ်ဂျက်မှာ မပါဝင်တော့ဘဲနဲ့ ပြင်ပကိုရောက်ရှိသွားမှာ ဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈။)**
**၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်**
**(၂၀၁၈ ခုနှစ်၊ မတ်လ ၁၃ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁
## အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့ထိ ကုန်ဆုံးသည့် ကာလအတွက် ဖြစ်ရမည်။
(ဂ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂
## နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

### အခန်း(၁)
### ရငွေများနှင့်သုံးငွေများ

၂။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့်(၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကိုစီမံခန့်ခွဲခြင်းပြုရမည်။
(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။
(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။
(ခ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပုဒ်မ ၁၁ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။
(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၁၁ အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ် ထောက်ပံ့ခြင်း၊ လိုအပ်သည့်ချေးငွေများ ထုတ်ချေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

### အခန်း(၂)
### ငွေချေးယူခြင်း

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ၊ ပြည်ထောင်စုက တာဝန်ယူရသော ချေးငွေစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ချေးငွေရယူသည့်အခါ သင့်သည် ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းအတွက် အတိုးနှုန်းနှင့် လိုအပ်သောစည်းကမ်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးမှ သတ်မှတ်နိုင်သည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ် အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းနှင့် ရောင်းချခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တာဝန်ပေးအပ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပမှ ငွေချေးယူနိုင်သည်။ ပြည်ပမှရရှိသော ချေးငွေများကို နိုင်ငံတော်နှင့်အကျိုးတူ ဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များ သတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်းပါ ကိစ္စရပ်များ အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။
(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေအခန်း (၁၀) နှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်းပါ ငွေချေးယူသောကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၁။ ဇယား(၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသော ချေးငွေစာချုပ်ချုပ်ဆိုပြီးသည့် ပြည်ပချေးယူရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသော ငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်းဖြင့်ဖြစ်စေ၊ ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှဖြစ်စေ ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုခဲ့သည့် သုံးငွေများကို ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ခွင့်ပြုခဲ့သည့် သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၂။ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့် ကာလအတွင်း ဤအခန်းအရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူရရှိသည့် ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်း လေးဆယ့်နှစ်သိန်းထက် မပိုစေရ။

### အခန်း(၃)
### ပြည်ပအကူအညီရယူခြင်း

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းအတွက် သော်လည်းကောင်း ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခွင့်ပြုနိုင်သည်။

၁၄။ ဇယား(၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီ ရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသော ငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်း နည်းလမ်း၊ ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့် နည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုသည့်သုံးငွေများကို ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ခွင့်ပြုခဲ့သည့်သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

### အခန်း(၄)
### ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

၁၅။ လူမှုဖူလုံရေးအဖွဲ့သည် မိမိတို့၏ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့အပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၁၆။ (က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။
(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။
(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။
(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့အား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့် ဖြစ်စေ၊ ချေးငွေဖြင့် ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူ ဆောင်ရွက်ခွင့်ပြုနိုင်သည်။

၁၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေတို့ဖြင့် ရပ်တည်ပြီး ယင်းရန်ပုံငွေမှ အကျိုးခံစားခွင့်များပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့် ချေးငွေများထုတ်ချေးခြင်း၊ လူမှုဖူလုံရေး အိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*




## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး Myanmar-Japan Economic Conference သို့ တက်ရောက်

**နေပြည်တော် မတ် ၁၃**

Myanmar-Japan Economic Conference အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်နှင့် မြန်မာ-ဂျပန်စီးပွားရေးကော်မတီဥက္ကဋ္ဌ Mr. Ken KOBAYASHI တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက တတိယအကြိမ် ဂျပန်-မြန်မာ ပူးတွဲစီးပွားရေးကွန်ဖရင့်သို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားခဲ့သည်။ အလားတူ ဂျပန်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Shin Zo ABE မှ ပေးပို့သည့် သဝဏ်လွှာအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi HIGUCHI က ဖတ်ကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အင်းလျားကန် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်နေပြီး ပြည်တွင်းသာမက ပြည်ပဧည့်သည်များပါ အပန်းဖြေနားနေနိုင်ရေး အဆင့်မြှင့်တင်ရန် အစီအစဉ်ရှိ

**ရန်ကုန် မတ် ၁၃**

ရန်ကုန်မြို့ရှိ အင်းလျားကန်ကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်မှုများ ပြုလုပ်နေပြီး ပြည်တွင်းရှိ ပြည်သူများသာမက ပြည်ပဧည့်သည်များပါ လာရောက်အပန်းဖြေနိုင်သည့် နေရာတစ်ခုအဖြစ် အဆင့်မြှင့်တင်ရန် အစီအစဉ်ရှိကြောင်း ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောသည်။

အင်းလျားကန် စနစ်တကျထိန်းသိမ်းရန်နှင့် ရန်ကုန်မြို့တွင်း ပြည်သူများသာမက နိုင်ငံတကာ ခရီးသွားများပါ အပန်းဖြေနိုင်သော နေရာတစ်ခုအဖြစ် အဆင့်မြှင့်တင်ရန် အစီအစဉ် ရှိ၊ မရှိ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်မာဌေးက မတ် ၁၂ ရက်က ကျင်းပခဲ့သည့် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် မေးမြန်းခဲ့မှုအပေါ် မြို့တော်ဝန်က ပြန်လည်ဖြေကြားပေးခဲ့ခြင်းဖြစ်သည်။

"ရန်ကုန်မြို့တွင်း ပြည်သူတွေသာမက နိုင်ငံတကာ ခရီးသွားတွေပါ အပန်းဖြေနိုင်တဲ့ နေရာတစ်ခုအဖြစ် အဆင့်မြှင့်တင်ပေးဖို့ အစီအစဉ်ရှိပါတယ်၊ အင်းလျားကန် သန့်ရှင်းလှပရေးအတွက် ဒိုက်ဆယ်စက်နဲ့ ကန်အတွင်း အမှိုက်တွေကို ဆယ်ယူရှင်းလင်းနေပါတယ်၊ လူသွားလူလာများတဲ့အတွက် အမှိုက်ကို နည်းသထက်နည်းအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုတွေ လျော့နည်းစေဖို့ လိုအပ်ပါတယ်"ဟု ဖြေကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။

ယင်းအပြင် အင်းလျားကန်ရေပြင် အရည်အသွေးကောင်းမွန်စေရန် အင်းလျားကန်ပတ်ဝန်းကျင်ရှိ စားသောက်ဆိုင်များတွင် သန့်စင်မှုစနစ်ကို တပ်ဆင်ပေးပြီး ရေဆိုးစွန့်ပစ်ထိပ် ငါးပေ ပတ်လည်ကို သဲဖို့ခြင်း၊ ရေစစ်ယူခြင်း၊ လေ့လှော်ရွက်တိုက်အသင်း၏ ရေဆိုးစွန့်ထုတ်မှုအပေါက်တွင် ရေမျက်နှာပြင်နှင့် ၁၀ ပေအကွာမှ စွန့်ထုတ်စေခြင်း၊ ကန်ပေါင်ရှိ အကြော်ဆိုင်များမှ စွန့်ထုတ်ရေဆိုးများကိုလည်း သန့်စင်ရေအဖြစ်ပြောင်းကာ ဘွဲ့နှင်းသဘင်နောက်ဘက်ရှိ အင်းလျားလမ်း မြောင်းမကြီးသို့ စွန့်ထုတ်စေကြောင်း မြို့တော်ဝန်က ထည့်သွင်းပြောကြားသွားသည်။

အလားတူ မြကျွန်းသာဘက် စားသောက်ဆိုင်များကိုလည်း ရေဆိုးစွန့်ထုတ်ရာတွင် သန့်စင်အောင် စွန့်ထုတ်စေသည့်အပြင် လာမည့် ဘဏ္ဍာနှစ်တွင် ကမ္ဘာအေးစေတီလမ်းဘက်ခြမ်း အင်းလျားကန်ကို အဆင့်မြှင့်တင်ဆောင်ရွက်ရန် အစီအစဉ်များရှိကြောင်း ပြောကြားခဲ့သည်။

လက်ရှိ အင်းလျားကန်တွင် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက အများပြည်သူ လုံခြုံရေးအတွက် အပန်းဖြေနိုင်ရန် ပြည်လမ်းဘက်တွင် CCTV ကင်မရာ ၃၄ လုံးကို လည်းကောင်း၊ ကမ္ဘာအေးဘက်ခြမ်းတွင် CCTV ကင်မရာ ၃၉ လုံးကို လည်းကောင်း တပ်ဆင်ထားပြီး မီးဆလိုက်များကိုလည်း နှစ်ဖက်ပေါင်း ၇၅ တိုင် စိုက်ထူပေးထားကြောင်း သိရသည်။

**၀၀၁**

**မောင်တောဒေသမှ**

သတ်မှတ်ထားပါတယ်၊ ဒီကလေးတွေကို ကျန်းမာရေးဌာနက ဂရုတစိုက် စောင့်ရှောက်ပေးရပါမယ်၊ အခု ဝေငှပေးခဲ့တဲ့ High Energy ကို အသုံးပြုရမယ်၊ ကလေးတွေရဲ့ ချို့တဲ့နေတဲ့အာဟာရကို ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းတွေက မြှင့်တင့်ပေးရတဲ့ အခြေအနေဖြစ်ပါတယ်" ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က ပြောသည်။

ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုယ်ဝန်ဆောင်စဉ်ကာလကတည်းက ကျန်းမာရေးစောင့်ရှောက်မှု ခံယူပြီး အာဟာရနှင့်ပတ်သက်သည်များကို တိတိကျကျ လိုက်နာဆောင်ရွက်ခဲ့မည်ဆိုပါက မွေးဖွားသည့်ကလေးများသည် ကျန်းမာသန်စွမ်းလာမည်ဖြစ်ကြောင်း၊ အသက်တစ်နှစ်မှ ငါးနှစ်ရှိ ကလေးငယ်များကို ဗီတာမင်အေ ယူနစ်နှစ်သိန်းရှိ ဆေးနှင့် သန်ချဆေးကို ခြောက်လတစ်ကြိမ် ပုံမှန်တိုက်ကျွေးပေးနေကြောင်း၊ ဘူးသီးတောင်၊ မောင်တောဒေသတွင် ကျန်းမာရေးဝန်ထမ်းများကို အာဟာရနှင့်ပတ်သက်သည့် သင်တန်းများ ပို့ချပြီး နှစ်နှစ်အောက်ကလေးများ၏ အစာကျွေးခြင်းနှင့် ပတ်သက်သည့် နှစ်သိမ့်ဆွေးနွေးခြင်း မြို့နယ်အဆင့် သင်တန်းများပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက "မောင်တောဒေသ အပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံးမှာရှိတဲ့ ကိုယ်ဝန်ဆောင်မိခင်နဲ့ နှစ်နှစ်အောက်ကလေးတွေအတွက် ငွေကြေးထောက်ပံ့တဲ့ အစီအစဉ်ပါ၊ နောက်ထပ် ကလေးငယ်တွေရဲ့ အာဟာရ ဖွံ့ဖြိုးရေးကိုလည်း အဓိကထား လုပ်ပါတယ်၊ ဒီအစီအစဉ်ကို ဆောင်ရွက်တာ လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်ရဲ့ အောက်မှာပါ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အစိုးရသစ်လက်ထက်မှာ လူတိုင်း လူတိုင်း လူ့ဂုဏ်သိက္ခာနဲ့ ပြည့်စုံရေးအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးနည်းလမ်းကို ဆောင်ရွက်မယ်ဆိုပြီး သန္နိဋ္ဌာန်ချ ဆောင်ရွက်ပါတယ်၊ လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်မှာ ဘဝတစ်လျှောက်လုံး ကိုယ်ဝန်ဆောင်ဘဝကနေစပြီး သက်ကြီးရွယ်အိုအထိ လူ့ဂုဏ်သိက္ခာနဲ့ ညီအောင် ဆောင်ရွက်ပါတယ်၊ ဆောင်ရွက်တဲ့နေရာမှာ အစီအစဉ်ရှစ်ရပ်ဆွဲထားတယ်၊ ရှစ်ရပ်ထဲကမှ အစွန်းနှစ်ဖက်ကို အဓိကထားလုပ်ပါတယ်၊ အဲဒါကတော့ ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ အသက်နှစ်နှစ်အောက်ကလေးတွေကို ငွေကြေးထောက်ပံ့ပေးတဲ့ အစီအစဉ်ပါ၊ လူသားဘဝအစ ရက် ၁၀၀၀ မှာ ဉာဏ်ရည်တွေဖွံ့ဖြိုးဖို့အတွက် အာဟာရဖွံ့ဖြိုးရေးကို အဓိကထားတဲ့ အစီအစဉ်စတာဖြစ်ပါတယ်၊ အဲဒီအစီအစဉ်မှာ ကိုယ်ဝန်ဆောင်မိခင်အတွက် တစ်နေ့ကို ငွေကျပ် ၅၀၀ နဲ့ တစ်လ ၁၅၀၀၀ ကို အာဟာရ အပိုစားစေချင်လို့ ပေးလိုက်တာပါ၊ ပေးလိုက်ရတဲ့ရည်ရွယ်ချက်ကလည်း အာဟာရညွှန်းကိန်းတွေအရ နိမ့်တဲ့နေရာတွေမှာပါ၊ နိမ့်တယ်ဆိုတာက နာတာရှည်အာဟာရက ပုညက်မှုနဲ့တိုင်းတယ်၊ လတ်တလောအာဟာရက ပိန်လှီမှုနဲ့တိုင်းတယ်၊ ပိန်လှီမှုတွေ၊ ပုညက်မှုတွေ ကလေးသူငယ်မှာ များနေပြီဆိုရင် အဲဒီဒေသမှာရှိတဲ့ အာဟာရဖွံ့ဖြိုးရေးတွေ ဆောင်ရွက်ဖို့လိုလာပြီဆိုတဲ့ အညွှန်းကိန်းတွေပြတယ်၊ အဲဒီအညွှန်းကိန်းတွေအရ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နေရာသုံးခုမှာ လုပ်ပါတယ်၊ တစ်နေရာမှာ လူမှုကာကွယ်ရေးစောင့်ရှောက်ရေးအစီအစဉ်ပေးမယ်ဆိုရင် လူသားအားလုံးကို လွှမ်းခြုံရမယ့် အစီအစဉ်ပါ၊ အဲဒီအတွက် ဆောင်ရွက်ပါတယ်" ဟု ပြောသည်။

"သက်ကြီးပင်စင်တွေကျတော့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ အသက်(၉၀)အထက်တွေကို အကုန်ပေးလိုက်တယ်၊ လူတစ်ယောက်ရယ်လို့ ဖြစ်လာရင် လူ့ဂုဏ်သိက္ခာနဲ့ ပြည့်ဝဖို့က အရေးကြီးပါတယ်၊ အဲဒီလိုပြည့်ဝဖို့ဆိုရင် ကလေးသူငယ်ဘဝကတည်းက စတယ်၊ ကလေးသူငယ်မှာလည်း အခွင့်အရေးလေးရပ်ရှိတယ်၊ ဒီအခွင့်အရေးတွေ ပြည့်စုံမှသာ ကလေးရဲ့ ဂုဏ်သိက္ခာအခွင့်အရေးတွေ ပြည့်စုံမှာပါ၊ ဒါတွေဟာ ကလေးသူငယ်ကတည်းကစတယ်ဆိုတာကို ပြည်သူလူထုကို သိစေချင်ပါတယ်၊ နောက်မွေးလာမယ့် မျိုးဆက်သစ်ကလေးတွေမှာ ဦးနှောက်ဖွံ့ဖြိုးဖို့ ဉာဏ်ရည်ဖွံ့ဖြိုးဖို့ အာဟာရဖွံ့ဖြိုးမှုနဲ့စပြီးတော့ ဆောင်ရွက်စေချင်ပါတယ်၊ အထူးသဖြင့် ရခိုင်ပြည်နယ်မှာ ဆောင်ရွက်တဲ့အခါမှာ တိုင်းရင်းသားလူမျိုးတွေသာမကဘဲ ရခိုင်ပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ လူတွေအားလုံး အကျုံးဝင်ပါတယ်လို့ ပြောချင်ပါတယ်၊ ကိုယ်ဝန်ဆောင်မိခင်၊ နို့တိုက်မိခင် အာဟာရဘယ်လိုစားရမယ်၊ နှစ်နှစ်အောက်ကလေးတွေ အာဟာရစားတဲ့ ပုံစံတွေကျတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်ပေးတယ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက မြို့နယ်အဆင့်ထိ ရုံးတွေမဖွင့်နိုင်သေးဘူး၊ ဒီအစီအစဉ်တွေ ဆောင်ရွက်တဲ့အခါ ကိုယ်ဝန်ဆောင်မိခင်တွေ၊ သက်ကြီးရွယ်အိုတွေ စာရင်းကောက်တဲ့နေရာမှာ အထွေထွေအုပ်ချုပ်ရေးမှူးရုံးနဲ့ ပူးပေါင်းဆောင်ရွက်ပါတယ်၊ ဌာနပေါင်းစုံပေါင်းစပ်ပြီး ဆောင်ရွက်တဲ့ အစီအစဉ်ဖြစ်ပါတယ်၊ ဒီအစီအစဉ်ကို ၂၀၁၄ ခုနှစ်ကတည်းက ရေးဆွဲထားတာပါ၊ ရေးဆွဲတဲ့နေရာမှာလည်း မြန်မာနိုင်ငံ အခြေအနေနဲ့ လိုက်လျောညီထွေမယ့် နိုင်ငံတကာပညာရှင်တွေလည်းပါပြီးတော့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ရေးဆွဲထားတဲ့အစီအစဉ်ပါ၊ ပီပီပြင်ပြင် အကောင်အထည်ဖော်နိုင်တာကတော့ ၂၀၁၆-၂၀၁၇ ခုနှစ်ကစပြီး အကောင်အထည်ဖော်နိုင်တာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်ဒေသများတွင် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ သင်တန်းများနှင့် ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးများအား ထောက်ပံ့ကြေးငွေများ ပေးအပ်ခြင်းကို ကျန်းမာရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့က ပူးပေါင်းပြီး ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်နှင့် ကူညီပေးနိုင်ရန်အတွက် အခြေခံကျန်းမာရေးဝန်ထမ်းများကို စနစ်တကျ သင်တန်းများပေးကာ ဆောင်ရွက်လျက်ရှိသည်။ မောင်တောဒေသတွင် ကိုယ်ဝန်ဆောင်မိခင် ၁၁၅၈ ဦးနှင့် နှစ်နှစ်အောက် ကလေးငယ် ၁၀၂၆ ဦးအား ထောက်ပံ့ကြေးငွေများ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ကျော်သူဝင်း၊ အေးမင်းသူ**



## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် စာနယ်ဇင်းမီဒီယာများအနေဖြင့် သတ်မှတ်နေရာများမှသာ သတင်းရယူနိုင်မည်

**ရန်ကုန် မတ် ၁၃**

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းနှင့် စာနယ်ဇင်းအားလုံးကို အနုပညာရှင်များ စတင်ဝင်ရောက်သည့် ဝင်ပေါက်မှအစပြု၍ MEP အတွင်းသို့ဝင်ရောက်သည့် နောက်ဆုံးအဆင့်အထိ သတ်မှတ်နေရာမှသာ သတင်းရယူနိုင်မည်ဖြစ်ကြောင်း မတ် ၁၃ ရက် မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ပြုလုပ်သော အစည်းအဝေးမှ သိရသည်။

အဆိုပါအစည်းအဝေးကို ၂၀၁၇ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားတွင် ပုံနှိပ်မီဒီယာများ၊ Online Media များအနေဖြင့် အဆင်ပြေစွာ သတင်းရယူနိုင်ရန်အတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ မီဒီယာကောင်စီနှင့် Forever Group တို့မှ စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။

အစည်းအဝေးတွင် တရားဝင်မှတ်ပုံတင်ထားသည့် Online Media များအနေဖြင့် သတင်းရယူလိုပါက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ မြန်မာကျပ်ငွေ ငါးသိန်းပေးသွင်းရမည်ဖြစ်ပြီး တိုက်ရိုက်ရုပ်သံထုတ်လွှင့်ခြင်းများကိုမူ ပြုလုပ်နိုင်လိမ့်မည်မဟုတ်ကြောင်း သိရသည်။ ထို့ပြင် မီဒီယာတိုက်တစ်ခုလျှင် စာနယ်ဇင်းဝန်ထမ်းနှစ်ဦးသာ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ၎င်းတို့အနေဖြင့်လည်း သတ်မှတ်ထားသည့် မီဒီယာဇုန်များမှသာ သတင်းရယူခွင့်ရမည်ဟု သိရသည်။

"MEP အတွင်းမှာ ကျင်းပမှာဆိုတော့ ပရိသတ် ၃၀၀၀ ဝင်ဆံ့နိုင်ဖို့ ဆောင်ရွက်ရတဲ့အခါ နေရာအခက်အခဲရှိတယ်၊ ဒါကြောင့် မီဒီယာတွေ သတင်းရယူဖို့ ဇုန် A နဲ့ ဇုန် B နေရာနှစ်နေရာ သတ်မှတ်ပေးထားတာပါ၊ ဇုန် A မှာကျတဲ့သူက ခန်းမအတွင်း သတင်းဓာတ်ပုံရယူနိုင်မယ်၊ ဇုန် B မှာ ကျတဲ့သူက အပြင်ကပဲ သတင်းရယူနိုင်မယ်၊ ဒီတော့ ဇုန် B မှာကျတဲ့သူက ဇုန် A ထဲ ဝင်လို့မရဘူး၊ ဒီအတွက်လည်း ခန်းမအတွင်း သတင်းရယူခွင့်မရတဲ့ စာနယ်ဇင်းမီဒီယာတွေအတွက် နားနေနိုင်ဖို့ မီဒီယာခန်းမ ပြုလုပ်ပေးထားပါတယ်" ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ပြောသည်။

အခမ်းအနားကျင်းပနေစဉ် MEP အတွင်းမှ တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်ခြင်းများကို အခြားရုပ်သံမီဒီယာများအနေဖြင့် တိုက်ရိုက်ထုတ်လုပ်ခွင့်ရမည်မဟုတ်ဘဲ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ခွင့်ပြုချက်ဖြင့် Forever Group ရိုက်ကူးရေးအဖွဲ့မှသာ စီစဉ်ဆောင်ရွက်မည်ဖြစ်သည်။ ထို့ပြင် ရိုက်ကူးနေချိန်အတွင်း ဆုရရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် သီးခြားနေရာတွင် တွေ့ဆုံမေးမြန်းခြင်းအစီအစဉ်များကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

အခြား စာနယ်ဇင်းမီဒီယာများအနေဖြင့် အခမ်းအနားမကျင်းပမီနှင့် ကျင်းပနေစဉ်အတွင်း အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် တွေ့ဆုံမေးမြန်းခြင်းအစီအစဉ်များကို ပြုလုပ်နိုင်မည်မဟုတ်ဘဲ MEP အတွင်း မဝင်ရောက်မီ ဝင်ပေါက်အနီး၊ နားနေခန်းတွင် ဧည့်ခံကျွေးမွေးစဉ်နှင့် အခမ်းအနားပြီးဆုံးချိန်များတွင် တွေ့ဆုံမေးမြန်းနိုင်မည်ဟု သိရသည်။

သို့ဖြစ်ရာ ခန်းမအတွင်း သတင်းရယူခွင့်မရသည့် စာနယ်ဇင်းမီဒီယာများအတွက် အခမ်းအနားအတွင်း ရိုက်ကူးနေသော ရိုက်ကူးမှု ပြကွက်များကို ကျန်သည့် ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ရည်ရွယ်၍ ပွဲချိန်တွင်း စီဒီခွေများ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အကယ်ဒမီဆုချီးမြှင့်ပွဲကြီးကို လာမည့် မတ် ၂၃ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Event Park ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

## ခိုးမှုကျူးလွန်သူ အမျိုးသမီးအား ဖမ်းဆီးစစ်ဆေးရာမှ အခြားခိုးမှုတစ်မှု ထပ်မံပေါ်ထွက်နိုင်



**ရန်ကုန် မတ် ၁၃**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တွင် စိန်နားကပ်တစ်ရန်၊ ပုလဲနှင့် စိန်စီခြယ်ထားသော နားကပ်တစ်ရန်၊ အမေရိကန်ဒေါ်လာ၊ ထိုင်းဘတ်ငွေနှင့် မြန်မာငွေကျပ်များ စုစုပေါင်းတန်ဖိုး ၇၆၆၀၀၀၀ တို့ ပျောက်ဆုံးနေကြောင်း တိုင်တန်းချက်အရ မရမ်းကုန်းမြို့မရဲစခန်းက ခိုးယူသူအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူမှာ မှော်ဘီမြို့နယ်နေ ရီရီချို (၃၄)နှစ်ကို မတ် ၁ ရက် ညနေ ၃ နာရီခန့်တွင် မရမ်းကုန်းမြို့နယ် အမှတ်(၆)ရပ်ကွက် ဇေယျာခေမာလမ်းပေါ်တွင် ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ ရီရီချိုအား ထပ်မံစစ်ဆေးရာ ၎င်းသည် ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်းက မရမ်းကုန်းမြို့နယ် (၆)ရပ်ကွက်ရှိ နေအိမ်ခြံဝင်းအတွင်းသို့ ဝင်ရောက်၍ အိပ်ခန်းအတွင်းမှ အမေရိကန်ဒေါ်လာ ၁၀၀ တန် ၄၅ ရွက် ခိုးယူခဲ့ပြီး ဇော်ထက်အောင်(ခ)ဂွမ်းလေးအား ရောင်းချခိုင်းကြောင်း စစ်ဆေးသိရှိရသဖြင့် ရောင်းချပေးသူကို ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ မတ် ၅ ရက်တွင် ဒလမြို့နယ်နေအိမ်မှ ဇော်ထက်အောင်(ခ) ဂွမ်းလေးအား ဖမ်းဆီးရမိခဲ့သဖြင့် မရမ်းကုန်းမြို့မရဲစခန်းက သက်သေခံဒေါ်လာ ၁၀၀ တန် ၄၅ ရွက်ကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။ ရီရီချိုအား အမှုများဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိပြီး အခြားခိုးမှုများ ကျူးလွန်ထားခြင်း ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် သယ်ဆောင်လာသော အကောက်ခွန်မဲ့ဘေထုပ်များ မရမ်းချောင်စစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**ရန်ကုန် မတ် ၁၃**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ မတ် ၁၂ ရက်တွင် တရားမဝင်သယ်ဆောင်လာသော အကောက်ခွန်မဲ့ ဘေထုပ်များကို မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မရမ်းချောင်စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးစခန်းအား ဖြတ်သန်းမည့် ယာဉ်များကို စစ်ဆေးဆောင်ရွက်စဉ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့များက စခန်း၏ ရှောင်ကွင်းလမ်းဖြစ်သော စစ်တောင်းတံတား(ဟောင်း) အနီး တနော်ကျေးရွာလမ်းကြားတွင် ရပ်တန့်ထားသော HINO Ranger Truck ခြောက်ဘီးယာဉ်တစ်စီးနှင့် ISUZU ELF Truck ခြောက်ဘီးယာဉ်တစ်စီးတို့ကို ရှောင်တခင်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားမဝင် သယ်ဆောင်လာသော အကောက်ခွန်မဲ့ဘေထုပ် (1x64 Kg) 180 Pgk နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီးအပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၅၄ ဒသမ ၅၆ သန်းကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

မတ် ၁၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု(ခန့်မှန်းတန်ဖိုးကျပ် ၄ ဒသမ ၁၈၆ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးကျပ် ၅၄ ဒသမ ၅၆ သန်းခန့်) စုစုပေါင်း တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၅၈ ဒသမ ၇၄၆ သန်း) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မတ် ၁၂ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၅၄ စီး၊ သွင်းကုန် ၁၀၃၃ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇ စီး၊ သွင်းကုန် ၁၄၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**၀၀၁**



## လယ်တဲအား ရှောင်တခင် ဝင်ရောက်ရှာဖွေရာမှ ဘိန်းမည်း ၂၄၄၉ ဒသမ ၅ ဂရမ် သိမ်းဆည်းရမိ

**အင်းတော် မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယနေ့ မွန်းလွဲ ၂ နာရီခွဲက မူးယစ်ဆေးဝါးရောင်းချနေသည့် လယ်တဲအား ရှောင်တခင် ဝင်ရောက်ရှာဖွေရာ ဘိန်းမည်း ၂၄၄၉ ဒသမ ၅ ဂရမ် သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းတော်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်အောင်အောင် ဦးစီးတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သတင်းအရ အင်းတော်မြို့နယ် ဆိပ်သာကျေးရွာနေ မောင်စိုး(၄၇)နှစ်၏ လယ်တဲသို့ ဝင်ရောက်ရှာဖွေရာ မကွေးတိုင်းဒေသကြီး ရှားပင်ရေကျေးရွာ အိုက်မအုပ်စုနေ လှမြိုင်(၅၃)နှစ်၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ချောင်းဆုံကျေးရွာနေ မောင်ဇော်(၃၃)နှစ်တို့သုံးဦးအား မူးယစ်ဆေးဝါးသုံးစွဲနေသည်ကို တွေ့ရှိရပြီး မောင်ဇော်မှာ ထွက်ပြေးလွတ်မြောက်ခဲ့သည်။

ဆက်လက်ရှာဖွေစစ်ဆေးရာ ဘိန်းမည်း ၂၄၄၉ ဒဒမ ၅ ဂရမ်၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား သုံးပြား၊ မူးယစ်ဆေးဝါးရောင်းချရရှိငွေကျပ် ၁၈၅၀၀၀ နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တဲပိုင်ရှင် မောင်စိုး၊ လှမြိုင်၊ ထွက်ပြေးလွတ်မြောက်သွားသူ မော်ဇော်တို့ သုံးဦးအား အင်းတော်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန် နေအိမ်မှ ထွက်လာသည့် ကျောင်းသူတစ်ဦး ဓားဖြင့် ထိုးခံရ

**ရန်ကုန် မတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ယနေ့နံနက်ပိုင်းက တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန် နေအိမ်မှ ထွက်လာသည့် ကျောင်းသူတစ်ဦးအား အမျိုးသားတစ်ဦးက ဓားဖြင့်ထိုးရာ ဒဏ်ရာရရှိသဖြင့် မြောက်ဥက္ကလာပဆေးရုံကြီးသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်ခန့်က မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်နေ မဂျူလိုင်သင်းသည် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန် နေအိမ်မှ အဆိုပါမြို့နယ်ရှိ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းသို့ ထွက်လာစဉ် မင်းရဲနရပတိလမ်းပေါ်၌ လင်းထက်(၂၁)နှစ်နှင့် စကားများရာမှ လင်းထက်က အသင့်ပါလာသော ဓားဖြင့် ထိုးလိုက်သဖြင့် မဂျူလိုင်သင်း၏ ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ညာဘက်လက်ပြင်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝဲဘက်ပေါင်တွင် ပြတ်ရှဒဏ်ရာ တစ်ချက်တို့ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လင်းထက်အား ရွှေပေါက်ကံနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဇော်ကြီး**

## တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသည့် ကျောင်းသူတစ်ဦး ချွန်ထက်သော အရာတစ်ခုဖြင့် အထိုးခံရ

**ပေါက်တော မတ် ၁၃**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့ အနောက်ပိုင်းရပ်ကွက် မြို့မအားကစားပွဲကြည့်စင်အောက်ရှိ အားကစားသမားများ နားနေဆောင်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ရောက်ရှိတည်းခိုနေသော ကျောင်းသူတစ်ဦး မတ် ၁၃ ရက် နံနက် ၂ နာရီခန့်တွင် ချွန်ထက်သော အရာတစ်ခုဖြင့် အထိုးခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပေါက်တောအထက စာစစ်ဌာနသို့ စာမေးပွဲဖြေဆိုရန်ရောက်ရှိနေသော ပေါက်တောမြို့နယ် အလယ်ကျွန်းကျေးရွာနေ မနုနုဝေ(၁၇)နှစ်သည် တည်းခိုနေသော အဆောင်အတွင်းမှ နံနက် ၂ နာရီတွင် အိမ်သာသို့ သွားရောက်စဉ် အမည်မသိသူ နှစ်ဦး အိမ်သာအနီးမှ ရုတ်တရက်ထွက်လာပြီး တစ်ဦးက အုတ်နီခဲဖြင့် မနုနုဝေ၏ ဦးခေါင်းကို ရိုက်၍ လဲကျသွားရာ ချွန်ထက်သော အရာတစ်ခုဖြင့် ဝမ်းဗိုက်အား နှစ်ချက်ထိုးကာ ထွက်ပြေးသွားကြသည်။

မနုနုဝေ၏ ဦးခေါင်းယာဘက်တွင် ဖူးရောင်ဒဏ်ရာတစ်ချက်၊ ဝမ်းဗိုက်တွင် ဒဏ်ရာနှစ်ချက်ရရှိသဖြင့် ပေါက်တောဆေးရုံတွင် အတွင်းလူနာအဖြစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဆက်လက်ဖြေဆိုသွားမည်ဖြစ်သည်။

ပြစ်မှုကျူးလွန်သူ အမည်မသိ လူငယ်နှစ်ဦးအား ပေါက်တောမြို့နယ် ရဲတပ်ဖွဲ့က စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပေါက်တော(ပြန်/ဆက်)**

## ပထွေးဖြစ်သူက သားမယားအဖြစ် ပြုကျင့်မှုဖြစ်ပွား

**နေပြည်တော် မတ် ၁၃**

ဖောင်းပြင်မြို့နယ် ----ကျေးရွာနေ မ----(၁၄)နှစ်သည် မတ် ၁၁ ရက် ည ၈ နာရီက ကျေးရွာ အလှူပွဲတွင် အငြိမ့်ကြည့်နေစဉ် ပထွေးဖြစ်သူ ကျော်ကျော်နိုင်(ခ) ကိုနိုင်(၄၀)နှစ် ရောက်ရှိလာပြီး မ----၏ မိခင်ဖြစ်သူ ဗိုက်နာနေကြောင်းပြောကာ လာရောက်ခေါ်ဆောင်သဖြင့် လိုက်သွားခဲ့ရာ ခုံသာကျေးရွာနှင့် ရွာသာကျေးရွာကြား လယ်ကွင်းထဲ၌ ကျော်ကျော်နိုင်(ခ)ကိုနိုင်က မ----အား အကျီဖြင့် ပါးစပ်ပိတ်ကာ သားမယားပြုကျင့်ခဲ့ကြောင်း သိရသည်။ ကျော်ကျော်နိုင်(ခ)ကိုနိုင်အား ဖောင်းပြင် မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

### မြန်မာ့ရုပ်မြင်သံကြား
### Entertainment Channel

**၁၄-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၀၅:၀၀ | အဖွင့် သာယာငြိမ့်အေးမင်္ဂလာတေး |
| ၀၅:၁၅ | ပြည်သူ့နီတိ "ချစ်တတ်အောင်ချစ်ပြပါ" |
| ၀၅:၃၅ | ဆန်းသစ်လှပ မြန်မာ့အက |
| ၀၅:၅၀ | A Memorable Visit to Alaungdaw Kathapa National Park |
| ၀၆:၂၀ | The Pride Of Myanmar Traditional Handicraft |
| ၀၆:၃၀ | Creative Collage Artist; Zwe Yan Naing |
| ၀၆:၄၀ | Mosaic Painting (Precious Stones & Gems) |
| ၀၇:၀၀ | Surprise Meals |
| ၀၇:၂၀ | The Crocodiles of Meinmahla Island |
| ၀၇:၄၅ | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၀၈:၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၉၄) |
| ၀၈:၃၅ | MRTV Entertainment Music |
| ၀၉:၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း" (အပိုင်း-၁၇၆) |
| ၀၉:၄၀ | နိုင်ငံခြားရုပ်ရှင် "Aashiq Banaya Aapne" |
| ၁၁:၃၀ | ဆန်းသစ်လှပ မြန်မာ့အက |
| ၁၁:၄၅ | မြန်မာဗီဒီယိုဇာတ်လမ်း "အမုန်း" |
| ၁၃:၃၀ | A Memorable Visit to Alaungdaw Kathapa National Park |
| ၁၄:၀၀ | The Pride Of Myanmar Traditional Handicraft |
| ၁၄:၁၀ | Law of Jungle (Ep-252) |
| ၁၄:၅၅ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၉၄) |
| ၁၅:၂၅ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း" (အပိုင်း-၁၇၆) |
| ၁၆:၀၀ | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၁၆:၁၅ | ကက်ဆက်ဇာတ်လမ်း "မင်းကတော်" |
| ၁၇:၃၀ | ကာတွန်းအစီအစဉ် "Chhota Bheem (Episode-15)" |
| ၁၈:၀၀ | Law of Jungle (Ep-252) |
| ၁၈:၄၀ | MRTV Entertainment Music |
| ၁၉:၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၉၅) |
| ၁၉:၃၅ | MRTV Entertainment Music |
| ၂၀:၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း"(အပိုင်း-၁၇၇) |
| ၂၀:၃၀ | Game Show "10 to Million Myanmar" (Epi-96) |
| ၂၁:၂၀ | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၂၁:၃၀ | မြန်မာဗီဒီယိုဇာတ်လမ်း "အချိန်ပိုင်းယောက်ျား" |
| ၂၃:၃၅ | A Memorable Visit to Alaungdaw Kathapa National Park |

**၁၅-၃-၂၀၁၈ (ကြာသပတေးနေ့)**

| | |
|---|---|
| ၀၀:၀၅ | The Pride Of Myanmar Traditional Handicraft |
| ၀၀:၁၀ | Mosaic Painting(Precious Stones & Gems) |
| ၀၀:၃၀ | နိုင်ငံခြားရုပ်ရှင် "Aashiq banaya Aapne" |
| ၀၂:၂၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၉၅) |
| ၀၂:၅၀ | ဆန်းသစ်လှပ မြန်မာ့အက |
| ၀၂:၅၅ | ပြည်သူ့နီတိ "ချစ်တတ်အောင်ချစ်ပြပါ" |
| ၀၃:၁၅ | မြန်မာဗီဒီယိုဇာတ်လမ်း "နှင်းဆီမိုးတိမ်" |
| ၀၅:၀၀ | အစီအစဉ်ပြီး၏။ |



# ပယ်လီဂရီနိုအား နည်းပြအဖြစ်မှ ဆောက်သမ်တန်အသင်း ထုတ်ပယ်

ဆောက်သမ်တန်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရှစ်ပွဲကစားရန် ကျန်ရှိနေသေးပြီး တန်းဆင်းဇုန်အထက်တွင် တစ်မှတ်အသာဖြင့် ရပ်တည်လျက်ရှိသော်လည်း နည်းပြပယ်လီဂရီနိုကို ထုတ်ပယ်လိုက်ကြောင်း သိရသည်။

ဆောက်သမ်တန်အသင်းသည် နောက်ဆုံးကစားခဲ့သည့် ပွဲစဉ် ၁၇ ပွဲတွင် တစ်ပွဲသာ လျှင်အနိုင်ရရှိခဲ့သည့်အသင်းဖြစ်ပြီး ပြီးခဲ့သည့်တစ်ပတ်ကလည်း နယူးကာဆယ်အသင်းကို သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်အသင်းဖြစ်သည်။

နည်းပြပယ်လီဂရီနိုအား ထုတ်ပယ်ခဲ့သည့် ဆောက်သမ်တန်အသင်းသည် အက်ဖ်အေဖလားဆီမီးဖိုင်နယ်တစ်နေရာအတွက် တနင်္ဂနွေနေ့တွင် ဝီဂန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်မတိုင်မီ နည်းပြသစ်တစ်ဦးခေါ်ယူနိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

ဆောက်သမ်တန်အသင်းသည် ပရီမီယာလိဂ်လက်ကျန်ပွဲစဉ်များအဖြစ် မတ် ၃၁ ရက်တွင် ဝက်စ်ဟမ်းအသင်းနှင့်လည်းကောင်း၊ ဧပြီ ၉ ရက်တွင် အာဆင်နယ်အသင်းနှင့်လည်းကောင်း၊ ဧပြီ ၁၄ ရက်တွင် ချယ်လ်ဆီးအသင်းနှင့်လည်းကောင်း၊ ဧပြီ ၂၁ ရက်တွင် လက်စတာစီးတီးအသင်းနှင့်လည်းကောင်း၊ ဧပြီ ၂၈ ရက်တွင် ဘုန်းမောက်အသင်းနှင့်လည်းကောင်း၊ မေ ၅ ရက်တွင် အဲဗာတန်အသင်းနှင့်လည်းကောင်း၊ မေ ၁၃ ရက်တွင် မန်စီးတီးအသင်းနှင့်လည်းကောင်း၊ ယင်းပွဲစဉ်အပြီးတွင် ဆွမ်ဆီးအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

# မန်ယူကွင်းလယ်လူ ကားရစ် ရာသီကုန်တွင် ကစားသမားဘဝမှ အနားယူမည်

မန်ယူကွင်းလယ်ကစားသမား မိုက်ကယ်ကားရစ်သည် ယခုနှစ်ဘောလုံးရာသီကုန်တွင် ကစားသမားဘဝမှ အနားယူတော့မည်ဖြစ်ကြောင်း တရားဝင်ကြေညာလိုက်ပြီဖြစ်သည်။

အသက်(၃၆)နှစ်အရွယ်ရှိ မိုက်ကယ်ကားရစ်သည် ၂၀၀၆ ခုနှစ်အတွင်းက ပြောင်းရွှေ့ကြေးပေါင် ၁၈ သန်းဖြင့် စပါးအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး မန်ယူအသင်းနှင့်အတူ ပွဲပေါင်း ၄၆၃ ပွဲအထိပါဝင်ကစားပေးထားကြောင်းသိရသည်။

ထို့ပြင် မန်ယူကွင်းလယ်ကစားသမား မိုက်ကယ်ကားရစ်သည် အင်္ဂလန်နိုင်ငံလက်ရွေးစင်အသင်းတွင်လည်း ၃၄ ပွဲအထိပါဝင်ကစားပေးထားခဲ့ကြောင်းသိရသည်။ မိုက်ကယ်ကားရစ်သည် ရာသီကုန်တွင် ကစားသမားဘဝမှ အနားယူမည်ဖြစ်သည့်အပြင် လာမည့်ဘောလုံးရာသီတွင်လည်း မန်ယူအသင်း၏ နည်းပြအဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်းသိရသည်။

မိုက်ကယ်ကားရစ်သည် လူငယ်ကစားသမားဘဝတွင် ဝက်စ်ဟမ်းအသင်းတွင် ကစားခဲ့သူဖြစ်ပြီး ဝက်စ်ဟမ်းအသင်းနှင့်အတူ ပွဲပေါင်း ၁၅၀ အထိပါဝင်ကစားပေးခဲ့ကာ စပါးအသင်းသို့ မပြောင်းရွှေ့မီ ၂၀၀၄ ခုနှစ် မတိုင်မီအထိ ဝက်စ်ဟမ်းအသင်းတွင် ကစားခဲ့သူဖြစ်သည်။

ကွင်းလယ်ကစားသမား မိုက်ကယ်ကားရစ်သည် မန်ယူအသင်းနှင့်အတူ ၁၂ နှစ်ကြာ ဖြတ်သန်းခဲ့ရာတွင် သွင်းဂိုး ၂၄ ဂိုးအထိသွင်းယူပေးနိုင်ခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီကမူ မန်ယူအသင်းနှင့်အတူ ယူရိုပါလိဂ်ဖလားကိုပါ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

မိုက်ကယ်ကားရစ်၏ မန်ယူအသင်းနှင့်အတူ ကစားသမားဘဝဖြတ်သန်းမှုကို ကြည့်မည်ဆိုပါက ပရီမီယာလိဂ်ဖလား ငါးကြိမ်၊ ချန်ပီယံလိဂ်တစ်ကြိမ်၊ ယူရိုပါလိဂ်တစ်ကြိမ်၊ အက်ဖ်အေဖလားတစ်ကြိမ်၊ လိဂ်ဖလားတစ်ကြိမ်နှင့် ကမ္ဘာ့အသင်းများဖလားတစ်ကြိမ် ရယူဆွတ်ခူးပေးနိုင်ခဲ့ကြောင်းသိရသည်။





ငွေကြယ် - ရေးသားသည်

# စပါးတိုက်စစ်မှူး ဟယ်ရီကိန်း ရီးယဲလ်သို့ ပြောင်းရန်ရှိနေ

စပါးအသင်းတိုက်စစ်မှူး ဟယ်ရီကိန်းသည် လက်ရှိတွင် ခြေချင်းဝတ်ဒဏ်ရာကြောင့် ပွဲထွက်ကစားနိုင်ခြင်းမရှိခဲ့သော်လည်း လာမည့်ဘောလုံးရာသီတွင်မူ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် သတင်းများထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

စပါးအသင်းပရိသတ်များကမူ လာမည့်ဘောလုံးရာသီတွင် တိုက်စစ်မှူးဟယ်ရီကိန်းအား အသင်းတွင် ဆက်လက်ရှိနေရန် မျှော်လင့်လျက်ရှိနေသော်လည်း တိုက်စစ်မှူးဟယ်ရီကိန်းမှာ စပါးအသင်းတွင် ဆက်ရှိနေလိမ့်မည်မဟုတ်ကြောင်း အသင်းခေါင်းဆောင်ဟူဂိုလိုးရစ်က ပြောကြားခဲ့သည်။

တိုက်စစ်မှူးဟယ်ရီကိန်းသည် ဘုန်းမောက်အသင်းနှင့် ပွဲစဉ်တွင် ဘုန်းမောက်အသင်းဂိုးသမား ဘီဂိုဗစ်အား ကျော်ဖြတ်ကာ ဂိုးသွင်းရန် ကြိုးပမ်းခဲ့ရာတွင် ယခင်ရရှိထားခဲ့သည့် ခြေချင်းဝတ်ဒဏ်ရာမှာ ထပ်မံဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စပါးအသင်းသည် စနေနေ့တွင် အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဆွမ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း ယင်းပွဲစဉ်တွင် တိုက်စစ်မှူးဟယ်ရီကိန်း လွဲချော်ရန်ရှိနေသည်။

အင်္ဂလန်အသင်းသည်လည်း ဟော်လန်အသင်း၊ အီတလီအသင်းတို့နှင့် ကစားရန်ရှိနေပြီး အဆိုပါပွဲစဉ်များတွင်လည်း တိုက်စစ်မှူး ဟယ်ရီကိန်းပါဝင်လာရန်မရှိကြောင်း၊ အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်က ယင်းပွဲစဉ်များမတိုင်မီ မတ် ၁၅ ရက်တွင် ကစားသမားစာရင်းကို ကြေညာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

# ဘောလုံးလောကသတင်းတိုများ

❖ ချယ်လ်ဆီးအသင်းသည် အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းမှ ဂိုးသမား ဒွန်နာရမ်မာအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး လက်ရှိဂိုးသမား ကော်တိုရစ်သည်လည်း ချယ်လ်ဆီးအသင်းမှ ထွက်ခွာရန်ရှိနေကြောင်းသိရသည်။

❖ **နယူးကာဆယ်အသင်းသည် အငှားဖြင့်ခေါ်ယူထားသည့် ချယ်လ်ဆီးတောင်ပံကစားသမား ကနေဒီအား အမြဲတမ်းစာချုပ်ချုပ်ဆိုကာ ခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်းသိရသည်။**

❖ အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် စာချုပ်သစ်ချုပ်ဆိုရန် အစီအစဉ်မရှိသည့်အတွက် ဘာစီလိုနာအသင်းက အဆိုပါပြင်သစ်တိုက်စစ်မှူးအား ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိကြောင်းသိရသည်။

❖ **အာဆင်နယ်အသင်းသည် နည်းပြအာစင်ဝင်းဂါးနေရာတွင် အစားထိုးရန်အတွက် ဂျူဗင်တပ်အသင်းနည်းပြ အယ်လ်လီဂရီအား စောင့်ကြည့်မှုများပြုလုပ်လျက်ရှိကြောင်းသိရသည်။**

❖ ပြီးခဲ့သည့်ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၁၉၈ သန်းဖြင့် ပြောင်းရွှေ့သွားခဲ့သည့် တိုက်စစ်မှူးနေမာအား ဘာစီလိုနာအသင်းသို့ ပြန်လည်ပြောင်းရွှေ့လာရန် မျှော်လင့်လျက်ရှိကြောင်း ဘရာဇီးကြယ်ပွင့် ကော်တင်ဟိုက ပြောကြားခဲ့သည်။

# အခွန် သို့မဟုတ် ပြည်သူ့ရငွေနှင့် ပတ်သက်၍ အတွေးစ

စောနိုင် (အသုံးချဘောဂဗေဒ)

**သူတို့ဆီက သတင်းအချို့နှင့် ကျွန်တော်တို့ဆီက လတ်တလောအခြေအနေ**

ယခုရက်ပိုင်းအတွင်း သတင်းစာဂျာနယ်အဟောင်းများကို ပြန်လည်လှန်လှောကြည့်မိရင်း အခွန်နှင့်ပတ်သက်သည့် သတင်းဟောင်းအချို့ကိုဖတ်မိသည်။ မကြာသေးသည့်ကာလ ၂၀၁၇ အကုန် ဒီဇင်ဘာလနှင့် ၂၀၁၈ ခုနှစ် အစ ဇန်နဝါရီလအစပိုင်းကသတင်းများဖြစ်၏။စပိန်ဘောလုံးလောကအတွင်းရှိ အခွန်ရှောင်မှုများကို စပိန်အခွန်အာဏာပိုင် စွဲချက်တင်စစ်ဆေးသည့်သတင်း၊ ကိုလံဘီယာ ပေါ့အဆိုတော်ရှကီယာ စပိန်နိုင်ငံတွင်း၌ အခွန်များပေးဆောင်ရန် ပျက်ကွက်သည့်အတွက်စပိန်အခွန်အာဏာပိုင်များကစစ်ဆေးသည့် သတင်း ၊ လစ်သူယေးနီးယန်း အဆိုတော်ဘိုနီဆိုသူကို အခွန်အာဏာပိုင်များကစစ်ဆေးခဲ့ပြီး အခွန်များပြန်လည်ထမ်းဆောင်စေခဲ့သည့်သတင်းတို့ဖြစ်သည်။ အွန်လိုင်းမှလည်း အခွန်နှင့်ပတ်သက်သည့် သတင်းများဆက်လက်ဖတ်မိသည်။ ဇန်နဝါရီ ၂၇ ရက် အေအက်ဖ်ပီ သတင်းတစ်ပုဒ်တွင် မိုက်ခရိုဆော့ဖ်ပူးတွဲတည်ထောင်သူ သူဌေးကြီးဘီလ်ဂိတ်က အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ အခွန်နှုန်းလျှော့ချပေးသည့်အစီအစဉ်ကိုမနှစ်မြို့ကြောင်း ဝေဖန်ခဲ့ပြီး ၎င်းကဲ့သို့ပင် ချမ်းသာကြွယ်ဝသူ ဘီလျံနာများအနေဖြင့် အခွန်များကို ပိုမိုထမ်းဆောင်သင့်သည့်အကြောင်း ပြောကြားသည့်သတင်းကို တွေ့လိုက်ရပြန်သည်။ ထို့ပြင် စင်ကာပူအစိုးရသည် ကုန်စည်နှင့်ဝန်ဆောင်မှုခွန် ( Goods and Services Tax-GST) ကို လက်ရှိ ခုနစ်ရာခိုင်နှုန်းမှ ကိုးရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံမည်ဖြစ်ပြီး အစီအစဉ်ကို ၂၀၂၁ - ၂၀၂၅ ကာလအတွင်း အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ အစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံနှင့် လုံခြုံရေးအပေါ် အစိုးရအသုံးစရိတ်ပမာဏ ပိုမိုမြင့်တက်လာသောကြောင့် ရေရှည်ကာလ ဘဏ္ဍာရေး အကျပ်အတည်းကို ရည်ရွယ်၍ ကောက်ခံရန် ပြင်ဆင်ခြင်းဖြစ်ကြောင်းနှင့် မဲဆန္ဒရှင်များ၏ ထောက်ခံမှုဖြင့် ဆက်လက်ဆောင်ရန် အားထုတ်မည်ဖြစ်ကြောင်း စင်ကာပူဘဏ္ဍာရေးဝန်ကြီးပြောစကား ကို အွန်လိုင်းသတင်းတစ်ပုဒ်မှပင် ထပ်မံသိလိုက်ရပြန်သည်။

မြန်မာ့စီးပွားရေးအဆောက်အအုံအတွင်း၌လည်း ယခုရက်ပိုင်းတွင် အခွန်နှင့်ပတ်သက်၍ ပူပူညံညံ၊ လှုပ်လှုပ်ရှားရှား အခြေအနေများဖြစ်နေသည်။ အချိန်ကိုက် ဖတ်ရှုခဲ့ရသည့် အခြားနိုင်ငံများမှ အခွန်ဆိုင်ရာသတင်းများထဲမှမှတ်သားစရာ၊စဉ်းစားစရာများစွာရရှိလိုက်သည်။ အခွန်ထမ်းဆောင်ရသည့်ဓလေ့၊ အခွန်ယဉ်ကျေးမှုနှင့် ရင်းနှီးကျွမ်းဝင်မှု ကြာမြင့်နေကြပြီဖြစ်သော၊ စီးပွားရေးအခြေခံကောင်းများ တည်ဆောက်ပြီးသားဖြစ်သော၊ အခွန်နှင့် ဂျီဒီပီအချိုးမြင့်မားသော နိုင်ငံများမှာပင် အခွန်လျှော့ချထမ်းဆောင်သူများ၊ အခွန်လုံးဝရှောင်သူများ ရှိသည်ကို သတိပြုမိသည်။ ထိုနိုင်ငံများမှ အခွန် အာဏာပိုင်များ၏ စနစ်တကျကိုင်တွယ်၍ ထိထိရောက် အရေးယူဆောင်ရွက်နေမှု၊ အခွန်အာဏာပိုင်တို့၏ စစ်ဆေးအရေးယူမှုကိုဖြစ်စေ၊ ပြစ်ဒဏ်ကြေးချမှတ်သည်ကိုဖြစ်စေ တလေးတစားခံယူခြင်း၊ ပေးဆောင်ခြင်းတို့ကိုသိရသဖြင့် အခွန်ကောက်ခံမှု အောင်မြင်ရေးတွင် ဥပဒေစိုးမိုးမှု၏အရေးပါမှုသည် အလွန်အရေးကြီးသည်ကိုသဘောပေါက်မိသည်။ ထို့ပြင် နိုင်ငံစီးပွားရေးအခြေအနေ အပြောင်းအလဲများပေါ်မူတည်၍ အခွန်ကောက်ခံမှုပုံသဏ္ဌာန်၊ စနစ်တို့ကိုလည်း လိုက်လျောညီထွေကျင့်သုံးနေကြသည်ကို အကဲခတ်နိုင်သည်။

မြန်မာ့စီးပွားရေးအဆောက်အအုံသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ ၂၀၁၁ ခုနှစ်မှစ၍ ဈေးကွက်စီးပွားရေးစနစ်ကို စတင်ကျင့်သုံးနေခဲ့ပြီဖြစ်ရာ အခွန်အကောက်တို့၏ အရေးပါမှုတို့ကို ပိုမို သိရှိ၍အလေးထားဆောင်ရွက်လာနေပြီဖြစ်သည်။ သို့သော် အစိုးရနှင့် အခွန်ထမ်း ပြည်သူများကြား အခွန်နှင့် ပတ်သက်၍ အခွန်အခြေခံဆိုင်ရာစည်းမျဉ်းများ၊ အခွန်ကောက်ခံခြင်း ရည်ရွယ်ချက်များ၊ အခွန်ထမ်းဆောင်ခြင်းသည်နိုင်ငံသားတစ်ဦး မွေးရာပါ တာဝန်တစ်ရပ် အဖြစ်ခံယူနိုင်မှုစသဖြင့် အခွန်ယဉ်ကျေးမှု၊ အခွန်ဥပဒေ၊ အင်စတီကျူးရှင်း ထူထောင်မှုတို့မှာ အားနည်းနေဆဲဖြစ်သည်။ စီးပွားရေးအခြေခံကောင်းများရှိပြီး ငွေကြေးအရင်းအနှီးစီးဆင်း လည်ပတ်မှုကောင်းသည့် နိုင်ငံများမှာပင် အခွန်ကိစ္စကို အလေးအနက် ထိထိရောက်ရောက်ကိုင်တွယ်နိုင်ရန် ဆောင်ရွက်နေဆဲဖြစ်ရာစီးပွားရေး ပြုပြင်ပြောင်းလဲကာစဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် ထိုနိုင်ငံများထက် ပိုမိုအားထုတ်လုပ်ကိုင်ရန်လိုအပ်ပေသည်။

**သောသောညံညံ ဝေဖန်သံ ၂၀၁၈ အခွန်အကောက်ဥပဒေကြမ်း**

ဖေဖော်ဝါရီလ ၁၄ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်း၊ပုဒ်မ ၂၅ သည်ပူပူညံညံဖြစ်စေသည့်အကြောင်းတရားဖြစ်သည်။ ပြီးခဲ့သည် ၂၀၁၇ ခုနှစ် ဥပဒေနှင့် နှိုင်းယှဉ်ကြည့်ပါက ပုဒ်မ ၂၅ တစ်ခုမှလွဲ၍ အားလုံးသည် ကွဲပြားခြားနားမှု မရှိသလောက်ပင်။ ထို့ကြောင့် လတ်တလော ၂၀၁၈ ခုနှစ်ဥပဒေကို စိတ်ဝင်စားမှုများလာရသည်မှာပုဒ်မ ၂၅ ကြောင့်သာဖြစ်သည်မှာ သေချာသည်။ ဒီမိုကရေစီစနစ်ကိုပျိုးထောင်ကျင့်သုံးနေသော အခြေအနေတွင် ဝေဖန်သံများ၊ သုံးသပ်မှုများအားလုံးသည်

> ယခင်ကာလများက အကြောင်းအမျိုးမျိုးကြောင့် အခွန်ပေးဆောင်ရန် လစ်ဟင်းခဲ့သော၊ လျော့ နည်းပေးဆောင်ခဲ့သော လူပုဂ္ဂိုလ်များနှင့်လုပ်ငန်းရှင်များအတွက် သက်ဆိုင်သည့် ဥပဒေများဖြင့် အရေးမယူဘဲ ရှဥ့်လည်းလျှောက်သာ ပျားလည်းစွဲသာ အခြေအနေမျိုးဖြင့် ၎င်းတို့နှင့် နိုင်ငံတော် အကြားအပြန်အလှန်အကျိုးဖြစ်ထွန်းစေရန် ပုဒ်မ ၂၅ ဖြင့် စီမံ . . .

နိုင်ငံတွင်းရှိ ပြည်သူပြည်သားများအားလုံးထံမှဖြစ်သဖြင့် ပြည်သူဆန္ဒသဘောထားကို အနည်းနှင့်အများ ထင်ဟပ်နေမည်ဖြစ်ရာ တာဝန်ရှိသူများ၊ မူဝါဒချမှတ်သူများအနေဖြင့် ထည့်သွင်းစဉ်းစားပေးရမည် ဖြစ်ပေသည်။ ပြည်သူတို့ထံမှ အကြံဉာဏ်များ အပါအဝင်၊ ကျွမ်းကျင်သူများပညာရှင်များ၏ အတွေ့အကြုံများ၊ အသိပညာများ ကိုရယူခြင်း၊ ပြန်လည်ဆွေးနွေးခြင်းတို့ပြုလုပ်ရမည်ဖြစ်သဖြင့် အချိန်အတိုင်းအတာတစ်ခုတော့လိုအပ်သည်။ ယခုကဲ့သို့ နိုင်ငံစီးပွားရေးအတွက် အရေးကြီးသည့် ဥပဒေတစ်ရပ်ကို အဘက်ဘက်မှပြည့်စုံစွာဖြင့် ပြဋ္ဌာန်းနိုင်ရန်မှာ အချိန်ယူဆွေးနွေးတိုင်ပင်ပြင်ဆင်ခြင်းတို့ကိုမဖြစ်မနေ ပြုလုပ်ရပေမည်။ ယခုကဲ့သို့ သောသောညံညံ ဝေဖန်သံများလှသော ၂၀၁၈ ခုနှစ်အခွန်အကောက်ဥပဒေကြမ်းကို အလွန်နည်းပါးသော အချိန်ကာလအတွင်း ကောင်းမွန်ထိရောက်သော ဥပဒေတစ်ရပ်ဖြစ်လာရေးအတွက် ဆောင်ရွက်ရမည်မှာ လွယ်ကူသည့်အခြေအနေမဟုတ်ပေ။

အစိုးရတစ်ရပ်သည် နိုင်ငံ့ဝင်ငွေရရှိရန်၊ စီးပွားရေးနှင့် လူမှုရေးရည်မှန်းချက်များ အောင်မြင်ရန် အခွန်အကောက်များကို စည်းကြပ်ကောက်ခံနိုင်ရေးအတွက် ဥပဒေများပြဋ္ဌာန်းဆောင်ရွက်ရသည်။ ယခုပြဋ္ဌာန်းနိုင်ရန်ပြင်ဆင်နေသည့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေသည်လည်း နိုင်ငံနှင့် ပြည်သူပြည်သားများ၏ အကျိုးစီးပွားအတွက်ဖြစ်သည်ကို ပြောစရာပင် လိုမည်မထင်ပေ။လတ်တလောမြန်မာ့စီးပွားရေးအဆောက်အအုံအတွင်း စီးပွားရေးလုပ်ငန်းများ နွေးကွေးနေကြပြီး ငွေကြေးစီးဆင်းမှုမှာလည်း လေးလံလျက်ရှိနေ၏။ သုတေသီပညာရှင်အချို့၏ မက်ခရိုစီးပွားရေးအမြင်လေ့လာသုံးသပ်ချက်များအရမူအခြေခံစားသောက်ကုန်များအပါအဝင် ကုန်စည်အများစု၏ ဈေးနှုန်းများမြင့်မားမှုကိုရင်ဆိုင်နေရ၏။ အသေးစားနှင့် အလတ်စားလုပ်ငန်းအများစု ခက်ခဲစွာ လည်ပတ်နေရသည်ကများသည်၊ သွင်းကုန်ပမာဏလျော့ကျခြင်းမရှိ၊ ပို့ကုန်ကဏ္ဍသည်လည်း ရေရှည်ခိုင်မာသည့် ဈေးကွက်ဖမ်းဆုပ်နိုင်စွမ်း အားနည်းပြီး တစ်ချိန်နှင့် တစ်ချိန် ဈေးကွက်ရရှိရေး မနည်းအားထုတ်နေရသည်။ အလုပ်အခွင့်အလမ်းရှားပါးသဖြင့် နိုင်ငံရပ်ခြားထွက်ခွာနေသည့် ရွှေ့ပြောင်းအလုပ်သမား အရေအတွက်သည်လည်း တစ်နှစ်ပြီးတစ်နှစ် ပို၍များပြားလာနေသည်။ အင်ဖော်မယ်ကဏ္ဍလည်း ကြီးထွားနေဆဲဖြစ်သည်။

ဝင်ငွေရလမ်းဖော်ပြရန်ခက်ခဲနေသည့် နိုင်ငံသားအရင်းအနှီးပိုင်ရှင်၊ လုပ်ငန်းရှင်များသည်လည်း ၎င်းတို့ပိုင်ငွေကြေးများစွာကို ပြည်တွင်း၌မထားရှိဘဲ နိုင်ငံရပ်ခြား၌ သိမ်းဆည်းထားကြသည်လည်းရှိကြသည်။ ပြည်တွင်း၌ပင် စာရင်းပျောက်အင်းပျောက် သုံးစွဲနေသည်လည်းရှိသည်။ ထို့ကြောင့် မြန်မာ့စီးပွားရေး အဆောက်အအုံအတွင်းသို့ စနစ်တကျ ဝင်ရောက်လာခြင်းမရှိသည့် ငွေကြေးအရင်းအနှီးများ၊ ဘဏ္ဍာရေးအက်ဆက်များအပါအဝင် ဥစ္စာခနေများမှာ ဒေါ်လာတန်ဖိုးသန်းပေါင်းများစွာ ရှိနေပေမည်။ အခုအချိန်ရင်ဆိုင်နေရသည့် လေးလံနေးကွေးနေသော မြန်မာ့စီးပွားရေး အခြေအနေကို ထောက်ချင့်၍ ယခင်ကာလများက အကြောင်းအမျိုးမျိုးကြောင့် အခွန်ပေးဆောင်ရန် လစ်ဟင်းခဲ့သော၊ လျော့နည်းပေးဆောင်ခဲ့သော လူပုဂ္ဂိုလ်များနှင့်လုပ်ငန်းရှင်များအတွက် သက်ဆိုင်သည့် ဥပဒေများဖြင့် အရေးမယူဘဲ ရှဥ့်လည်းလျှောက်သာ ပျားလည်းစွဲသာ အခြေအနေမျိုးဖြင့် ၎င်းတို့နှင့် နိုင်ငံတော် အကြားအပြန်အလှန်အကျိုးဖြစ်ထွန်းစေရန် ပုဒ်မ ၂၅ ဖြင့် စီမံခြင်း ဖြစ်ပေလိမ့်မည်။ ထိုပုဂ္ဂိုလ်များအတွက်လည်း တရားဝင်ငွေကြေးများ ပိုင်ဆိုင်ခွင့်ရှိလာနိုင်ပြီး ပြည်တွင်း၌ စီးပွားရေးလုပ်ငန်းများကို ခံ့ခံ့ထည်ထည်လုပ်ကိုင်နိုင်လိမ့်မည်၊ နိုင်ငံအတွက်လည်း အခွန်ဝင်ငွေတိုး မြင့်ရရှိမည်၊ ပြည်တွင်း စီးပွားရေးလုပ်ငန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် စီးပွားရေးအဆောက်အအုံအတွင်း လေးလံနေးကွေးနေသော ငွေကြေးစီးဆင်းမှုလည်း ပုံမှန်ဖြစ်ထွန်းလာဖွယ်ရှိမည်၊ စသည့်ရည်ရွယ်ချက်ကောင်းများ ရှိနေပေလိမ့်မည်။

သို့သော် ပုဒ်မ ၂၅အတွက် အခွန်နှုန်းထား၊ ပုဒ်မ ၂၅ အရ အစိုးရရည်မှန်းထားချက်များ(ဥပမာ။ ငွေကြေးအရင်းအနှီးနှင့် ဥစ္စာခနေပိုင်ဆိုင်မှု တရားဝင် ထုတ်ပြန်ကြေညာမှု (Declaration of Asset)၊ မျှော်မှန်းထားသည့် အခွန်ဝင်ငွေ (Redemption payment)၊ ပင်လယ်ရပ်ခြားမှ ပြည်တွင်းသို့ ဝင်ရောက်လာရန် မျှော်မှန်းသည့် ငွေကြေးအရင်းအနှီးပမာဏ၊ (Repatriation of Capital စသဖြင့်)၊ ပုံမှန်အခွန်ထမ်းဆောင်နေသူများသဘောထား၊ အခွန်ရှောင်ခဲ့ကြသည့် လူပုဂ္ဂိုလ်တို့၏ စိတ်နေစိတ်ထားပြောင်းလဲခြင်းရှိ၊ မရှိ၊ (ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူခြင်းကိစ္စရပ်များနှင့် သက်ဆိုင်ခြင်းမရှိစေရဟု ဆိုထားသည့်တိုင်) တည်ဆဲငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်မှုအမျိုးအစားများနှင့်အဆက်အစပ်၊ အခွန် လွတ်ငြိမ်းချမ်းသာခွင့်ကာလအလွန် အရေးယူဆောင်ရွက်မည့်အစီအစဉ်နှင့် ပြစ်ဒဏ် အစီအမံများ၊ နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခြေအနေနှင့်ဆက်စပ်မှု၊ ငွေကြေးဖောင်းပွမှု၊ နိုင်ငံခြားငွေကြေးဈေးကွက် အခြေအနေနှင့်ဆက်စပ်မှု၊ ပြည်တွင်းကုန်ထုတ်လုပ်မှု အခြေအနေများအပေါ် သက်ရောက်နိုင်ခြေများကို ကြိုတင်စဉ်းစားခြင်း၊ ကုစားမှုများ ပြင်ဆင်ထားခြင်းတို့ကို လုပ်ဆောင်ထားရန်လိုပေမည်။

ထို့ပြင် ငွေကြေးခဝါချမှုနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်မှု ၊ ပုဒ်မ ၂၅ ကို အခွန်အကောက်ဥပဒေမှခွဲထုတ်၍ သီးခြား ပြဋ္ဌာန်းသင့်၊ မသင့် စသည့်အချက်များလည်း ထည့်သွင်းစဉ်းစားထားစရာဖြစ်သည်။အမှန်တွင်တရားဥပဒေစိုးမိုးမှုအားနည်းနေသေးသော၊ ကုန်ထုတ်လုပ်မှု တိုးမြင့်စေရန်ထိထိရောက်ရောက်မဆောင်ရွက်နိုင်သေးသော၊ အင်ဖော်မယ် ကဏ္ဍ (သတင်းအချက်အလက် မရရှိနိုင်သည့် စီးပွားရေးနယ်ပယ်) ကြီးထွားလျက်ရှိသည့် စီးပွားရေးအဆောက်အအုံတစ်ခုတွင် ပုဒ်မ ၂၅ ကို ကျင့်သုံးနိုင်ရေးမှာ သတိကြီးကြီး ထားဆောင်ရွက်ရမည့် အခြေအနေတစ်ရပ်ဖြစ်ပေသည်။ ထို့ကြောင့် ပုဒ်မ ၂၅နှင့် ပတ်သက်၍ စဉ်းစားရင်း စီးပွားရေးတက္ကသိုလ် ကျောင်းသားဘဝကဖတ်ရှုခဲ့ရသည့်အာသာလပ်ဖ်ဖာ၏ အိုင်ဒီယာနှင့် သမိုင်းကြောင်း ရှည်လျားပြီး နိုင်ငံအချို့တွင်ကျင့်သုံးခဲ့ဖူးသည့် အခွန်လွတ်ငြိမ်းချမ်းသာခွင့် သဘောတရားတို့ကို ပြန်လည်သတိရမိသည်။

**အာသာလပ်ဖ်ဖာအိုင်ဒီယာ**

အာသာလပ်ဖ်ဖာ (Arthur Laffer)သည်အမေရိကန်စီးပွားရေးပညာရှင်တစ်ယောက်ဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း ၄၀ ဝန်းကျင်က အခွန်နှုန်းနှင့် အစိုးရ၏ အခွန်ရငွေပမာဏ ဆက်စပ်မှုကို သီအိုရီ အယူအဆကို ဖော်ထုတ်ခဲ့သူဖြစ်သည်။ ၎င်း၏အယူအဆတွင် အခွန်အကောက်ပမာဏသည် အခွန်နှုန်းထားအပြောင်းအလဲကိုတုံ့ပြန်သည်ဟုဆိုထားသည်။ လပ်ဖ်ဖာသည် အခွန်နှုန်းထားလျှော့ချ ကောက်ခံခြင်းဖြင့် အစိုးရ၏ အခွန်ပမာဏတိုးမြင့်ရရှိစေသည်ဟူသော အချက်ကို အခြေအနေသုံးရပ်ဖြင့် သရုပ်ဖော်ရှင်းပြခဲ့သည်။ပထမအခြေအနေသည် အခွန်နှုန်း မြင့်မားလွန်းသောကြောင့် အစိုးရ၏ အခွန်ရငွေပမာဏ လျော့နည်းရရှိသည့်အခြေအနေဖြစ်ပြီး ဒုတိယအခြေအနေသည် သင့်လျော်သည့် အခွန်နှုန်းထားကြောင့် အခွန်ပေးဆောင်သူများ အပြည့်အဝ အခွန်ပေးဆောင်မှု ရှိလာပြီး အစိုးရအခွန်ရငွေပမာဏ အများအပြားရရှိသည့် အခြေအနေဖြစ်သည်။ တတိယအခြေအနေမှာမူ အခွန်နှုန်းထားနိမ့်ကျနေမှုကြောင့် အစိုးရ၏အခွန်ရရှိငွေပမာဏနည်းပါးသွားသည့် အခြေအနေဖြစ်သည်။ ဤနေရာတွင် ဂရပ်ပုံဖြင့်ရှင်းပြရန်လိုသော်လည်း အာသာလပ်ဖ်ဖာ၏အယူအဆကိုသာသိစေလိုခြင်းဖြစ်သဖြင့် ရှုပ်ထွေးမည်စိုး၍ မဖော်ပြတော့ပါ။ ဆိုလိုချင်သည်မှာ အစိုးရက အများပြည်သူတို့ ပေးစွမ်းနိုင်စွမ်းမရှိသည့် အခြေအနေတွင် အခွန်နှုန်းများမြင့်မားစွာ သတ်မှတ်စည်းကြပ်ပါက အခွန်လုံးဝရှောင်သူများ၊ လျှော့၍ပေးဆောင်သူများကြောင့် အခွန်ရငွေပမာဏ ကျဆင်းသွားနိုင်ပြီး နိုင်ငံသူနိုင်ငံသားများ သက်သောင့်သက်သာဖြင့် ပေးနိုင်စွမ်းရှိသည့် နှုန်းထားများဖြင့်ကောက်ခံပါက အခွန်ရငွေပမာဏ တိုးမြင့်စေမည်ဖြစ်သည်။ အခွန်နှုန်းထားနိမ့်ခြင်း၏အကျိုးဆက်အားဖြင့် အခွန်ရငွေပမာဏ မြင့်မားလာပြီး အခြားသော ကောင်းမွန်သည့် စီးပွားရေးအကျိုးဆက်များဖြစ်ထွန်းလာမည်ဖြစ်သဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များလာမည်၊ ပြည်သူများတို့သည်လည်း အခွန်များကို ယခင်ကထက်ပိုမိုထမ်းဆောင်လာနိုင်ကြလိမ့်မည် ဟု ဆိုထားသည်။

ဆက်လက်ဖော်ပြပါမည်။

# အရာတော်မြို့နယ်တွင် ကျေးရွာဘက်စုံသုံးသောက်သုံးရေကန် ပြန်လည်ပြုပြင်



**အရာတော် မတ် ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် ဝက်ပြစ်ကျေးရွာတွင် မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနခွင့်ပြုငွေနှင့် ကျေးရွာနေပြည်သူများ စုပေါင်းထည့်ဝင်ငွေ ကျပ်သိန်း ၄ ဒသမ ၄ သန်းဖြင့် ကျေးရွာဘက်စုံသုံးသောက်သုံးရေကန်အား ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရသည်။

အရာတော်မြို့နယ် ဝက်ပြစ်ကျေးရွာရှိ ကျေးရွာဘက်စုံသုံးသောက်သုံးရေကန်အား မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် ၁ ဒသမ ၇ သန်း၊ ကျေးရွာနေ ပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေကျပ် ၂ ဒသမ ၇ သန်း စုစုပေါင်း ၄ ဒသမ ၄ သန်းဖြင့် အလျားပေ ၂၅၀၊ အနံ ၁၀၅ ပေ၊ အမြင့် ခြောက်ပေရှိ မြေသားကန်အား ပြန်လည်ပြုပြင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"အရာတော်မြို့နယ်က အပူပိုင်းဒေသအတွင်းမှာ ကျရောက်တဲ့အတွက် နှစ်စဉ်မိုးရွာသွန်းမှု နည်းသလို နွေရာသီမှာလည်း သောက်သုံးရေအခက်အခဲဖြစ်တဲ့ကျေးရွာတွေများပါတယ်၊နွေရာသီမှာ သောက်သုံးရေအခက်အခဲဖြစ်တဲ့ ကျေးရွာတွေမှာ အချို့ဌာနတွေက နည်းလမ်းမျိုးစုံနဲ့ သောက်သုံးရေ အလုံအလောက်ရရှိရေးကို အဝီစိတွင်းတွေ တူးဖော်ပေးတယ်၊ အချို့ဌာနတွေက မိုးရေစုဆောင်းနိုင်ဖို့အတွက် ရေကန်တွေတူးဖော်ပေးတယ်၊ ကျွန်တော်တို့ကျေးရွာက သောက်သုံးရေကန်ကိုတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ကျေးရွာပြည်သူတွေရဲ့ ထည့်ဝင်ငွေ၊ မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနခွင့်ပြုငွေနဲ့ လက်ရှိရေကန်ကို ပြန်လည်တူးဖော်ပေးတာပါ၊ အခုလို သောက်သုံးရေကန် ပြန်လည်တူးဖော်နိုင်တဲ့အတွက် ကျွန်တော်တို့ကျေးရွာအတွက် သာမက ပတ်ဝန်းကျင် တစ်မိုင်ခွဲအတွင်းရှိ ကျေးရွာများအတွက်ပါ လိုအပ်တဲ့သောက်သုံးရေကို ခွဲဝေပေးနိုင်တော့မှာပါ" ဟု ဝက်ပြစ်ကျေးရွာမှ ကိုစိုးလင်းက ပြောသည်။

အရာတော်မြို့နယ် ဝက်ပြစ်ကျေးရွာသည် အိမ်ထောင်စု ၁၄၉ စု၊ လူဦးရေ ၁၁၃၆ ဦးရှိပြီး အရာတော်မြို့နှင့် ၁၀ မိုင်ခန့်အကွာတွင် တည်ရှိပြီး အများအားဖြင့် သီးနှံစိုက်ပျိုးရေးလုပ်ငန်းများနှင့် နှစ်ရှည်စိုက်ပျိုးရေးလုပ်ငန်းအဖြစ် သနပ်ခါးစိုက်ပျိုးရေးကို လုပ်ကိုင်သည့်ကျေးရွာတစ်ဖြစ်ပြီး နှစ်စဉ်နွေရာသီတွင် သောက်သုံးရေအခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် ကျေးရွာတွင် တူးဖော်ပြီးရေကန်အား ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ်ဇွန်လမှ စတင်ပြီးတူးဖော်ပေးခဲ့ပြီး ရေကန်ရေရှည်အသုံးပြုနိုင်ရန်အတွက် ရေကန်အုပ်ချုပ်ရေးကော်မတီဖွဲ့စည်းခြင်း၊ ရေငွေ့ပျံမှုကို လျှော့ချနိုင်ရန်အတွက် အရိပ်ရလေကာပင်များ စိုက်ပျိုးခြင်း၊ ရေကန်အတွင်း သဲနုန်းပို့ချမှုလျော့နည်းစေရန်၊ သဲနုန်းဖမ်းအတားအဆီးများ တည်ဆောက်ခြင်းကို လုပ်ဆောင်ပေးထားကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# လူငယ့်ရေးရာမူဝါဒမိတ်ဆက်ရှင်းလင်းပွဲနှင့် ရှေ့လုပ်ငန်းစဉ်များဆွေးနွေးပွဲကျင်းပ

**မန္တလေး မတ် ၁၃**
လူငယ့်ရေးရာမူဝါဒထပ်ဆင့်မိတ်ဆက်ရှင်းလင်းပွဲနှင့် ရှေ့လုပ်ငန်းစဉ်များဆွေးနွေးပွဲကို မတ် ၁၂ ရက်နှင့် ၁၃ ရက်က မန္တလေးမြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ် တက်ရောက်အားပေးပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသက်လှိုင်ဦးက လူငယ်ရေးရာမူဝါဒများအား ထပ်ဆင့်မိတ်ဆက်ရှင်းလင်းသည်။ ထို့နောက်လူငယ်ကိုယ်စားလှယ်ကိုလင်းသီဟက လူငယ်မူဝါဒလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်ခဲ့သောလုပ်ငန်းစဉ်များကိုတင်ပြသည်။

ဆက်လက်၍ မြို့နယ်အလိုက်လူငယ်အဖွဲ့များက မန္တလေးတိုင်းဒေသကြီးအတွင်းလူငယ်များပါဝင်လျက်ရှိသောအခန်းကဏ္ဍများ အကြောင်း၊မန္တလေးတိုင်းဒေသကြီးအတွက် ဦးစားပေးကဏ္ဍများ၊ လူငယ်မူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ရာ လူငယ်ရေးရာကော်မတီ၏ ချိတ်ဆက်ဆောင်ရွက်မှုများ၊ လူငယ်ရေးရာကော်မတီများ အရည်အချင်းသတ်မှတ်ခြင်းများကို ဆွေးနွေးကြသည်။

လူငယ်များ၏ အရေးရာကိစ္စများတွင် လူငယ်များကိုယ်တိုင်ပါဝင်နိုင်မှုနည်းပါးသည်နှင့်အမျှ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လိုအပ်ချက်များရှိနေသည်။ လူငယ်များ၏အခြေခံအရည်အသွေးများ တိုးတက်ရေး၊ ကိုယ်တိုင်ပါဝင်မှုရရှိရေး၊ ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းများတွင်လူငယ်များ၏အသံ၊ သဘောထားထင်ဟပ်နိုင်ရေးအရေးကြီး၍ လူငယ်ရေးရာမူဝါဒရေး ဆွဲခြင်းဖြစ်ကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင် အမျိုးသမီးရေးရာအဖွဲ့များနှင့် ဟားခါး၌ တွေ့ဆုံ

**ဟားခါး မတ် ၁၃**
မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်သည် တွဲဖက်အတွင်းရေးမှူး ဒေါ်ကြည်ကြည်မြနှင့်အတူ မတ် ၁၂ ရက် ညနေပိုင်းတွင် ဟားခါးမြို့ မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များနှင့် တွေ့ဆုံသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌက နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍမြှင့်တင်ပေးနိုင်ရေး၊ အမျိုးသမီးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသမီးများ၏ ပညာရေး၊ စီးပွားရေးစသည်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရေး၊ ကျေးရွာအမျိုးသမီးစေတနာ့ဝန်ထမ်းများမှ မိမိတို့ဆယ်အိမ်စု အတွင်းရှိ အသက်အလိုက် လူဦးရေ၊ ရေသုံးစွဲမှု၊ အိမ်သာသုံးစွဲမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှု စသည့်အချက်များ ကိုလုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေထိရောက်မှုရှိစေရန် သတ်မှတ်ပုံစံများဖြင့် စာရင်းကောက်ယူရေး၊ ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက် ချင်းပြည်နယ်အတွင်း အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုနှင့် လုပ်ငန်းဆောင်ရွက်ရာ၌ ကြုံတွေ့ရသည့် မိမိတို့၏ အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သဘာဝဘေး လျော့ပါးစေရေး စေတနာ့ဝန်ထမ်း လူငယ်(ဆင့်ပွား) သင်တန်းဖွင့်

**နေပြည်တော် မတ် ၁၃**
သဘာဝဘေး လျော့ပါးစေရေး စေတနာ့ဝန်ထမ်း လူငယ် (ဆင့်ပွား) သင်တန်းအမှတ်စဉ် (၂/၂၀၁၈) ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါသင်တန်းသို့ ဇေယျာသီရိမြို့နယ်အတွင်းမှ စေတနာ့ဝန်ထမ်း သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန နေပြည်တော်ဦးစီးမှူးရုံးမှ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝေါဟာရများနှင့် သဘောတရားများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ဦးစီးမှူး ဦးသူရဝင်းက မီးဘေးလုံခြုံရေးနှင့် သဘာဝဘေး ကာကွယ်ရေး အကြောင်းနှင့်ဇေယျာသီရိမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ဦးဌေးလှိုင်က ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေး အကြောင်းအရာများကို မတ် ၁၅ ရက်အထိ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်းသိရသည်။

**ထွန်းလင်း(ပြန်/ဆက်)**



# ဝံသားပေါက်နှစ်ကောင်အား မြို့နယ်သစ်တောဦးစီးဌာနထံ လွှဲပြောင်းပေးအပ်

**ဝန်းသို မတ် ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့ ဒေါင်းမြူးခန်းမ၌ မတ် ၁၃ ရက် နံနက် ၁၀ နာရီက ဝံသားပေါက် အမ နှစ်ကောင်အား မြို့နယ်သစ်တောဦးစီးဌာနထံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါ ဝံသားပေါက်နှစ်ကောင်အား ဝန်းသိုမြို့နယ် မိုင်းသုန်ကျေးရွာနေ ဦးအောင်ငြိမ်းက မိုင်းသုန်ကျေးရွာအရှေ့ဘက် လေးမိုင်ခန့်အကွာ၌ ခန့်မှန်းအသက် ၄၅ ရက်သား ခန့်ရှိသော ဝံသားပေါက် အမ နှစ်ကောင်အား တွေ့ရှိခဲ့၍ ယခုလို သက်ဆိုင်ရာသို့ လာရောက်လွှဲပြောင်းပေးအပ်ရခြင်းဖြစ်ကြောင်း သိရသည်။

လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့်ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးမြင့်အေးနှင့် တာဝန်ရှိသူများ၊ မိုင်းသုန်ကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်မြိုင်(အင်းတော်)**

# တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စုတွင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့်နေအိမ်များ အမိုးလန်မှုဖြစ်ပွား

**တာချီလိတ် မတ် ၁၃**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ်တွင် မတ် ၁၁ ရက် ည ၈ နာရီ ၁၅ မိနစ်ခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မိုင်းကိုးကျေးရွာအုပ်စုရှိ ကျေးရွာများတွင် လူနေအိမ် ၇၆ လုံးနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်း အမိုးလန်မှုဖြစ်ပွားကြောင်း သိရသည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မွန်းမွန်း(ပလောင်)ကျေးရွာတွင် သွပ်အမိုးလန်နေအိမ် ကိုးလုံး၊ သက်ငယ်မိုးအိမ်ပြို တစ်လုံး၊ မနော်ကျေးရွာတွင် သွပ်အမိုးလန် နှစ်လုံး၊ မိုင်းဟိကျေးရွာတွင် သွပ်အမိုးလန် နှစ်လုံး၊ ကျတဲတိုဘိုကျေးရွာတွင် သွပ်အမိုးလန် ၂၁ လုံး၊ ဘုန်းကြီးကျောင်း သွပ်အမိုးလန် တစ်ကျောင်း၊ မယ်ဖုံးလုံးကျေးရွာတွင် သွပ်အမိုးလန်အိမ် ခြောက်လုံး၊ အမှတ်(၁၀၀၉)နယ်ခြားစောင့်တပ်တွင် သွပ်အမိုးလန် အဆောက်အအုံ ၃၅ လုံးရှိကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ကျေးရွာများသို့ တာဝန်ရှိသူများက သွားရောက်၍ လိုအပ်သည်များ ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



## ငယ်ရွယ်သူအမျိုးသမီးများ ဘဝတိုးတက်မြင့်မားရေး အသိပညာပေး

**ကော့သောင်း မတ် ၁၃**
ကော့သောင်းခရိုင် Woman Club အဖွဲ့ဝင်များမှ ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက် ရွှေတောင်ကုန်းဘုန်းတော်ကြီးကျောင်း အခမဲ့အမျိုးသမီးစက်ချုပ်သင်တန်းသူ အမျိုးသမီးများအား မေ ၁၂ ရက် နံနက်ပိုင်းက အသိပညာပေး ဟောပြောခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ဟောပြောပွဲတွင် ကော့သောင်းခရိုင် Woman Club အဖွဲ့ဥက္ကဋ္ဌ ဒေါ်မေသဇင်က အဖွင့်ပြောကြားပြီး အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းကျောင်းအုပ်ကြီးက ငယ်ရွယ်သူအမျိုးသမီးများ အိမ်တွင်းမှုသက်မွေးလုပ်ငန်းများသင်ကြားနိုင်ရေး၊ အမျိုးသမီးများဘဝလုံခြုံရေး၊ စားသုံးသူရေးရာ ဦးစီးဌာနမှ စားသုံးသူများ အကာအကွယ်ပေးရေးဆိုင်ရာနှင့် စားသုံးသူများ အခွင့်အရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးလက်နေ အမျိုးသမီးများ စာပေဖတ်ရှုလေ့လာခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများ၊ စာပေဖတ်ရှုခြင်း အလေ့အထများ တိုးတက်လာရေး၊ စာပေမှ ရရှိနိုင်မည့် အသိပညာနှင့် လူမှုနယ်ပယ်တွင် တွေ့ကြုံရမည့် အခက်အခဲများအား ရင်ဆိုင်ဖြတ်ကျော်နိုင်ရေး စိတ်ခွန်အားဖြစ်ဖွယ် စာပေများအကြောင်း အသီးသီး အသိပညာပေး ဟောပြောကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



## ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး အားကစားလှုပ်ရှားမှု အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၁၃**
အများပြည်သူ ကျန်းမာကြံ့ခိုင်ပြီး ရောဂါများမဖြစ်ပွားအောင် ကာကွယ်ခြင်း၊ ဖြစ်ပွားသော ရောဂါများ လေ့ကျင့်ခန်းများပြုလုပ်ခြင်းဖြင့် လျော့ကျစေရန်နှင့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်အနာမဲ့စွာ နေထိုင်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့အချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ချုပ်၏ ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး (Exercise is Medicine) အားကစားလှုပ်ရှား (ပထမပတ်) အခမ်းအနားကို မတ် ၁၁ နံနက် ၆ နာရီမှ ၇ နာရီအထိ တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျိုက္ကဆံအားကစားကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးလင်းနိုင်မြင့်နှင့်ဇနီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်လေးနှင့် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီအမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ကိုယ်လက်လှုပ်ရှားအားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ယင်းနောက် Aerobic ကို အခြေခံ၍ Zumba Basic လေ့ကျင့်ခန်းများအား စုပေါင်းကစား၍လည်းကောင်း၊ Sir. Han Zaw Aung (Artists in Motion Fitness Tactory) နှင့် ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော် ဂျင်းနီဦးဆောင်၍ Zumba လေ့ကျင့်ခန်းများ စုပေါင်းကစားခဲ့ကြသည်။

ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး (Exercise is Medicine) အားကစားလှုပ်ရှားမှု(ဒုတိယပတ်)ကို မတ် ၁၈ ရက်တွင် ပြည်သူ့ရင်ပြင်၌ နံနက် ၆ နာရီမှ ၇ နာရီအထိ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို လာရောက်ကစားနိုင်ကြောင်း သိရသည်။

**ကြေးမုံ**

## မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**လွိုင်ကော် မတ် ၁၃**
ကယားပြည်နယ်အတွင်း မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၃ ရက် နံနက် ၁၀ နာရီက အစိုးရအဖွဲ့ရုံး အစည်းဝေးခန်းမ၌ ပြုလုပ်သည်။

ပြည်နယ်ဝန်ကြီးချုပ်ဦးအယ်လ်ဖောင်းရှိုက ယခုနှစ်သင်္ကြန်ပွဲတော်ကိုစည်စည်ကားကားဖြစ်အောင်နှင့် လူကြီး၊ လူငယ်၊ လူရွယ် မရွေး ပျော်ပျော်ရွှင်ရွှင်ဖြင့် ဆင်နွှဲနိုင်ရေးအတွက် ဆောင်ရွက်ပေးလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေးနှင့် ဦးစီးကော်မတီဥက္ကဋ္ဌ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေ၊ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူက ဆွေးနွေးတင်ပြပြီး ဗဟိုမဏ္ဍပ်ကြီးကြပ်ရေး၊ အခမ်း အနားပြင်ဆင်ရေးနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲ ကျင်းပရေး ဆပ်ကော်မတီ၊ ဖျော်ဖြေရေး၊ ပြိုင်ပွဲကျင်းပရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ ဖိတ်ကြားကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးနှင့် ဆုချီးမြှင့်ရေးဆပ် ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ် ကော်မတီ၊ မိုးကောင်းဘုရားကြီးရေသပ္ပာယ်ရေးဆပ်ကော်မတီ၊ သက်ကြီးပူဇော်ပွဲ ကျင်းပရေး ဆပ်ကော်မတီ၊ ပရိတ်တရားတော်နာယူရေး ဆပ်ကော်မတီ၊ ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပရေးနှင့် စတုဒိသာကျွေးမွေးရေး ဆပ်ကော်မတီတို့မှ အသီးသီး ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

## သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း ဒုတိယအကြိမ်သက်ကြီးပူဇော်ပွဲနှင့်မိတ်ဆုံတွေ့ဆုံပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၃**
သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၏ ဒုတိယအကြိမ်မြောက် အသက် ၈၀ နှင့်အထက် သက်ကြီးအသင်းသားများ ပူဇော်ပွဲနှင့် ဝန်ထမ်းဟောင်းများ မိတ်ဆုံတွေ့ဆုံပွဲကို မတ် ၂၅ ရက် နံနက် ၉ နာရီခွဲတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်း၊ (ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်)ရှိ ပြန်ကြားရေးဝန်ကြီးဌာန ခမ်းမရုံ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများ အသင်းဝင်သည်ဖြစ်စေ၊ အသင်းမဝင်သည်ဖြစ်စေ တက်ရောက်နိုင်ကြောင်းသိရသည်။ **ကြေးမုံ**

## ဇလွန်မြို့နယ်အတွင်း ရေဘေးကာကွယ်ရေးတာတမံများ တောင့်တင်းခိုင်မာရေး ဆောင်ရွက်ခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းကြည့်ရှု

**ဇလွန် မတ် ၁၃**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်၏ ၂၀၁၇-၂၀၁၈ခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်လျက်ရှိသော ဧရာဝတီ-ဟင်္သာတတာတိုင် (၁၅/၅မှ ၃၃/၀) အတွင်းရေဘေးအန္တရာယ်ကာကွယ်ရေးအတွက် တာတမံများတောင့်တင်းခိုင်မာအောင် ပြုပြင်ဆောင်ရွက်လျက်ရှိရာ မတ် ၁၂ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ဝင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိဦးဆယ်မောင်နှင့်အဖွဲ့က လုပ်ငန်းပြီးစီးမှု အခြေအနေများအားကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဇလွန်မြို့နယ်အတွင်း ရေဘေးကာကွယ်ရေးအတွက် တာတမံပြုပြင်ခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတာတမံပြုပြင်ခြင်းလုပ်ငန်းများသည် လုပ်ငန်းများ၏ ၈၅ ခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး အဆိုပါတာတမံများတောင့်တင်းခိုင်မာအောင် ပြုပြင်ပေးခြင်းဖြင့် ဇလွန်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ ၏ လယ်မြေဧက ၇၃၀၀၀ ကျော်ကိုရေဘေးအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်သည့်အပြင် နှစ်စဉ်မြစ်ရေကြီးမှုကြောင့် တာတမံကျိုးပေါက်ခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း ဇလွန်မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆယ်မောင်၏ ပြောကြားချက်အရသိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## စိတ်ခံစားမှုသုံးသပ်လေ့လာခြင်း(ဆင့်ပွား)သင်တန်းဖွင့်

**သန်လျင် မတ် ၁၃**
ရဲတပ်ဖွဲ့ဝင်များအတွက် စိတ်ခံစားမှုသုံးသပ်လေ့လာခြင်း (ဆင့်ပွား) သင်တန်း (၂/၂၀၁၈)သင်တန်းကို သန်လျင်သင်တန်းကျောင်းတွင် မတ် ၁၂ ရက် နံနက် ၁၁ နာရီက ဖွင့်လှစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က အမှာစကားပြောကြားခဲ့သည်။



သင်တန်းဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ အရာရှိများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

## သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး

**ဒဂုံမြို့သစ် (မြောက်ပိုင်း)**
ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ် (၃၅) ရပ်ကွက် ညီမူရာ ခမ္မာရုံ၌ မတ် ၁၀ ရက် ညနေ ၆ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးခိုင်ဦးက သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးနှင့် မှုခင်းကျဆင်းရေးဟောပြောခဲ့ရာ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

**ရွှေပြည်သာ**
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် ရွှေပြည်သာမြို့နယ် အမှတ်(၁၉/၂၀) ရပ်ကွက် ဗိုလ်ချုပ်လမ်း သံဒင်းဈေးအနီးတွင် မတ် ၇ ရက် နံနက် ၉ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းစိုးနှင့် တာဝန်ရှိသူများသည် မူးယစ်ဆေးဝါး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမခံရစေရေးအတွက် အသိပညာပေးခြင်းနှင့် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်များအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်တွင်ပြီးစီးရေး ဆောင်ရွက်

**မင်းလှ မတ် ၁၃**
၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မင်းလှမြို့နယ်အတွင်းရှိကျေးရွာ ၃၆ ရွာတွင် လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေးနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖွံ့ဖြိုးရေးရန်ပုံငွေတစ်ရွာလျှင်ကျပ်သိန်း ၁၀၀ နှင့် ကျေးရွာလူထုထည့်ဝင်ငွေတို့ဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများသတ်မှတ်ကာလအတွင်း ရာခိုင်နှုန်းပြည့် အချိန်မီပြီးစီးနိုင်ရေးအတွက် မတ် ၁၃ ရက်က မြို့နယ်ဦးစီးမှူး ဒေါ်မိမိအောင် (လ/ထညွှန်ကြားရေးမှူး)နှင့် ဝန်ထမ်းများက ကွင်းဆင်း၍ အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ပေါက်စ(မင်းလှ)**



# ချယ်လ်ဆီးပြီး လီဗာပူးကို ထပ်ဖြိုပြလိုက်ပြန်တဲ့ မန်ယူ

မန်ယူအသင်းဟာ ပရီမီယာလိဂ်မှာ ပွဲကြပ်တွေ ဆက်တိုက်ကစားနေရပေမယ့် ချယ်လ်ဆီး၊ ခရစ္စတယ်ပဲလေ့စ်တို့ကို ဆက်တိုက် အနိုင်ယူပြခဲ့သလို ပြီးခဲ့တဲ့ စနေနေ့က ကစားခဲ့တဲ့ပွဲမှာ ယာဂန်ကလော့ပ်ရဲ့ လီဗာပူးကို ထပ်ပြီး ဖြိုလှဲပြနိုင်ခဲ့ပါတယ်။ တစ်နည်းဆိုရရင် ဘောလုံးကိုင်ကစားနေတဲ့ လီဗာပူးဟာ နည်းပြမော်ရင်ဟိုရဲ့ နည်းစနစ်အောက်မှာ စနစ်တကျ ဖြိုလှဲခံလိုက်ရတာဖြစ်တယ်လို့ ပြောလို့ရပါတယ်။ မန်ယူဟာ ချယ်လ်ဆီးကို အနိုင်ရခဲ့တဲ့ပွဲမှာလည်း အလားတူ အခြေအနေမျိုး ဖန်တီးပြခဲ့သေးတာပါ။ ဆိုတာက မော်ရင်ဟိုရဲ့ နည်းစနစ်ဟာ အသင်းကြီးတွေနဲ့ ရင်ဆိုင်ရာမှာ အနိုင်ရလဒ်ထွက်ပေါ်ဖို့လုံလောက်ခဲ့တာဖြစ်ပြီး ဆီဗီလာနဲ့ ချန်ပီယံလိဂ်ပွဲမှာလည်း မော်ရင်ဟို ဘယ်လိုနည်းစနစ်တွေ ချမှတ်သွားဦးမလဲဆိုတာ ပိုပြီးတော့တောင် စိတ်ဝင်စားစရာကောင်းလာပါပြီ။

မော်ရင်ဟိုက ဒီမန်ယူရဲ့ ကွင်းလယ်မှာပေါ့ဘာကို မသုံးဘဲ တွမ်မီနေးကို မာတစ်နဲ့ တွဲဖက်ကစားပေးခဲ့တာကလည်း မှတ်သားလောက်စရာအချက်တစ်ခုပါ။ မီနေး-မာတစ်ကွင်းလယ်အတွဲဟာ ရေရှည်အလုပ်ဖြစ်၊ မဖြစ် ပြောနိုင်ဖို့ ခက်ပေမယ့် တစ်ပွဲချင်းချဉ်းကပ်ရာမှုမှာတော့ အတော်လေးအလုပ်ဖြစ်ခဲ့တာကိုတွေ့ရပါတယ်။ မော်ရင်ဟိုဟာ တောင်ပံတိုက်စစ်မှာ ရက်ရှ်ဖို့ဒ်ကို အသုံးပြုခဲ့ပြီး ဒါဟာ ၂၀၁၈ ခုနှစ်အတွင်း ရက်ရှ်ဖို့ဒ်ရဲ့ မန်ယူအတွက် ပထမဆုံးပွဲထွက်ခွင့်ရတဲ့ ပွဲလည်း ဖြစ်ပါတယ်။ မော်ရင်ဟိုက လီဗာပူးဟာ အားနည်းချက်ရှိတဲ့အသင်းကောင်းတစ်သင်းဖြစ်တယ်လို့ ပြောခဲ့တဲ့အတိုင်း လီဗာပူးရဲ့ အားအနည်းဆုံးဖြစ်တဲ့ လော့ဗ်ရန်နဲ့ အာနိုးလ်တို့ တာဝန်ယူထားတဲ့ ညာခြမ်းကို အဓိကဒုက္ခပေးနိုင်ဖို့ ရက်ရှ်ဖို့ဒ်ကို အစီအစဉ်တကျ သုံးစွဲခဲ့တာဖြစ်သလို ရက်ရှ်ဖို့ဒ်ကပဲ မန်ယူအတွက် ဦးဆောင်ဂိုးနှစ်ဂိုးကို သွင်းယူခဲ့ တာဖြစ်ပါတယ်။ တရစပ်တိုက်စစ်ဆင်နေတဲ့ လီဗာပူးရဲ့ တိုက်စစ်ကို တိုက်စစ်အစစ်ဖြစ်မလာအောင် ယန်း၊ စမောလင်းတို့ တားဆီးနိုင်ခဲ့ကြတာကြောင့်လည်း လီဗာပူး တစ်ဂိုးပဲ ပြန်ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ခြုံပြီးဆိုရရင် လီဗာပူးအသင်းကစားခဲ့တာ ကြည့်ကောင်းခဲ့တယ်၊ သို့သော် မော်ရင်ဟိုရဲ့ နည်းစနစ်အောက်မှာ စနစ်တကျ ဖြိုလှဲခံလိုက်ရတာလို့ပဲ သုံးသပ်ရတော့မှာပါ။

# ကမ္ဘာ့လစာအများဆုံး ပြန်လည်ဖြစ်လာဖွယ်ရှိတဲ့ ဂွါဒီယိုလာ



မန်စီးတီးအသင်းက အသင်းနည်းပြ ဂွါဒီယိုလာကို သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီး ဒီစာချုပ်အရ ဂွါဒီယိုလာဟာ ကမ္ဘာ့လုပ်ခလစာအများဆုံး ရရှိတဲ့ နည်းပြဖြစ်လာတော့မှာဖြစ်ပါတယ်။ လက်ရှိကမ္ဘာ့လစာအများဆုံးရရှိနေတဲ့ နည်းပြကတော့ တရုတ်လက်ရွေးစင်အသင်းကို တာဝန်ယူကိုင်တွယ်နေတဲ့ အီတလီလူမျိုးနည်းပြ လစ်ပီဖြစ်ပြီး တစ်နှစ်လုပ်ခလစာ ပေါင် ၁၈သန်းခန့် ရရှိနေတာဖြစ်ပါတယ်။

ဂွါဒီယိုလာဟာ လက်ရှိ တစ်နှစ်လုပ်ခလစာ ပေါင် ၁၅ ဒသမ ၃ သန်း ရရှိနေပြီး ကမ္ဘာ့လုပ်ခလစာ အများဆုံးရရှိနေတဲ့ နည်းပြစာရင်းမှာ ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ မန်စီးတီးတာဝန်ရှိသူတွေက ဂွါဒီယိုလာနဲ့ စာချုပ်သစ်ကိစ္စ ဆွေးနွေးနေပြီး ဒီစာချုပ်အရ တစ်နှစ်လုပ်ခ ပေါင်သန်း ၂၀ ရရှိမှာ ဖြစ်ပါတယ်။ ဂွါဒီယိုလာရဲ့ လက်ရှိ စာချုပ်သက်တမ်းဟာ ၁၅ လသာ ကျန်ရှိတော့ပြီး မန်စီးတီးအသင်းတာဝန်ရှိသူများနဲ့ ဂွါဒီယိုလာရဲ့ အေးဂျင့်ဖြစ်သူတို့ ဆွေးနွေးနေပြီဖြစ်သလို ဂွါဒီယိုလာကလည်း သူ့အနေနဲ့ မန်စီးတီးမှာ နောက်ထပ် ၁၀ စုနှစ်တစ်ခုလောက် ဆက်ရှိနေနိုင်မယ်လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဂွါဒီယိုလာက အင်္ဂလန်မှာ ဆက်နေဖို့ ဆုံးဖြတ်ခဲ့ခြင်းမှာ သူ့ရဲ့ မိသားစုက အဓိကကျကြောင်း ပြောကြားခဲ့သလို "ကျွန်တော် ဒီအသင်းမှာ နောက်ထပ် ၁၀စုနှစ်လောက်ဆက်မရှိဘူးလို့ မငြင်းနိုင်ပါဘူး။ နောက်ပြီး ကျွန်တော့်မိသားစု အပေါ်မှာလည်း မူတည်နေပါတယ်" လို့ ဆိုခဲ့တာပါ။

ဂွါဒီယိုလာနဲ့ မန်စီးတီးတို့ ချုပ်ဆိုမယ့် စာချုပ်ဟာ သက်တမ်းနှစ်နှစ် ရှိမယ်လို့ မေရာသတင်းဌာနရဲ့ ဖော်ပြချက်အရ သိရပါတယ်။ ဂွါဒီယိုလာဟာ ဆဲလ်ဖို့ဒ်အရပ်မှာ ပေါင် ၂ ဒသမ ၇သန်းတန် ဇိမ်ခံအိမ်တစ်လုံးကို ဝယ်ယူထားပြီး မန်စီးတီးအမှုဆောင်ချုပ် စတိန်း၊ အားကစား ဒါရိုက်တာ ဆိုရီယာနိုတို့နဲ့အတူ မန်ချက်စတာမြို့မှာ ကာတလန် စားသောက်ဆိုင်တစ်ခု ဖွင့်လှစ်ဖို့ ပြင်ဆင်နေပါသေးတယ်။

မေလှဲ့သင်း-ရေးသားသည်။

# နေမာကို အလိုမရှိကြတဲ့ ဘာကာပရိသတ်များ



နေမာက ဘာစီလိုနာကို ပြန်လည်ပြောင်းရွှေ့ဖို့အတွက် ဆန္ဒရှိနေတယ်လို့ သတင်းတွေထွက်နေချိန်မှာ ဘာစီလိုနာ ပရိသတ်တွေအနေနဲ့ ဒီကိစ္စရပ်အပေါ် ဘယ်လိုသဘောထားရှိသလဲဆိုတာ ကာလတတန် အခြေစိုက် မန်ဒီဒီပို့တီဗို သတင်းစာက မဲဆန္ဒစာရင်းကောက်ယူခဲ့ရာ ၆၇ရာခိုင်နှုန်းက ကန့်ကွက်ခဲ့ကြတယ်လို့ သိရပါတယ်။ ဘရာဇီးတိုက်စစ်မှူးနေမာဟာ ပြီးခဲ့တဲ့နွေဈေးကွက်ကမှ ဘာစီလိုနာကနေ ပီအက်စ်ဂျီကို ကမ္ဘာ့စံချိန်တင်ကြေးပေါင်သန်း ၂၀၀ နဲ့ ပြောင်းရွှေ့သွားခဲ့ပေမယ့် ခုနစ်လအကြာမှာပဲ အသင်းဟောင်းကို ပြန်လာဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။

နေမာဟာ ခြေချောင်းရိုးကျိုးသွားခဲ့တာကြောင့် ခွဲစိတ်ကုသမှုခံယူပြီး ဘရာဇီးမှာပဲ အနားယူနေစဉ်အတွင်း ဒီလိုသတင်းတွေ ထွက်လာခဲ့တာပါ။ နေမာရဲ့ လက်ရှိအသင်း ပီအက်စ်ဂျီအသင်းဟာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်မှာပဲ ရီးယဲလ်ကို ရှုံးနိမ့်ပြီး ချန်ပီယံလိဂ်ကနေ ထွက်ခဲ့ရပြီးနောက်မှာ အသင်းဟောင်း ပီအက်စ်ဂျီကနေ ထွက်ခွာပြီး အသင်းဟောင်း ဘာကာကို ပြန်လာဖို့ ဆက်သွယ်မေးမြန်းမှုတွေ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။


နေမာအနေနဲ့ မက်ဆီရဲ့ လောင်းရိပ်အောက်က လွတ်မြောက်ဖို့ ဘာစီလိုနာကနေ ထွက်ခွာခဲ့ပေမယ့် ပီအက်စ်ဂျီကို ပြောင်းရွှေ့မှုက မှားယွင်းတယ်လို့ ယူဆနေ ပြီဖြစ်သလို ပြင်သစ်လီဂူးရဲ့ ဘောလုံးအဆင့်အတန်းကို စိတ်ပျက်နေတယ်လို့ မန်ဒိုဒီပို့တီပို သတင်းဌာနကပဲ ဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒီကိစ္စရပ်ကို မဲဆန္ဒကောက်ခံခဲ့ရာ ပရိသတ်နှစ်သောင်း ကျော်က ဝင်ရောက်မဲပေးခဲ့ရာ ၃၂ ရာခိုင်နှုန်းနီးပါးကသာ ထောက်ခံခဲ့ကြပြီး ၆၇ ရာခိုင်နှုန်းက ကန့်ကွက်ခဲ့ကြတာပါ။

ဘာစီလိုနာရဲ့ မဟာပြိုင်ဘက် ရီးယဲလ်မက်ဒရစ်အသင်းကလည်း နေမာကို ခေါ်ယူဖို့ ကြိုးပမ်းနေပြီး နေမာရဲ့ ဖခင်နဲ့ ရီးယဲလ်တာဝန်ရှိသူတွေ တွေ့ဆုံဆွေးနွေးခဲ့ကြအပြီးမှာ ပီအက်စ်ဂျီဘက်ကလည်း ပေါင် ၃၅၅ သန်း(ယူရိုသန်း ၄၀၀)သာရရင် နေမာကို ထုတ်ရောင်းဖို့ အသင့်ရှိနေတယ်လို့ သိရပါတယ်။ ဒီရက်ပိုင်း အတွင်းမှာပဲ ပီအက်စ်ဂျီအားကစားဒါရိုက်တာ အာတီရိုက ပီအက်စ်ဂျီမှာ နေမာဆက်နေမယ်၊ မနေဘူးဆိုတာ အာမခံချက်မပေးနိုင်ဘူးလို့ ဆိုခဲ့သေးတော့ ပီအက်စ်ဂျီနဲ့ နေမာတို့ လမ်းခွဲမှုဟာ ခန့်မှန်းထားတဲ့ ၂၀၁၉ ခုနှစ်ဆိုတဲ့အချိန်ထက် ပိုမိုစောစောစီးစီး ဖြစ်လာဖွယ်ရှိနေပါတယ်။

## ဖြစ်မှ ဖြစ်တတ်ပလေ

စနေနေ့ညက ကစားခဲ့တဲ့ အီဘာနဲ့ ရီးယဲလ်မက်ဒရစ်တို့ ပွဲစဉ်မှာ ရာမို့စ်တစ်ယောက် ကွင်းထဲကနေ ငါးမိနစ်လောက်ပျောက်သွားခဲ့ပါတယ်။ ဒီအကြောင်းကို ရီးယဲလ်နည်းပြ ဇီဒန်းက " သူ့မှာ ဗိုက်နာတဲ့ပြဿနာရှိနေပုံပေါ်ပါတယ်။ အဲဒီအတွက် ကွင်းထဲကနေ အိမ်သာ ခဏသွားခဲ့တာဖြစ်ပါတယ်။ နောက်မိနစ် အနည်းငယ်အကြာမှာပဲ သူပြန်လာနိုင်ခဲ့တယ်"လို့ ရှင်းပြခဲ့ပါတယ်။ ရာမို့စ်ကွင်းထဲက ခေတ္တပျောက်သွားချိန်ဟာ ပွဲချိန် ၇၃မိနစ် ရှိနေပြီဖြစ်ပြီး ရီးယဲလ်အသင်းက လူစားလဲမှုသုံးကြိမ်ပြည့်မြောက်ခဲ့ပြီဖြစ်သလို တစ်ဂိုးစီ သရေကျနေချိန်လည်း ဖြစ်ပါတယ်။

ရာမို့စ်ဟာ ကွင်းလယ်ဒိုင် ဟိုဆေးမွန်တီရိုကို ခွင့်တောင်းခဲ့ပြီး ဥမင်ထဲဆင်းကာ ခေတ္တပျောက်သွားခဲ့ပြီး အဲဒီနောက် ငါးမိနစ် အကြာမှာပဲ ကွင်းထဲ ပြန်ဝင်လာခဲ့ကာ ပွဲကိုဆက်လက်ကစားခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် စီရို နယ်လ်ဒိုက ရီးယဲလ်အတွက် အဖိုးတန်အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့ပြီး ရီးယဲလ်က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရယူနိုင်ခဲ့ပါတယ်။



## တစ်နိုင်ငံလုံးတွင် ပထမနေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့သော အခွန်ထမ်း UMFCCI နာယက ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ အတွက်

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ ချီးမြှင့်သည့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ခြင်း အခမ်းအနားတွင် ၂၀၁၁-၂၀၁၂ မှ ၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ်အထိ တစ်နိုင်ငံလုံးတွင် "ပထမ" နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သော နိုင်ငံသားကောင်းတာဝန်ကျေပွန်သည့် "UMFCCI ၏ နာယက ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း" အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်မှ ချီးမြှင့်သည့် **"နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု"** ကို လက်ခံရရှိခြင်း၊

နိုင်ငံတော်အခွန်ဘဏ္ဍာတာဝန်ကို နှစ်စဉ် ပထမနေရာမှ အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့ခြင်းများအပြင် ကြီးမားငွေများနှင့်ပတ်သက်၍ ဖနန်စွာ ကြေညာတင်ပြ ပေးဆောင်ရန် ဆောင်ရွက်ထားရှိခြင်း၊

၂၀၁၇-ခုနှစ် ဖေဖော်ဝါရီလ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဖိလစ်ပိုင်နိုင်ငံ သမ္မတ Mr.Rodrigo Duterte မှ ပေးအပ် ချီးမြှင့်ခဲ့သည့် အာဆီယံနှစ်(၅၀)အတွင်း ပထမဆုံးအကြိမ် ပေးအပ်ချီးမြှင့်သော အမြင့်မားဆုံးဆု **"The Legacy Award (အာဆီယံ ထူးချွန်စီးပွားရေးလုပ်ငန်းရှင်ဆု)"** အင်္ဂလန်နိုင်ငံ World Finance မှ ၂၀၁၃၊ ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ် (၃)နှစ်ဆက် ပေးအပ်ချီးမြှင့်ခဲ့သော အာရှတိုက်အတွက် **"Banker of the Year in Asia (စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုဆိုင်ရာ စွမ်းဆောင်ရည် အကောင်းဆုံး ဘဏ်ဥက္ကဋ္ဌဆု)"** နှင့် အခြား နိုင်ငံတကာဆု အမြောက်အမြားကို လက်ခံရရှိခြင်း၊

နာယကအဖြစ် ဦးဆောင်လျက်ရှိသော **"ကမ္ဘောဇအုပ်စုဝင်အလင်းတန်းမြန်မာဖောင်ဒေးရှင်း"** အနေဖြင့် ပြည်ပနိုင်ငံများ ရောက် မြန်မာနိုင်ငံသို့ ပြန်လာရန်အခက်အခဲရှိသော မြန်မာနိုင်ငံသားများသည် ဖိတောင်းကျော်အား စရိတ်ငြိမ်းအခမဲ့ အကြိမ်ကြိမ် ပြန်လည်ခေါ်ဆောင်ပေးခဲ့ခြင်း၊ နိုင်ငံတစ်ဝန်း ဖြစ်ပေါ်ခဲ့သော ရေကြီး ရေလျှံဖြစ်ပွားမှုများနှင့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အချိန်နှင့် တစ်ပြေးညီ ပါဝင်ဆောင်ရွက် လှူဒါန်းခဲ့ခြင်း၊ မြန်မာပြည်တွင်း ဖရှားပါးခက်ခဲသော ဒေသများတွင် စာသင်ကျောင်းများတည်ဆောက်၍ အခမဲ့ ဖြန့်ဝေ လှူဒါန်းပေးခြင်း၊ ကျောင်းဆောက်လုပ်ခြင်းနှင့် ကျန်းမာရေးဆိုင်ရာ ပစ္စည်းများ လှူဒါန်းခဲ့ခြင်း၊ ရိုးရာ ယဉ်ကျေးမှုများ အတွင်း ဆေးဝါးကုသရေး လုပ်ငန်းများအတွက် ကျပ်သိန်းပေါင်း ထောင်ချီ၍ ထောက်ပံ့လှူဒါန်းခြင်း အပါအဝင် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် ကျပ်သိန်းပေါင်း(၃၀,၀၀၀) လှူဒါန်းခဲ့ခြင်း၊

နိုင်ငံတွင်း ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အတွင်း ကျရောက်ခဲ့သော သဘာဝဘေးအန္တရာယ်များ ကာကွယ်တားဆီးရေး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် လူမှုဘဝသာယာရေး၊ ကျန်းမာရေး ထိန်းသိမ်းရေး၊ ပညာရေးအတွက် ပံ့ပိုးကူညီလှူဒါန်းလျက်ရှိပြီး နိုင်ငံ့အကျိုးကို ဆောင်ရွက်ရာတွင် နိုင်ငံနှင့်ပြည်သူ့အတွက် ကျပ်ငွေ(သိန်း) ဘီလီယံပေါင်းကို လှူဒါန်းခဲ့ခြင်းများအတွက် အထူးဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် နောင်လာ နောင်သား မျိုးဆက်သစ်များ မြင်တွေ့ မြင်သာအတုယူစရာ ကောင်းမွန်သောဖြစ်ရပ်များအဖြစ် ထိုကဲ့သို့ နိုင်ငံ့အကျိုးပြုလုပ်ငန်းများ အမြောက်အမြား ပေါ်ထွက်လာနိုင်ရေးကြောင်း နိုင်ငံနှင့်ပြည်သူ့ အကျိုးကို ဆက်လက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**ဥက္ကဋ္ဌ နှင့် ဗဟိုအလုပ်အမှုဆောင် / အလုပ်အမှုဆောင်အဖွဲ့**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)**

## တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများအတွက် ဘဝအာမခံချက်ရှိသော အသက်မွေးပညာရပ်သင်တန်းများ တက်ရောက်နိုင်ပါပြီ။

### Certificate > Diploma > Degree > Master အတန်းများကို ရွေးချယ်တက်ရောက်နိုင်ပါပြီ။

**Management Courses**

M.B.A in Hospitality Management
Dip. International Hospitality Management
Dip. Hospitality Management
Dip. Inclusive Tourism Management

သင်တန်းပြီးဆုံးပြီးနောက် အလုပ်အကိုင်အများဆုံး သင်တန်းများ

Certificate II Front Office Course with OPERA System
Certificate II Food and Beverage Course
Certificate II Housekeeping Operation Course
Certificate II Bartender, Barista Course
Certificate II Food Production Course (Cookery, Bakery & Pastry)

သင်တန်းများကို နိုင်ငံတကာ အတွေ့ကြုံရှိ ဆရာ၊ဆရာမများဖြင့်စာတွေ့ လက်တွေ့ စနစ်တကျ လေ့ကျင့်သင်ကြားမှုများဖြင့် စစ်ဆေးပေးနေပါသည်။




အသစ်ဖွင့်လှစ်မည့် ဟိုတယ်များအတွက် အတိုင်ပင်ခံခြင်း၊ ဝန်ထမ်းခေါ်ယူပေးခြင်း၊ သင်တန်းများပို့ချပေးခြင်း၊ ဖွင့်လှစ်ထားသော ဟိုတယ်များရှိ ဝန်ထမ်းများအား ကျွမ်းကျင်မှုအသိအမှတ်ပြု စစ်ဆေးပေးခြင်း စသည့် ဝန်ဆောင်မှုများအတွက်ဆက်သွယ်နိုင်ပါသည်။

တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသောလူငယ်များအတွက် Management Course များအတွက် ပညာသင်ဆု လျှောက်ထားနိုင်ပါသည်။

Special Discount **10% OFF** Valid to 28th Mar 2018

STAR ACADEMY

**Call Us : 523 623, 230 4020, 523 200, 0979 700 4982 , 0979 700 4988**

Star Resources Co., Ltd. | No. 267, R - 202, Pyay Road, (Near Myay Ni Gone Yoma Bank)Sanchaung Township, Yangon. | info@staresources.com

## ဝယ်တာထက် ပိုရမယ့်
# ဒေတာလိုက်ပွဲ

4G PLUS

***140#**
ကို အခုပဲ ခေါ်ဆိုပါ။

| ဈေးနှုန်း(ကျပ်) | ဒေတာ(MB) | | အပိုလိုက်ပွဲ (MB) |
|---|---|---|---|
| ၆၉၉ | ၃၅၀ | + | ၅၀ |
| ၉၉၉ | ၆၀၀ | + | ၅၀ |
| ၁,၄၉၉ | ၈၇၀ | + | ၁၅၄ |
| ၂,၉၉၉ | ၁,၇၉၂ | + | ၂၅၆ |
| ၄,၉၉၉ | ၃,၀၇၂ | + | ၅၁၂ |
| ၉,၉၉၉ | ၆,၁၄၄ | + | ၁,၀၂၄ |
| ၁၉,၉၉၉ | ၁၂,၂၈၈ | + | ၂,၀၄၈ |
| ၃၉,၉၉၉ | ၂၅,၆၀၀ | + | ၅,၁၂၀ |

အပိုလိုက်ပွဲ သက်တမ်း ရက် ၃၀ ရှိပါသည်။



ooredoo
Enjoy the Internet

ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

မြန်မာ့ပညာရေးကို တန်ဖိုးထားအားပေးသော

MEC

# MYANMAR EDUCATION CENTRE

## မြန်မာ့ပညာရေးအောင်မြေ

ကိုယ်ပိုင်အထက်တန်းကျောင်း

သူငယ်တန်းမှ ဒသမတန်း

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ

- မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့ကို ပိုင်နိုင်စွာ သင်ကြားပေးနိုင်သော အတွေ့အကြုံရှိ ဆရာ၊ ဆရာမများ အလိုရှိသည်။ (ဆရာဖြစ်လက်မှတ်ပါရှိသူ ဦးစားပေးမည်)။
- ဒသမတန်း(တက္ကသိုလ်ဝင်တန်း) ကိုပိုင်နိုင်စွာ သင်ကြားပေးနိုင်သော ဆရာ၊ ဆရာမများ အလိုရှိသည်။
- အင်္ဂလိပ်စာ 4 Skills၊ ပန်းချီ၊ မြန်မာ့သိုင်း သင်ကြားပေးနိုင်သော ဆရာ၊ ဆရာမများ အလိုရှိသည်။
- ကွန်ပျူတာစာစီစာရိုက်၊ ရုံးအကူ၊ သန့်ရှင်းရေးဝန်ထမ်းများ အလိုရှိသည်။
- Lite Truck, Townace, Hiace, Mini-Bus ကျောင်းကားဆွဲလိုသူများ ဆက်သွယ်နိုင်ပါသည်။

MEC-1 အမှတ် (၁၅၈)၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ပိတောက်လမ်း၊ ၂ (က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၅၀ ၅၅၂၀၃၊ ၀၉ ၄၄ ၅၀၅၅ ၂၀၃၊ ၀၉ ၇၉၈၁၆၁၈၈၇၊ ၀၉ ၉၆၁၇၇၁၅၄၅၁

ဒသမတန်းကို (မတ်လ ၂၀ ရက်) နေ့နှင့် သူငယ်တန်းမှ နဝမတန်းအထိ (မေလ ၁၀ ရက်) နေ့တွင် စတင်ဖွင့်လှစ်ပါမည်



GM နေ့ချင်းပြန် ဘုရားဖူးခရီးစဉ်
ကျိုက်ထီးရိုး
ချောင်းသာ
မြဝတီ-မဲဆောက်
အမှတ် (၁၁၉)၊ ၁၈လမ်းအပေါ်၊ လသာမြို့နယ်
09442140334,09784217677



DM TRAVELS
ကျိုက်ထီးရိုး - 12000 ကျပ်
ချောင်းသာ - 15000 ကျပ်
ငွေဆောင် - 18000 ကျပ်
နေ့စဉ်
March လ(၂)ဦးဝယ်နောက်ထပ်(၁)ဦးလက်ဆောင်
(ပိတ်ရက်မပါ)
09-257103030, 09-257103050



Asia Dragon (အာရှနဂါး)
ချောင်းသာ ♦ ငွေဆောင်
ကျိုက်ထီးရိုး ♦ မြဝတီ
09 300 300 30 , 09 300 300 90



S.S ခင်မောင်အေး ၏

ရေးသားထုတ်ဝေပြီးသော
(၃) တန်း မှ (၁၀) တန်း ထိ သင်္ချာ စာအုပ်များ

အမြို့မြို့ အနယ်နယ်မှ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။




ပညာဗိမာန်စာအုပ်တိုက် –အမှတ်(၂၂၈)၊ အနော်ရထာလမ်း နှင့် ၃၉လမ်း(အထက်) ထောင့်ချိုး ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁–၂၅၃ ၁၄၃ ၀၁–၉၁၉၀၄၀၂၊ ၀၉–၅၁၁၆၇၄၆

ပညာချွန်စာအုပ်ဆိုင် –အမှတ်(၉၂) အနော်ရထာလမ်းမပေါ်၊ ဆိပ်ကမ်းသာလမ်း နှင့် ၃၉လမ်းကြား(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁–၂၄၀ ၅၀၁

ပညာဗိမာန် စာအုပ်တိုက်
ပညာချွန်



# GREE is Great, Gree is No.1

Special Summer Promotion
3% to 10 % Discount အပြင် ထီးမေတ္တာလက်ဆောင်

Protable Aircon




Yangon Show Room သို့ နေ့စဉ်ပထမဆုံးလာရောက်ဝယ်ယူအားပေးသော Customer (၅)ဦးအတွက် ကံစမ်းမဲလက်ဆောင်များ ပေးအပ်ချီးမြှင့်သွားမည်အစီအစဉ်

THE AIR CONDITIONER EXPERT
CHRIS HO COMPANY LIMITED
ခရစ်ဟိုး ကုမ္ပဏီလီမိတက်

Head Office : No. 153(D), Waizayandar Garden Housing, Waizayandar Road, Thingangyun Tsp, Yangon Myanmar.
Tel : 95-1-8564352,8564253,578605,457005500.E-mail:chrishovtm@gmail.com,chrishomyanmar.gree@gmail.com
Branch Office : Ma-13/15, Theik Pan Street, Between 57 & 58 Street, Mandalay. Tel : 09-500 9036, 09-471 21582, 09-910 44737



# GDC Modern Co.,Ltd.

Aluminium window,Door product & Services

၁။ ပစ္စည်းအရည်အသွေးအာမခံ။
၂။ နောက်ဆုံးပေါ် ခေတ်မီစက်ကြီးများဖြင့် ထုတ်လုပ်မှု။
၃။ နှစ်(၄၀)ကျော်အတွေ့အကြုံရှိ စင်ကာပူကျွမ်းကျင်ပညာရှင်များ၏ နည်းပညာပံ့ပိုးမှု။
၄။ Singapore BCA လက်မှတ်ရ ကျွမ်းကျင်ပညာရှင်များ၏ လက်ရာ
၅။ Design နှင့် Budge အပေါ်မူတည်ပြီး ရွေးချယ်နိုင်သော ပြတင်းတံခါး Series (၅)မျိုးနှင့် Tempered Door , Partition များ။
၆။ အခမဲ့ ဝန်ဆောင်မှုဖြင့် အိမ်တိုင်ရာရောက် တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ပေးခြင်း၊ Design ကူညီပုံဖော်ပေးခြင်း။





လူကြီးမင်းတို့၏ လိုအပ်ချက်များကို အကောင်းဆုံးဝန်ဆောင်မှုတို့ဖြင့် ဖြေရှင်းပေးမည်GDC

- အကောင်းဆုံးအရည်အသွေး၊ လေလွှင့်မှုအနည်းဆုံး System,
- ဘီးချော်မထွက်နိုင်ခြင်း၊ ရေမယိုစိမ့်စေခြင်းနှင့် သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသောပုံစံ
- ထုတ်လုပ်တပ်ဆင်သူများ လွယ်ကူ အဆင်ပြေ၍ တွက်ခြေကိုက်စေမည့်

Minimalist Design "E Series" Sliding Window Frame များကို အမြို့မြို့အနယ်နယ်သို့ လက်လီလက်ကား ဖြန့်ဖြူး ရောင်းချပေးနေကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်– အမှတ်(၂၁၂)၊ရွှေဂုံတိုင်တာဝါ၊အရှေ့ရွှေဂုံတိုင်လမ်းမ(MPT ရုံးချုပ်ရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-960188922, 09-964321988, 01-558228 Email: gdc.purchase@gmail.com


တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

## သံဝေဂဉာဏ်ပွားများခြင်း

### အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒ

**သိက္ခာတော် (၇၁)ဝါ၊ သက်တော် (၉၁)နှစ်**

**နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အိမ်တော်ရာစေတီတော်ဩဝါဒါစရိယဥက္ကဋ္ဌ**

**(ဒဂုံပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယက)**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယက၊ အိမ်တော်ရာစေတီတော် ဩဝါဒါစရိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒ သိက္ခာတော်(၇၁)ဝါ၊ သက်တော် (၉၁) နှစ်သည် (၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်) ၁၀-၃-၂၀၁၈ ရက် ည ၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် နိဗ္ဗာန်စံကျောင်းပြောင်းရွှေ့တော်မူသွားသော ဆရာတော်ကြီး၏ကျေးဇူးတော် ဂုဏ်အလီလီတို့ကို တပည့်ဒါယကာ/ဒါယိကာမများ(ကိုယ်စား) အိမ်တော်ရာစေတီတော်ဂေါပကအဖွဲ့မှ သံဝေဂဉာဏ်ပွားများရပါသည်ဘုရား။

**စေတီတော်ဂေါပကအဖွဲ့**

**မဟာဓမ္မရံသီအိမ်တော်ရာစေတီတော်မြတ်ကြီး**

**မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်**

---

### ဒေါ်ရှုတီ(ပြည်)

**အသက် (၉၂)နှစ်**

ပြည်မြို့၊ ပန်းထိမ်တန်းလမ်း၊ အမှတ်(၁၈၄)နေ (ဦးဂင်းစူ)၏ဇနီး၊ ဦးချင်းကြိုင်-ဒေါ်ကျဲ့လိန်(မကာအို)၊ ဦးခင်မောင်နီ-ဒေါ်ခင်ခင်ဝင်း(ရန်ကုန်)၊ ဦးဝှမ့်လုံ-ဒေါ်ခင်ယဉ်(ဟောင်ကောင်)၊ ဦးငွေအောင်-ဒေါ်စောယဉ်(ရန်ကုန်)၊ ဦးစိန်ဝင်း-ဒေါ်မေယဉ်(ရန်ကုန်)၊ (ဦးမြတ်ထွန်း)-ဒေါ်လေးယဉ်(ပြည်)၊ ဦးအောင်နိုင်-ဒေါ်ချင်းချင်း(ပြည်)၊ ဦးမျိုးငွေ-ဒေါ်ယဉ်ယဉ်(ကြံခင်း)၊ ဦးစိုးမြင့်-ဒေါ်အေးအေးခိုင်(ရန်ကုန်)တို့၏မွေးသမိခင်၊ မြေး ၂၀ ယောက်၊ မြစ်ရှစ်ယောက် တို့၏အဘွား ဒေါ်ရှုတီသည် ၁၂-၃-၂၀၁၈(တနင်္လာနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၈(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် အေးငြိမ်းရာတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်မြင့်မြင့်ကြည်(Margaret Flynn) (၆၈)နှစ်

ရန်ကုန်မြို့နေ [ဦးလှမောင်(အင်ဂျင်နီယာချုပ် ESB-ငြိမ်း)-ဒေါ်ရင်ကြည်]တို့၏သမီး၊ Errol Flynn ၏ဇနီး၊ Gerald ထွန်းအောင်-ဒေါ်မြင့်မြင့်တင်၊ Maurice မြင့်စော-ဒေါ်မီမီမြင့်တို့၏ညီမ၊ Frank မြင့်သိန်း-ဒေါ်မေမေသန်း၊ ဦးဝင်းမြင့်-Elizabeth ခင်သန်းလှ၊ (Bran စိုးညွန့်)-Patricia ခင်ခင်လေး၊ (ဦးမြင့်ထွေး)၊ Victor မြင့်ထူး-ဒေါ်အေးအေးဝင်း၊ ဦးတင်ဦးသိန်း-June တင်တင်လှိုင်တို့၏အစ်မသည် ၉-၃-၂၀၁၈ (သောကြာနေ့) ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် Fiona Stanley Hospital, Murdoch, Western Australia, Perth မြို့၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဇေယျာခေမာလမ်း၊ တေဇစက္ကိ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးရွှေတိုး အသက်(၆၀)

**လက်ထောက်ဦးစီးမှူး-လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန**

တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်နေ (ဦးအောင်မြင့်)-ဒေါ်တင်မြတို့၏ဒုတိယမြောက်သား၊ရန်ကုန်မြို့နေ ဦးမြင့်ဦး-ဒေါ်အေးအေးသန်းတို့၏ညီ၊ ဦးမျိုးမြင့်အောင်-ဒေါ်အေးအေးဝင်း(Air KBZ)၊ (ဦးစိုးဝင်း)-ဒေါ်ပြုံး၊ ဒေါ်လှလှထွေး(ရုံးအုပ်ကြီး-ခရိုင်သစ်တောဦးစီးဌာန)၊ ကိုခင်မောင်ထွေး၊ ကိုအောင်ကျော်ဦးတို့၏အစ်ကို၊ တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်၊ အမှတ်(၉/ ၃၄၅)နေ (ဒေါ်ဖြူဖြူခင်)၊ ဒေါ်ခင်ပြုံးရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ဇင် ဝင်း(ခ)ဂျိုကာ(ကမ္ဘောဇဘဏ်-၃)-ဒေါ်ဇင်မင်းသန့် (ကမ္ဘောဇဘဏ်-၁)၊ ဦးအောင်လင်းဖြိုး(ကမ္ဘောဇဘဏ်-၂)တို့၏မွေးသဖခင်ကျေးဇူးရှင်သည် ၁၁-၃-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ဝမ်ကောင်းရပ်၊ အမှတ် (၉/၃၄၅)နေအိမ်မှ မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၈ (စနေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တနာယက (မြို့နယ်ဩဝါဒါစရိယ)**

**သိက္ခာတော် (၄၇)ဝါ၊ သက်တော် (၆၈)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ လည်ငေါက်ကျေးရွာ၊ ရွှေစေတီကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနာယက(မြို့နယ်ဩဝါဒါစရိယ)သည် (၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်) ၆-၃-၂၀၁၈ ရက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်) ၁၇-၃-၂၀၁၈ (စနေနေ့)တွင် အန္တိမအဂ္ဂိစျာပန အခမ်းအနား ကျင်းပပူဇော်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ တပည့်သံဃာများ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ဆရာတော်ကြီး၏ တပည့်သံဃာတော်များနှင့်**
**တပည့်ဒါယကာ၊ ဒါယိကာမများ**
**ရွှေစေတီကျောင်းတိုက်**

---

### ဦးအောင်ကြည် (ဦးကစ္စာယန)

**ကန်တော့ခံဆရာ**

**သိက္ခာတော်(၁၁)ဝါ၊ သက်တော်(၇၆)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နေ (ပန်းထိမ်ဆရာကြီး ဦးထွန်းရ-ဒေါ်ဒေါ်မေ)တို့၏ သားသမက်၊ ဒေါ်ခင်နု၏ခင်ပွန်းသည် ၈-၃-၂၀၁၈ ရက် နံနက်တွင် ဧရာဝတီတိုင်းဒေသကြီးညောင်တုန်း၊ အင်းမရာ၊ အနတ္တဝတ်ကျောင်း တော်၌ ပျံလွန်တော်မူသွားပါသဖြင့် ၁၀-၃-၂၀၁၈ ရက်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဟသ်ာတအသင်း**

### ကိုအောင်ရဲမြတ် (၃၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် (၁၅/စီ)၊ ကမ္ဘောဇလမ်းနေ [ဦးရဲခေါင်(ဒုတိယဝန်ကြီးချုပ်-ငြိမ်း)]-ဒေါ်မိမိကြီးတို့၏မြေး၊ ဦးရဲမြတ်စိုး(A Bank၊ ဒုတိယဥက္ကဋ္ဌ)-ဒေါ်ဉမ္မာအောင်တို့၏သားကိုအောင်ရဲမြတ် (Horizon Telecom Co., Ltd) သည် ၁၀-၃-၂၀၁၈ (စနေနေ့) နံနက် ၇း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ/ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့၊ ဟသ်ာတအသင်း(ရန်ကုန်)

---

### ဝမ်းနည်းကြေကွဲခြင်း

**ဦးအုန်းမြင့်(ခ)ဦးတူး Y.E.S.B (ငြိမ်း)**

**အသက်(၈၁)နှစ်**

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းဝင်၊ သက်ကြီးကန်တော့ခံပုဂ္ဂိုလ်ဖြစ်သူ ဦးအုန်းမြင့်(ခ)ဦးတူးသည် ၉-၃-၂၀၁၈ (သောကြာနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာအောင်ခင်ဝင်း**

**အသက် (၇၅) နှစ်**

သူငယ်ချင်း ဗိုလ်မှူးဖြိုးဇော်အောင်နှင့် ဒေါ်စန္ဒာအောင်တို့၏ဖခင် ဒေါက်တာအောင်ခင်ဝင်းသည် ၁၁-၃-၂၀၁၈ရက် ည ၇နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် သူငယ်ချင်းမိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အန်ကယ်ကောင်းရာသုဂတိလားပါစေ။

**OTS - 102 ကျောင်းဆင်းအရာရှိများနှင့်**
**မိသားစုဝင်များ**

---

**မူးယစ်**
**ဆန့်ကျင်**
**အောင်ပွဲ**
**ဆင်**

---

## ဘုရား၊ ကျောင်း၊ ဓမ္မာရုံ၊ စာသင်ကျောင်း၊ လမ်း ဒါယိကာမကြီး

# ဒေါ်မြရင်(ဦးဂျမ်း-လုံချည်)

## အသက်(၈၇)နှစ်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ အမှတ် (အ-သ/၉)၊ သိမ်ကြီးရပ်နေ (ဦးဂျမ်း)၏ဇနီး၊ ဦးခင်မောင်ဦး-ဒေါ်သိန်းသိန်းဦး (ဦးဂျမ်းလုံချည်)၊ ဦးခင်မောင်အေး-ဒေါ်ခင်ဆွေသန်း (ရွှေမြင်းပျံအထည်စက်)၊ ဒေါ်ခင်ဝင်းဆွေ၊ ဒေါ်ခရေအောင်(ဦးဂျမ်းလုံချည်)၊ ဦးတင်မောင်စိုး-ဒေါ်ခင်ငွေမြင့် (ဦးဂျမ်းလုံချည်)တို့၏ မိခင်၊ မြေး ရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၂-၃-၂၀၁၈ ရက် မွန်းလွဲ ၁း၀၉ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့)၊ နံနက် ၁၀ နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

(ဦးဂျမ်း-လုံချည်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှရည်

### အသက် (၈၄)နှစ်

နတ်တလင်းမြို့နယ်၊တာပွန်မြို့၊တက်နေမင်းလမ်းနေ (ဦးစံမြ-ဒေါ်ဖွားသီ)တို့၏သမီး၊ (ဦးလွန်းမောင်-ဒေါ်အေးသင်)တို့၏ သမီးချွေးမ၊ (ဦးစိုးမြင့်)၏ဇနီး၊ ဗိုလ်မှူးအောင်ဇော်မြင့်(ငြိမ်း)-ဒေါ်ခင်မာချို၊ ဦးဇော်လင်းထွန်း (YCDC တိ/ကုဌာန)-ဒေါ်ဆွေမာမြင့်၊ (မောင်ကျော်လင်းမြင့်)တို့၏ ချစ်လှစွာသောမိခင်၊ မောင်မင်းဆက်အောင်၊ မောင်စိုးသီဟဇော်၊ မောင်ထက်ကိုကိုတို့၏အဘွား ဒေါ်လှရည်သည် ၁၃-၃-၂၀၁၈ ရက် ညနေ ၆း၁၅နာရီတွင် ရန်ကင်းမြို့နယ်၊ YCDC ဝန်ထမ်းအိမ်ရာ၊တိုက်(A-4)၊အခန်း(၂၀၃)နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅-၃-၂၀၁၈ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကင်း YCDC ဝင်းနေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)
သက်ကြီးကန်တော့ခံပုဂ္ဂိုလ်

## ဦးမြင့်သိန်း (ဆင်ဖြူကျွန်း)

ကာကွယ်ရေးဝန်ကြီးဌာန၊ ငွေစာရင်းရုံး(ငြိမ်း)

### အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၆၅)လမ်းတို၊ တိုက်(၇၁)၊ လေးလွှာ(စီ)နေ (ဦးဖိုးကြည်-ဒေါ်သိန်းညွန့်)တို့၏သားထွေး၊ ဒေါ်သန်းသန်းမြ (ဟိုတယ်ခရီး-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်းသည် ၁၂-၃-၂၀၁၈ (တနင်္လာနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့(ဆင်ဖြူကျွန်းအသင်း၊ ရန်ကုန်)

---

## ဒေါ်စမ်းစမ်းနွယ် (၈၂)နှစ်

စာရင်းကိုင်(ငြိမ်း)၊ စက်မှု(၁)ဝန်ကြီးဌာန

ရန်ကုန်မြို့၊ အမှတ်(၁၈၇)၊ (၂၈)လမ်း၊ (အထက်လမ်း)နေ (ဦးဟုတ်ဝမ်)၊ (ဒေါ်ကျင်မြိုင်)တို့၏ သမီး၊ ဦးကျော်မင်း၏ဇနီး၊ (ဦးခင်မောင်ဇော်)-ဒေါ်ငွေငွေတို့၏ညီမ၊ ဒေါက်တာကျော်ဝင်း (မြန်မာ့သမိုင်းအဖွဲ့)-ဒေါ်ခင်အေးတင့်တို့၏အစ်မ၊ ဒေါ်အေးအေးဝင်း၊ ဦးမိုးကျော်ဝင်း-ဒေါ်စမ်းစမ်းမြိုင်တို့၏အဒေါ်၊ မောင်ဝေယံမိုးကျော်၊ မောင်သော်ဇေယျာဝင်းတို့၏အဘွား ဒေါ်စမ်းစမ်းနွယ်သည် ၁၃-၃-၂၀၁၈ (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၁၈ (တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၀ နာရီထိ ကျားကူးကျောင်းရွှေတိဂုံ ဘုရားလမ်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ် ဒါယကာကြီး

## အရာခံဗိုလ် ဦးမြိုင်အောင်(ငြိမ်း) (၇၉)နှစ်

ပဲခူးမြို့၊ မင်္ဂလာသိပ္ပံဘုန်းကြီးကျောင်း၏ ဂေါပကဥက္ကဋ္ဌ
ခုတင် ၅၀၀ အရိုးကုတပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ အငူရွာနေ (ဦးပန်းရာ်-ဒေါ်စိန်မဖြူ)တို့၏ သားထွေး၊ ဦးတေဇာလင်း-ဒေါ်အိရွှေစင်၊ ဗိုလ်မှူးရဲနိုင်ဝင်း-ဒေါ်မြတ်သူဇာအောင်၊ ကိုထူးအောင်ပိုင်-ဒေါက်တာဆုစန္ဒီတို့၏ မွေးသဖခင်၊ မောင်သူရိန်ရဲနိုင်၊ မလင်းလတ်သဒ္ဓါ၊ မဆိုရာရဲနိုင်၊ မောင်ညဏ်ဘုန်းလင်း၊ မောင်ကောင်းသုတမင်းတို့၏ အဘိုး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၂/ခ)ရပ်ကွက်၊ ဘူတာသစ်လမ်း၊ အမှတ်(၄၇၇)နေ ဆရာမဒေါ်တင်တင်ကြည်(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၉-၃-၂၀၁၈ (သောကြာနေ့) နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၈ (ကြာသပတေးနေ့) နံနက်တွင် မင်္ဂလာဒုံမြို့နယ်၊ ဘူတာသစ်လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)

## မောင်ပြည့်ဖြိုးကျော် (ရွှေတောင်မြို့)

### အသက် (၃၃)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ(၂)လမ်းအနောက်၊ အမှတ်(၁၁၁၇)နေ ဦးကြည်သောင်း-ဒေါ်ခင်စောလုံတို့၏သား၊ မတင်တင်ခိုင်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၂-၃-၂၀၁၈ရက် ည ၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များလိုက်ပါပို့ဆောင်နိုင်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ကျောင်း၊ ဓမ္မာရုံ၊ စာသင်ကျောင်း၊ လမ်းဒါယိကာမကြီး

## ဒေါ်မြရင်(ဦးဂျမ်းလုံချည်)

### အသက် (၈၇) နှစ်

ကိုခင်မောင်ဦး၊ ကိုခင်မောင်အေး၊ မခင်ဝင်းဆွေ၊ မခရေအောင်၊ ကိုတင်မောင်စိုးတို့၏ကျေးဇူးရှင်မိခင်ကြီးသည် ၁၂-၃-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေကျားပျံ မရွှေဝါမိသားစု**
**ရန်ကုန်၊ တောင်ကြီး၊ မန္တလေး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ကျောင်း၊ ဓမ္မာရုံ၊ စာသင်ကျောင်း၊ လမ်း ဒါယိကာမကြီး

## ဒေါ်မြရင် (ဦးဂျမ်းလုံချည်)

### အသက် (၈၇) နှစ်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ အမှတ်(အ-သ/၉)၊ သိမ်ကြီးရပ်နေ (ဦးဂျမ်း)၏ဇနီး၊ ဦးခင်မောင်ဦး-ဒေါ်သိန်းသိန်းဦး(ဦးဂျမ်းလုံချည်)၊ ဦးခင်မောင်အေး-ဒေါ်ခင်ဆွေသန်း(ရွှေမြင်းပျံအထည်စက်)၊ ဒေါ်ခင်ဝင်းဆွေ၊ ဒေါ်ခရေအောင်(ဦးဂျမ်းလုံချည်)၊ ဦးတင်မောင်စိုး-ဒေါ်ခင်ငွေမြင့် (ဦးဂျမ်းလုံချည်)တို့၏ကျေးဇူးရှင်မိခင် ဒေါ်မြရင်(ဦးဂျမ်းလုံချည်)သည် ၁၂-၃-၂၀၁၈ ရက် မွန်းလွဲ ၁း၀၉ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ထူးမော်ကုမ္ပဏီနှင့် ရန်ကုန်တာယာစက်ရုံမိသားစု**

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

## ဦးကြီးမြင့်(အထက်တန်းရှေ့နေ) (၇၈)နှစ်

အထက(၁) တ/ဥ၊ အထက(၄) တ/ဥ၊
အင်းစိန် အထက(၁) ကျောင်းဆရာ (ငြိမ်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်အထက်(၁၂)လမ်း၊ အမှတ်(၄၃၆)နေ ဒေါ်လှကြည် (မော်-စာပေ)၏ ခင်ပွန်း၊ ဒေါ်မြင့်မြင့်မော် (အထက်တန်းရှေ့နေ)၊ (ဦးညွန့်လွင်)-ဒေါ်သင်းသင်းမော်(အထက်တန်းပြ၊ ပုဇွန်တောင်၊ အထက-၃)၊ ကမာရွတ်မြို့နယ်၊ သထုံလမ်း၊ တိုက် (၆/၁)နေ ဒေါက်တာကျော်မင်း (ဘူမိဗေဒဌာန၊ ပါမောက္ခ၊ ဌာနမှူး၊ ပြည်တက္ကသိုလ်)-ဒေါက်တာ ကြည်ကြည်မော်(ဘူမိဗေဒဌာန၊ ပါမောက္ခ၊ ဌာနမှူး၊ ဒဂုံတက္ကသိုလ်)တို့၏ကျေးဇူးရှင်ဖခင်၊ မောင်သုဝဏ်သာ(နောက်ဆုံးနှစ်၊ ဂုဏ်ထူးတန်း၊ ဘူမိဗေဒ)၊ မောင်သုဝဏ်ထက်(နဝမတန်း၊ ကမာရွတ် TTC)တို့၏ ချစ်လှစွာသောအဘိုးသည် ၁၀-၃-၂၀၁၈(စနေနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ တောင်ဥက္ကလာပမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစိန်ရွှေ(ခ)လင်(မ်)စင်ရွှေ (၇၈)နှစ်

စိန်ရွှေအပ်ချုပ်ဆိုင်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ အမှတ်(၄၇)၊ ပြည်ထောင်စုလမ်းနေ ဒေါ်အေးအေးမြင့်(ခ)ဒေါ်ချန်စူကွမ်၏ ခင်ပွန်း၊ ဦးသက်လွင်-ဒေါ်ခင်မာကြူ၊ ဦးမြင့်ဆွေ(ခ)Michael Lin-Dimple Hu၊ ဒေါ်ဝင်းဝင်းမာ-ဦးချိုတို့၏မွေးသဖခင်၊ မောင်စိုးထက်ဟန်၊ မောင်ဥက္ကာမင်း၊ Spencer Lin၊ မောင်သီဟန်၊ မောင်မျိုးသက်ကိုတို့၏အဘိုး ဦးစိန်ရွှေ(ခ)လင်(မ်)စင်ရွှေသည် ၁၃-၃-၂၀၁၈ရက် နံနက် ၅နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၁၈ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးတင်မြ (၇၅)နှစ်

ခရမ်းမြို့နေ (ဦးမောင်သစ်-ဒေါ်ဖွားသင်)တို့၏ သား၊ (ဦးခင်လှ-ဒေါ်သန်းစိန်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကံသာယာလမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ အမှတ်(၄၂)နေ ဒေါ်ရင်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ကိုကို-ဒေါ်မြတ်မြတ်နိုင်၊ ဦးဇော်ထွန်း-ဒေါ်ခင်စံပယ်အောင်တို့၏ မွေးသဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁၃-၃-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၁၈ (တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသိန်းဝင်း(ခ)ဦးသိန်းနိုင်

ခလရ - ၉၀ (ငြိမ်း)

### အသက် (၆၈) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ရှမ်းစု(၂)လမ်း၊ အမှတ်(၂၇)နေ (ဦးမောင်မောင်-ဒေါ်အုန်းစိန်)တို့၏သား၊ ဦးလှရှိန်(သာစုမြေ ဘုန်းရှိန်)-(ဒေါ်ခင်ဝင်းကြည်)တို့၏ သားသမက်၊ (ဦးတင်လှ-ဒေါ်တင်သန်း)၊ (ဦးအောင်တင်-ဒေါ်သောင်းကြည်)၊ (ဦးတင်စိုး)-ဒေါ်ကြည်ကြည်စိန်၊ ဦးတင်မြင့်-(ဒေါ်တင်အောင်)၊ ဦးလှအောင်-ဒေါ်တင်ကြူတို့၏ ညီ/မောင်၊ ဒေါ်အေးအေးမွန်(အေးရောမွန်-သချာ၊ အမက-၃၀၊ လှိုင်)၏ ချစ်လှစွာသောခင်ပွန်း၊ မငြိမ်းချမ်းပြည့်သာ(အထက-၄၊ လှိုင်)၏ ဖခင်သည် ၁၂-၃-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာစိုးလွင်(ဝါးခယ်မ)

### အသက် (၆၆) နှစ်

**B.D.S (8th Batch)**

ရန်ကုန်မြို့နေ (ဦးညွန့်တင်-ဒေါ်စောမြင့်)တို့၏ သားကြီး၊ ဦးခင်ဇော်-ဒေါ်စမ်းစမ်းမြင့်၊ ဦးမြင့်စိုး-ဒေါ်မော်မော်ဝင်း၊ ဦးသန့်စင်-ဒေါ်စမ်းစမ်းနွယ်တို့၏ အစ်ကိုကြီး၊ ဒေါ်သင်ဇာစိုး (Jewellery Luck Co., Ltd)၊ ဦးဇင်ဘိုဘိုစိုး(Prime Residence Co.,Ltd)-ဒေါ်ဒါလီမြင့်ဆွေတို့၏ကျေးဇူးရှင်ဖခင်၊ မြေးလေးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၂-၃-၂၀၁၈ ရက် ည ၇း၄၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် သန်လျင်မြို့၊ အမိုးနီသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် တိုက်(၄/ဒီ)၊ အခန်း(၃၀၄)၊ ဒဂုံလွင်လမ်း၊ မေတ္တာညွန့်၊ တာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးဝင်းနိုင် (၅၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး

တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၉၂)နေ ဒေါ်စန်းယဉ်၏တူသား၊ ဦးအောင်ဝင်း-(ဒေါ်စန်းတင့်)တို့၏သားကြီး၊ (ဦးနေဝင်း-ဒေါ်လှကြည်)တို့၏ သားသမက်၊ ဒေါ်မိမိခိုင်၊ ဦးငွေစိုး-ဒေါ်စန္ဒာခင်တို့၏ အစ်ကိုကြီး၊ ဗိုလ်ကြီးဖြိုးဝေမင်း (ပြည်သူ့ကျန်းမာရေးပါရဂူ)၊ မောင်အာကာကျော်တို့၏ဖခင် ဒေါ်သီတာဝင်း၏ ခင်ပွန်းသည် ၁၂-၃-၂၀၁၈ (တနင်္လာနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ် ၉၂၊ ၆ လမ်း၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်မှ ကားများ နံနက် ၉း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၈ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးထွန်းနိုင်လတ်

### အသက် (၅၂) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကွမ်းရွဲတန်းလမ်း၊ အမှတ် (၆၈)နေ ဦးတင်လတ် - ဒေါ်တင်စိန်တို့၏ သားလတ်၊ ဒေါ်လွင်လွင်ဦး၏ခင်ပွန်း၊ မချောခင်ခင်၏ဖခင်၊ [ဦးရဲနိုင်လတ် (C/E)]-ဒေါက်တာဒေါ်ကြည်ကြည်မြင့်၊ ဦးမိုးကျော်စိုး-ဒေါ်ခင်မျိုးလတ်(ခေတ္တ-အင်္ဂလန်နိုင်ငံ)တို့၏ ညီ/မောင်၊ Capt: ဦးထိန်ဝင်းလတ် (LIZSTAR SHIPPING CO.,LTD)-ဒေါ်ဝင်းမမလွင်တို့၏ အစ်ကိုသည် ၁၂-၃-၂၀၁၈ (တနင်္လာနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အနိစ္စ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ထား

### အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၂)၊ (၁၁၀)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးအောင်ကွန်း-ဒေါ်လှရင်)တို့၏သမီး၊ (ဦးစံရွှေ)၏ ဇနီး၊ ဦးသီဟ (Bernhard Schulte Co.,)-ဒေါ်နီလာသိန်း၊ ဦးစိုးမြင့် (Bernhard Schulte Co.,)-ဒေါ်သီတာအေး၊ ဦးအောင်သူရ(Bernhard Schulte Co.,)-ဒေါ်မြမြမိုးတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မလင်းလက်သီရိ၊ မောင်ပိုင်စစ်မှူးခန့်၊ မမျက်သွယ်စိုး၊ မောင်ညီထွဋ်၊ မောင်ဟိန်းဆက်အောင်၊ မောင်ခန့်ပိုင်ဟိန်းတို့၏ချစ်လှစွာသောအဘွားသည် ၁၂-၃-၂၀၁၈ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၈(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးထွန်းဦး(ကော့သောင်းမြို့)

### အသက် (၆၂) နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၇၉)၊ အခန်း(၅/က)၊ ခိုင်ရွှေဝါ(ဗဟိုလမ်း)၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ (ဦးတင်စိန်-ဒေါ်လှရီ)တို့၏သား၊ (ဦးချစ်ရွှေ-ဒေါ်တင်)တို့၏သားသမက်၊ ဒေါ်အေးမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအေးမင်း-ဒေါ်လှိုင်တို့၏အစ်ကို၊ ကိုအောင်သိုက်ဦး-မချိုချိုလင်း၊ ကိုအောင်မျိုးသိန်း-မယဉ်ယဉ်အေး၊ ကိုဘိုဘိုအောင်-မပွင့်မာလာထွန်း၊ ကိုမင်းမင်းသူ-မနွယ်နီစိုးတို့၏ မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး ဦးထွန်းဦးသည် ၁၃-၃-၂၀၁၈ (အင်္ဂါနေ့) နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၁၈ (တနင်္လာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## မောင်ဇင်လင်းထွဋ်(ခ)ကိုဇင်

**(1st year Mechanical GTI Laputta)**

### အသက်(၁၇)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (က-၄) လမ်း၊ အမှတ် (၂၆၄)နေ (ဦးစောကြည်မောင်)-ဒေါ်အုန်းမေ၊ မြို့သစ်(က+ခ) ရပ်ကွက်၊ (ခ/၁၀) လမ်း၊ အမှတ်(၇၇၈)နေ (ဦးသိန်းမြင့်)-ဒေါ်မြသိန်းတို့၏မြေး၊ ဒေါ်သီတာဝင်း (GTI)နည်းပြ(ငြိမ်း)၊ ဒေါ်ခင်နှင်းထွဋ်၊ (ဒုတိယညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်)၊ ဒေါ်တင်လင်းထွဋ် (အလယ်တန်းပြ အထက-၄၊ အင်းစိန်)၊ ဦးထွန်းထွန်းဝင်း-ဒေါ်ဇာဇာအောင်(မဇာအထည်ဆိုင်)၊ ဒေါ်ဇင်မာသက်(ဂရိတ်ဝေါ ဆေးဝါးထုတ်လုပ်ရေး)၊ ဦးငြိမ်းချမ်းလင်း (Singapore)-ဒေါ်ခင်နှင်းဝေတို့၏ တူ၊ မောင်အောင်လင်းခန့်သာ၊ မောင်စွမ်းလပြည့်လင်းတို့၏အစ်ကို၊ ဦးအောင်မျိုးထွဋ် (MPG International Co., Ltd.) (Production Manager)-ဒေါ်မာမာဦး (တောင်ထိပ်ပန်းဆေးဆိုင်)တို့၏ချစ်လှစွာသောသား၊ မနှင်းထက်အောင် (ဆဋ္ဌမတန်း-အထက-၂ အင်းစိန်)၏ ချစ်လှစွာသောအစ်ကိုသည် ၁၂-၃-၂၀၁၈ (တနင်္လာနေ့) ညနေ ၆နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ အမှတ် (၇၇၈)၊ (ခ/၁၀) လမ်းနေ (ဦးသိန်းမြင့်)-ဒေါ်မြသိန်းတို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဦးဥတ္တရ (ဗိုလ်ကြီးခင်အောင်-ငြိမ်း)

မိုးလည်တောရ ဓမ္မရိပ်သာ ပဲခူး ၁၀ မိုင်ကုန်း
ဗိုလ်သင်တန်းအပတ်စဉ်-၁၄၊ ဆိပ်ကမ်းမြို့နယ်တရားသူကြီးဥက္ကဋ္ဌဟောင်း

### သိက္ခာတော်(၁၄)ဝါ၊ သက်တော်(၈၈)နှစ်

ရန်ကုန်မြို့နေ (ဒေါ်တင်အေး)၏ ခင်ပွန်း၊ ဒေါ်ချိုချိုအောင်၊ ဦးရဲမင်း-ဒေါ်မိုးသူအောင်၊ ဦးသန့်စင်ကို(မန်နေဂျာ၊ ရွှေမဲကုမ္ပဏီ)၊ ဒေါ်မိုးဆွေအောင် (အထက-၂၊ ရန်ကင်း)၊ (ဦးမိုးကျော်အောင်)၊ ဦးဖြိုးအောင်ချို-ဒေါ်မိုးမော်မော်အောင်၊ ဦးဇော်ထွဋ်ထွဋ်သွင်- ဒေါ်မိုးကြည်သာအောင်တို့၏ဖခင်၊ မောင်ရဲဟိန်းအောင်-မခင်စန်းမော်၊ မောင်ရဲစစ်အောင်၊ မဖြူစင်မိုးကြယ်၊ မလဲ့ရည်မိုးပွင့်၊ မောင်မိုးယံထွဋ်သွင်၊ မောင်မိုးသော်ဖြိုး၊ မောင်သွင်ထက်ဖြိုး၊ မြေးခြောက်ယောက်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ အဘေးသည် ၁၃-၃-၂၀၁၈ ရက် ၀၀း၃၂နာရီတွင် သုခကမ္ဘာဆေးရုံ၌ ပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၅-၃-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ညွန့်

လ/ထ စက်ရုံမှူး(ဘဏ္ဍာရေး-ငြိမ်း) ရေနံ-သန်လျင်

### အသက်(၇၆)နှစ်

သရက်မြို့နေ (ဦးမာန-ဒေါ်လှကျင်)တို့၏ သား၊ သန်လျင်မြို့၊ ထန်းပင်ကုန်း (၅)လမ်း၊ အမှတ်(၃)နေ ဒေါ်တင်တင်ခွဲ၏ ခင်ပွန်းသည် ၁၃-၃-၂၀၁၈ (အင်္ဂါနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် အမိုးနီသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နီနီ (၇၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ တိုက် (၁၂၀၂)၊ တတိယထပ်(ညာ)နေ (ဦးလတ်-ဒေါ်မိမိကြီး)တို့၏သမီး၊ (ဦးထွန်းကြည်-ဒေါ်စိုးကြည်)တို့၏ သမီးချွေးမ၊ ဦးမြင့်စိန်၏ဇနီး၊ ဦးကျော်ငွေ-ဒေါ်ကေသွယ်မြင့်၊ ဦးမင်းသိန်းအောင်-ဒေါ်တင်ဇာလွင်၊ ဦးအေးချမ်းအောင်တို့၏မိခင်၊ မောင်ရန်နိုင်မင်းခန့်၏အဘွား ဒေါ်နီနီသည် ၁၃-၃-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ် ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးဒိန်ရအဖုန် (၇၃)နှစ်

(ဦးဒိန်ရတန်-ဒေါ်ဘန်ထွယ်)တို့၏သားကြီး၊ (ဦးဒီနောင်ပါ)-ဒေါ်မြဝင်းထွန်း၊ ဒေါ်ဒီနင်ဆင်း-(ဦးမြင့်ဆွေ)၊ ဒေါ်ဒီအချန်၊ ဦးဒီအလ-ဒေါ်လုပါ၊ ဦးဒီတူးခေါင်-ဒေါ်ဒီချန်ဘိုင်း၊ ဦးဒီတန်ဂွန်း-ဒေါ်မဒန်ဒေါင်နန်းတို့၏အစ်ကိုကြီး၊ ဒေါ်ဖေါင်ယမ်ရွယ်ဒင့်၏ခင်ပွန်း၊ ကိုဖုန်ဆိုင်း-မဆွမ်လွတ်ဘန်ဆိုင်း၊ မောင်ထင်နားလတ်၊ မနန်ထွယ်တို့၏ဖခင် ဦးဒိန်ရအဖုန်သည် ၁၂-၃-၂၀၁၈ (တနင်္လာနေ့) ညနေ ၅း၅၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅-၃-၂၀၁၈(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် အမှတ် (၁၁၃)၊ ရှမ်းစုတောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့နေအိမ်၌ ဆုတောင်းဝတ်ပြုပြီး နောင်နန်း၊ ဝမ်ပေါင်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများကို အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်သန်း (၇၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊ ပန်းလှိုင်(၂)လမ်း၊ အမှတ်(၅၅)နေ (ဦးသန်းမောင်)-ဒေါ်အေးမြင့်တို့၏သမီးကြီး၊ (ဦးထွန်းရင်-ဒေါ်သိန်းမြ)တို့၏သမီးချွေးမ၊ ဦးတင်လှ၏ ချစ်လှစွာသောဇနီး၊ ဦးစိန်ထွန်း-ဒေါ်ခင်သောင်း၊ ဦးသောင်းထွန်း-ဒေါ်ဝင်းဝင်းအေး၊ ဦးစိုးလှိုင်-ဒေါ်မြသွင်၊ ဦးအောင်နိုင်-ဒေါ်ကိုင်းကြည်၊ ဦးကျော်ဟိန်း၊ ဦးကျော်သူ-ဒေါ်မိုးမိုးလွင်၊ (ဦးကျော်ကျော်ထွေး)၊ ဒေါ်နီလာတို့၏အစ်မကြီး၊ (ကိုမျိုးမင်းအောင်)-မနွယ်နီစိုး၊ ကိုစိုးဝင်း-မအေးအေးအောင်၊ ကိုအောင်မင်းသူ-ဒေါ်အေးမြစန္ဒာတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မနန္ဒာဦးဝေ၊ မောင်အောင်ခန့်ကျော်၊ မောင်စံဘုန်းထိုက်၊ မြေးသုံးယောက်တို့၏ ကျေးဇူးရှင်အဘွားသည် ၁၂-၃-၂၀၁၈(တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၈(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ကိုအောင်ရဲမြတ် (၃၄)နှစ်

**Horizon Telecom International Co.,Ltd.**
**(Chief Representative Officer)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ (၁၅/စီ)၊ ကမ္ဘောဇလမ်းနေ [ဦးရဲခေါင် (ဒုတိယဝန်ကြီးချုပ်-ငြိမ်း)]-ဒေါ်မိမိကြီး၊ (ဦးညွန့်အောင်-ဒေါ်မြင့်မြင့်)တို့၏ မြေး၊ ဦးရဲမြတ်စိုး(A bank၊ ဒုတိယဥက္ကဋ္ဌ)-ဒေါ်ဥမ္မာအောင်တို့၏ သားကြီး၊ မောင်ထက်ဘုန်းမြတ်(မြို့ပြအင်ဂျင်နီယာ)၊ မခြူးခင်ခင် (သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ဒုတိယနှစ်)တို့၏ အစ်ကိုကြီးသည် ၁၀-၃-၂၀၁၈(စနေနေ့) နံနက် ၇း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## မောင်ပြည့်ဖြိုးကျော်(ရွှေတောင်မြို့) (၃၃)နှစ်

အထက်တန်းရှေ့နေ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ(၂)လမ်းအနောက်၊ အမှတ်(၁၁၁၇)နေ ဦးကြည်သောင်း-ဒေါ်ခင်စောလုံတို့၏သား၊ အရှေ့ဒဂုံမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဗညားဦး(၁)လမ်း၊ အမှတ်(၄၉၂/ခ)နေ (ဦးတင်အောင်)-ဒေါ်အေးအေးကြည်တို့၏သားသမက်၊ ကိုသိန်းထွန်း (Olympic Hotel)-မသဲစုလှိုင်၊ ကိုစိုးညွန့်-မဝတ်ရည်ခိုင်၊ ကိုမြတ်မိုးဦး-မစန္ဒာအောင်တို့၏ မောင်၊ မမြင့်မိုရ်ကြည်မင်း၏အစ်ကို၊ မတင်တင်ခိုင် (Super Power Co.,Ltd)၏ ချစ်လှစွာသောခင်ပွန်း မောင်ပြည့်ဖြိုးကျော်သည် ၁၂-၃-၂၀၁၈ (တနင်္လာနေ့) ည ၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုဌာန၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ(၂)လမ်းအနောက်၊ အမှတ်(၁၁၁၇)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မောင်တောဒေသ၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် နှစ်နှစ်အောက်ကလေးငယ်များအား ထောက်ပံ့ငွေပေးအပ်



မောင်တောဒေသရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် နှစ်နှစ်အောက်ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးအပ်စဉ်။

**မောင်တော မတ် ၁၃**

မောင်တောဒေသ လူထုအခြေပြု ကိုယ်ဝန်ဆောင်မိခင်နှင့် ငါးနှစ်အောက်ကလေးငယ်များအတွက် အာဟာရဖွံ့ဖြိုးရေးလုပ်ရှားမှုနှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် နှစ်နှစ်အောက်ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မောင်တောမြို့နယ် မောရဝတီကျေးရွာ၊ ရွှေဇားကျေးရွာနှင့် မောင်တောမြို့ အမှတ်(၂) ဟိန္ဒူကယ်ဆယ်ရေးစခန်းတို့၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးနှင့် တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်များအား ခြောက်လစာအတွက် တစ်ဦးလျှင် ထောက်ပံ့ကြေးငွေကျပ် ၉၀၀၀၀ နှုန်းဖြင့် ၁၂၂ ဦးအား ပေးအပ်ခဲ့သည်။

"မောင်တောမြို့နယ်မှာရှိတဲ့ ကျေးရွာတွေအထိ ကွင်းဆင်းပြီး ကိုယ်ဝန်ဆောင် မိခင်တွေနဲ့ အသက်ငါးနှစ်အောက်ကလေးတွေအတွက် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကျန်းမာရေးဝန်ထမ်းတွေက လုပ်ဆောင်ပေးနေတာကို ကူညီပံ့ပိုးဖို့အတွက် လာရောက်တာဖြစ်ပါတယ်၊ မောရဝတီ၊ ရွှေဇားကျေးရွာတွေမှာ အာဟာရဖွံ့ဖြိုးဖို့ ကျွန်တော်တို့ကျန်းမာရေးဝန်ထမ်းတွေ အမြဲမပြတ်လုပ်ဆောင်နေတာဖြစ်ပါတယ်၊ ကလေးငယ်တွေကို အာဟာရဖွံ့ဖြိုးမှု ဆန်းစစ်တဲ့အနေနဲ့ ပုံမှန် အရပ်တိုင်းပါတယ်၊ ကလေးတွေရဲ့ အသက်အရွယ်အလိုက် ရောက်သင့်တဲ့အရပ် အမြင့်၊ အသက်အရွယ်အလိုက် ခန္ဓာကိုယ်ကြီးထွားမှုတွေကို ဆန်းစစ်ပါတယ်၊ ပြီးရင် အာဟာရချို့တဲ့မှု ရှိ၊ မရှိဆိုတာကိုတော့ လက်မောင်းရဲ့အလယ်မှာ အရောင်သုံးမျိုးနဲ့ သတ်မှတ်ထားပါတယ်၊ အစိမ်းရောင်ဆိုရင် အာဟာရဖွံ့ဖြိုးမှုကောင်းတယ်၊ အဝါရောင်ဆိုရင် အာဟာရဖွံ့ဖြိုးမှုနည်းတယ်၊ ဒါကြောင့် ပြုစုစောင့်ရှောက်ဖို့လိုတယ်၊ အနီရောင်ဆိုရင်တော့ အာဟာရချို့တဲ့တဲ့ ကလေးတွေအဖြစ် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✪

## မြန်မာ့လက်ရွေးစင်အသင်း အာရှဖလားခြေစစ်ပွဲအတွက် ၂၃ ဦး အပြီးသတ်ရွေးချယ်

**ရန်ကုန် မတ် ၁၃**

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလအတွင်း ယှဉ်ပြိုင်ရမည့် ၂၀၁၉ အာရှဖလားခြေစစ်ပွဲ လက်ကျန်ပွဲများအတွက် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ ဦးကြည်လွင်နှင့် ဦးဇော်ဝင်းထွန်း၊ ကြံ့ခိုင်ရေးနည်းပြ ပိုပေါ့စကီး၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ ဂိုးသမား ကျော်ဇင်ထက်၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ သီဟစည်သူ (ရှမ်းယူနိုက်တက်)၊ နောက်တန်း ဒေးဗစ်ဒန်း၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❍

## ဒေသရင်းဖွား မျိုးစိတ် တိုက်လိပ် ၃၀ ကို ချင်းတွင်းမြစ်အထက်ပိုင်း၌ ပြန်လွှတ်

**ခန္တီး မတ် ၁၃**



စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ချင်းတွင်းမြစ်အထက်ပိုင်းတွင် မြန်မာနိုင်ငံ၏ ဒေသရင်းဖွားမျိုးစိတ်ဖြစ်သော တိုက်လိပ် ၃၀ ကို ညင်သာစွာ စေလွှတ်ခြင်းအစီအစဉ်ဖြင့် ပြန်လွှတ်ခဲ့သည်။

ချင်းတွင်းမြစ်ထဲကို အပြီးမလွှတ်မီ ယင်းမြစ်ထဲတွင် ဆောက်လုပ်ထားသော ခြံထဲတွင် ညင်သာစွာစေလွှတ်ခြင်း အစီအစဉ်ဖြင့် နှစ်လ လွှတ်ထားမည် ဖြစ်ပါသည်။ ယင်းနောက် စက်တပ်ဆင်ထားသော (Telemetry) အဆိုပါတိုက်လိပ်များကို မြစ်ထဲသို့ လွှတ်မည်ဖြစ်သည်။

တိုက်လိပ်များ ထိန်းသိမ်းစောင့်ရှောက်ရေးကို သစ်တောဦးစီးဌာနနှင့်အတူ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)၊ လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့ (TSA)တို့ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

သဘာဝထဲသို့ တိုက်လိပ်များ ပြန်လွှတ်ခြင်းကို ၂၀၀၇ ခုနှစ်တွင် ၁၀ ကောင်၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖

